# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၅) ရက် ၊ ကြာသပတေးနေ့ ၊ (9-2-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၈၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သမိုင်းဝင်မဟာမကုဋ္ဌရံသီ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို ရင်ပြင်တော်တိုးချဲ့ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်၌ လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာအုပ်စုရှိ သမိုင်းဝင်မဟာမကုဋ္ဌရံသီ ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။ **စာမျက်နှာ ၁၆ ကော်လံ ၁ ☞**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သမိုင်းဝင်မဟာမကုဋ္ဌရံသီ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်၏ ရင်ပြင်တော်တိုးချဲ့ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်နေမှုမှတ်တမ်းဓာတ်ပုံနှင့် ပုံစံငယ်ပြုလုပ်ထားရှိမှုကို ကြည့်ရှုစဉ်။**




ရတနာပုံ
၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်
အယ်ဒီတာ့အာဘော်

## ငါး၊ ပုစွန်မွေးမြူရေးအောင်မြင်စေရန် လူသားအရင်းအမြစ်များမွေးထုတ်

မြန်မာနိုင်ငံသည် မြစ်ချောင်းအင်းအိုင်ပေါများပြီး ပင်လယ်ကမ်းရိုးတန်းရှည်လျားစွာ ပိုင်ဆိုင်ထားကာ ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့်နေရာများရှိခြင်းကြောင့် ငါးမွေးမြူရေးနှင့်ပတ်သက်၍ သိပ္ပံကျောင်းဖွင့်လှစ်နိုင်ခဲ့သည်။ ပညာသင်ကြားမှုများအပေါ် မူတည်၍ ယခု မွေးမြူရေးသိပ္ပံကျောင်းကို ကောလိပ်အဆင့်သို့ မြှင့်တင်ပေးပြီး နိုင်ငံအတွက်လိုအပ်သည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးမည်ဖြစ်ပေသည်။

**“ငါးနှင့်ပုစွန် မွေးမြူရေးအောင်မြင်ရန်အတွက် လူသားအရင်းအမြစ်ကောင်းများ များစွာလိုအပ်ပြီး ယခုကျောင်းမှတစ်ဆင့် ပညာရှင်များပေါ်ထွန်းလာမည်ဖြစ်သဖြင့် ဂုဏ်ယူပါကြောင်း၊ အဆင့်မြင့်ပညာရပ်များကို ဆက်လက်သင်ကြားနိုင်ရန်အတွက် သိပ္ပံကျောင်းမှတစ်ဆင့် တက္ကသိုလ်နှင့် ကောလိပ်များကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်း ခရိုင် ၅၀ ရှိ အထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ နည်းပညာနှင့် စက်မှုသင်တန်းများကို လာမည့်ပညာသင်နှစ်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနှင့် နည်းပညာဘာသာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါသင်တန်းကျောင်းများမှ ထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ကြားနိုင်မည်ဖြစ်ကြောင်း၊”** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တွံတေးမြို့နယ် ရွှေမုယင်းဒေသအတွင်း ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ငါးလုပ်ငန်းသိပ္ပံ(တွံတေး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ၌ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယခု ငါးလုပ်ငန်းသိပ္ပံ(တွံတေး)တွင် ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများအမှန်တကယ်တတ်မြောက်စေရေးအတွက် စနစ်တကျဖြင့် သင်ကြားလေ့ကျင့်မည်ဆိုပါက များစွာအကျိုးရှိစေမည်ဖြစ်ပြီး သင်တန်းပြီးဆုံးသည့်အချိန်တွင်လည်း သင်ကြားခဲ့သည့် ဘာသာရပ်များနှင့် လျော်ညီသည့်လုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ လူမှန်၊ နေရာမှန်ရှိမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုမည်ဖြစ်ပေသည်။

ငါးလုပ်ငန်းသည်လည်း မြန်မာနိုင်ငံ၏ စီးပွားရေးကို အဓိကအထောက်အကူပြုလျက်ရှိသကဲ့သို့ နိုင်ငံတော်အသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) တိုးတက်ရေးအတွက်လည်း အထောက်အကူပြုလျက်ရှိသည်။ ထို့ပြင် နိုင်ငံအတွင်းရှိ ပြည်သူများ အသားဓာတ် ငါးစားသုံးရခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ရရှိစေသည်။ ထို့ကြောင့် ရေလုပ်ငန်းမှ နိုင်ငံတော်အသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) တိုးတက်ရေးအတွက် ရေချို၊ ရေငန်၊ ငါး၊ ပုစွန်များနှင့် အခြားရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အစားအစာဘေးကင်းလုံခြုံရေးနှင့် တန်ဖိုးမြင့်ထုတ်ကုန်များကို ပိုမိုထုတ်လုပ်နိုင်ရေးအတွက် နည်းပညာများ ပံ့ပိုးကူညီမှုနှင့် ပြည်တွင်းစားသုံးမှုဖူလုံရေးအပြင် ပြည်ပတင်ပို့မှုတိုးမြှင့်နိုင်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနက ရေထွက်ကုန်ပစ္စည်းများ တစ်နှစ်ထက်တစ်နှစ် တိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ငါးလုပ်ငန်းနည်းပညာဆိုင်ရာများတိုးတက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးအတွက် ငါးလုပ်ငန်းသိပ္ပံ(တွံတေး)ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ငါးလုပ်ငန်းနှင့်ပတ်သက်သည့် ပထမဦးဆုံးသော ငါးလုပ်ငန်းသိပ္ပံတစ်ခုဖြစ်ပြီး ငါး၊ ပုစွန်မွေးမြူရေးအောင်မြင်စေရန်အတွက် လူသားအရင်းအမြစ်များ မွေးထုတ်ပေးသွားမည့်နေရာတစ်ခုလည်းဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးတိုင်းဒေသကြီး Incubation Center တွင် MSME လုပ်ငန်းများအတွက် အကြံဉာဏ်တောင်းခံမှုများရှိနေ



**မန္တလေး ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး Incubation Center တွင် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများအတွက် အကြံဉာဏ်တောင်းခံမှုများ ရှိနေကြောင်း မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးထွဋ်ဆွေက ပြောပြ၍ သိရသည်။

တိုင်းဒေသကြီးအတွင်း စက်မှုလုပ်ငန်းရှင်များက ကျွမ်းကျင်ပညာရှင်များထံ နည်းပညာနှင့် အကြံဉာဏ်များ တောင်းခံဆွေးနွေးနိုင်သည့် Incubation Center ကို မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် ဖွင့်လှစ်ထားရှိပြီး ဆောင်ရွက်ပေးနေကြောင်း၊ ထိုသို့ဆောင်ရွက်ပေးရာတွင် လက်ရှိအချိန်ထိ အကြံဉာဏ် တောင်းခံသူဦးရေ ၂၀ ရှိကြောင်း သိရသည်။

“စက်မှုလုပ်ငန်းရှင်တွေက အကြံဉာဏ်တောင်းခံတာတွေရှိပါတယ်။ MSME လုပ်ငန်းတွေအတွက် အကြံပေးဝန်ဆောင်မှု လုပ်ပေးထားတာရှိတယ်။ ကျွန်တော်တို့ဌာနအတွင်းမှာပဲ ၂၀၂၀ ပြည့်နှစ်ကစပြီး Center တစ်ခုအနေနဲ့ဖွင့်ပေးထားပြီး လုပ်ငန်းရှင်တွေအတွက် ဆောင်ရွက်ပေးနေတာပါ။ လုပ်ငန်းလည်ပတ်နေရင်းနဲ့ လုပ်ငန်းအခက်အခဲရှိတဲ့ လုပ်ငန်းရှင်တွေက လာရောက်မေးမြန်းတာတွေရှိပါတယ်။ လုပ်ငန်းမှာဘာလုပ်ရမှန်းမသိဖြစ်နေတဲ့ ပြဿနာတွေကို မေးတာရှိတယ်။ ဌာနနဲ့ ညှိနှိုင်းဆွေးနွေးပြီးတော့ ဖြေရှင်းဖို့နည်းလမ်းတောင်းပါတယ်။ အဲဒါမျိုးဆိုရင် ဌာနကနေပြီးတော့ နှီးနွှယ်တဲ့ပညာရှင်ကို လိုက်ရှာပေးပါတယ်။ ပညာရှင်တွေ့ပြီဆိုရင် အဲဒီပညာရှင်ကို အကြံပေးဆောင်ရွက်ပေးပါဆိုပြီးကမ်းလှမ်းပေးပါတယ်။ ပညာရှင်ဘက်က သူအားတဲ့ရက် ပေးပြီဆိုရင် ဝန်ဆောင်မှုပေးတဲ့အခန်းမှာ ပညာရှင်ကော လုပ်ငန်းရှင်ပါ တွေ့ဆုံပေးပြီးတော့ လုပ်ငန်းမှာ အခက်အခဲရှိနေတဲ့ ပြဿနာတွေကို အပြန်အလှန် ဆွေးနွေးကြပါတယ်။ MSME လုပ်ငန်းရှင်တွေကလဲ ဒီလိုဝန်ဆောင်မှုကို ရယူပြီးတော့ ဖြေရှင်းရမယ်ဆိုတာကို သိရှိမှုနည်းသေးပါတယ်”ဟု ဦးမျိုးထွဋ်ဆွေက ပြောပြသည်။

အဆိုပါ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် World Bank တို့ပူးပေါင်း၍ MSME များ ဖွံ့ဖြိုးတိုးတက်စေရန် ပြည်တွင်းရှိ စီးပွားရေးနယ်ပယ်များမှ ကျွမ်းကျင်ပညာရှင်များက ထုတ်လုပ်မှုပိုင်း၊ Packaging ပိုင်း၊ Financial ပိုင်း၊ Marketing ပိုင်း၊ Management ပိုင်းဆိုင်ရာများအတွက် နည်းပညာနှင့်အကြံဉာဏ်များ ကူညီပေးနေကြောင်း သိရသည်။ (၁၈၅)

## မန္တလေးဈေးကွက်တွင် ပဲလွမ်းပြာအရောင်းအဝယ်ကောင်းလာ၍ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး ဖေဖော်ဝါရီ ၈**

မန္တလေးဈေးကွက်တွင် ပဲလွမ်းပြာအရောင်းအဝယ်ကောင်းလာ၍ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ ထိ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည် စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် ပဲလွမ်းပြာကို ယခုလက်ရှိတွင် ပြည်ပဘက်ကဝယ်ယူမှုများရှိလာကြောင်း၊ ယခင်က မန္တလေး ဈေးကွက်အတွင်း၌ ပဲလွမ်းပြာအရောင်းအဝယ်ပုံမှန်အနေအထားတွင်ရှိနေပြီး ယခုလက်ရှိတွင် ပြည်တွင်း၌ ပဲလွမ်းပြာများ အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိနေကြောင်း သိရသည်။

“အခုလက်ရှိ ပဲလွမ်းပြာတွေကို ပြည်တွင်းကကုန်သည်တွေ ဝယ်ယူမှု တော်တော်လေးများလာပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်က အရင်ကထက်ပိုပြီး ကောင်းလာတာကြောင့် အခုလက်ရှိ ဈေးကောင်းပြန်ရလာပါတယ်။ မလွမ်းပြာကို ပြည်ပဘက်ကလဲ အခုတစ်လောအဝယ်ပြန်များလာတယ်။ အရင်က ပြည်ပဘက်က အဝယ်မရှိတာကြောင့် အရောင်းအဝယ်အေးနေခဲ့တယ်။ အခုတော့ ပဲလွမ်းပြာတွေ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်နေပါတယ်”ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဇန်နဝါရီလနောက်ဆုံးပတ်အတွင်းက ပဲလွမ်းပြာဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ ပဲလွမ်းပြာဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ ထိပေါက်ဈေးရှိပြီး ဈေးကောင်းပြန်လည်ရရှိလာခဲ့ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

## မန္တလေး-ကျောက်မြောင်းကြား ရောဝတီလင်းပိုင်ဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို ကြည့်ရှုသူများပြားလာ

**မန္တလေး ဖေဖော်ဝါရီ ၈**

မန္တလေး-ကျောက်မြောင်းကြား ဧရာဝတီလင်းပိုင်ဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကိုကြည့်ရှုသူ များပြားလာကြောင်း ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ခရီးသွားရာသီဖြစ်သည့်အပြင် မန္တလေးမြို့အပါအဝင် အခြားမြို့များမှ ခရီးသွားများအနေဖြင့် မန္တလေး-ကျောက်မြောင်းကြားရှိ ဧရာဝတီလင်းပိုင်ဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို ကြည့်ရှုမှု များပြားလျက်ရှိကြောင်း သိရသည်။

“မန္တလေးဆိပ်ကမ်းကနေ မန္တလေး-ကျောက်မြောင်းကြားမှာ နေထိုင်ကျက်စားနေတဲ့ ဧရာဝတီလင်းပိုင်တွေကို ပြည်တွင်းကခရီးသွားတွေလာရောက်ကြည့်ရှုမှုတွေ များလာပါတယ်။ အဓိကကတော့ မန္တလေး-ကျောက်မြောင်းကြားမှာရှိတဲ့ လင်းပိုင်တွေနဲ့ကျေးရွာတွေက ရေလုပ်သားတွေအကျိုးတူပူးပေါင်းပြီး ကွန်ပစ်ငါးဖမ်းတဲ့ဓလေ့ကိုလာပြီး ကြည့်ရှုလေ့လာကြတာပိုပြီး များလာပါတယ်”ဟု ဦးမောင်မောင်လေးက ပြောပြသည်။

မန္တလေးဆိပ်ကမ်းမှ မန္တလေး-ကျောက်မြောင်းကြား ဧရာဝတီလင်းပိုင်များဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို ဇန်နဝါရီလနောက်ဆုံးပတ်အတွင်းက ကြည့်ရှုသူခရီးသွားဦးရေ တစ်ရက်လျှင် ၁၁၀ ကျော်သာရှိကြောင်း၊ ဖေဖော်ဝါရီလပထမပတ်မှစ၍ ဧရာဝတီလင်းပိုင်များဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို ကြည့်ရှုသူခရီးသွားဦးရေ တစ်ရက်လျှင် ၂၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်ရေနည်းချိန်ကာလတွင် ဧရာဝတီလင်းပိုင်များအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်၊ အင်ဒေါင်းကျေးရွာနှင့်မင်းကွန်းဒေသအနီးတွင်နေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။

မန္တလေးမှ ကချင်ပြည်နယ် ဗန်းမော်ထိ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၀ ရက်မှ ၂၀ ရက်ထိ ဧရာဝတီလင်းပိုင်သုတေသနစစ်တမ်းကောက်ယူရာ စုစုပေါင်း ဧရာဝတီလင်းပိုင် ၇၉ ကောင်ကို သုတေသနပြုနိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုရာဇာလမ်းနှင့် ဝရေက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။



# ကမ္ဘာတည်သရွေ့ရပ်တည်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်

ဒို့တာဝန်အရေး ၃ ပါးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အစဉ်နှလုံးသွင်းလျက် စစ်မှန်၍စည်းကမ်းပြည့်ဝပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် ကမ္ဘာတည်သရွေ့ရပ်တည်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်
(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်
၄-၁-၂၀၂၃

## မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ယခုဘဏ္ဍာနှစ် ၁၀ လတာကာလအတွင်း ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၃၅၅၉ ဒသမ ၂၈ သန်း ရရှိထား

**နေပြည်တော် ဖေဖော်ဝါရီ ၈**

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ပို့ကုန်များ တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ယခုနှစ် ဇန်နဝါရီ ၃၁ ရက်ထိ ၁၀ လတာကာလအတွင်း ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၃၅၅၉ ဒသမ ၂၈ သန်းရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှု မူဝါဒဌာနခွဲမှ သိရသည်။



ယခုဘဏ္ဍာနှစ် ၁၀ လတာကာလအတွင်း ပြည်ပသို့ပို့ကုန်များ တင်ပို့မှုတွင် လယ်ယာထွက်ပစ္စည်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၃၁၀၀၊ တိရစ္ဆာန်ထွက်ပစ္စည်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၂၃ သန်း၊ ရေထွက်ကုန်ပစ္စည်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၁၃ ဒသမ ၅၉ သန်းကျော် ရရှိထားပြီး သတ္တုတွင်းထွက်ပစ္စည်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၈၈ ဒသမ ၃၈ သန်း၊ သစ်တောထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၂၃ ဒသမ ၈၂ သန်း၊ စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၉၁၀၀ နှင့် အခြားကဏ္ဍတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၁၄ ဒသမ ၂၆ သန်း စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၃၅၅၉ ဒသမ ၂၈ သန်း ရရှိထားကြောင်း သိရသည်။

"အခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်ကနေ ဇန်နဝါရီ ၃၁ ရက်ထိ ၁၀ လတာ ကာလအတွင်းမှာ မြန်မာနိုင်ငံကနေ ပြည်ပနိုင်ငံတွေကို ပို့ကုန်ကဏ္ဍအနေနဲ့ လယ်ယာထွက်ကုန်၊ ရေထွက်ကုန်၊ တိရစ္ဆာန်ထွက်ကုန်၊ သတ္တုတွင်းထွက်ကုန်၊ သစ်တောထွက်ကုန်၊ စက်မှုကုန်ချောထွက်ကုန်နဲ့ အခြားထွက်ကုန်အသီးသီး တင်ပို့နိုင်မှုကတော့ အမေရိကန်ဒေါ်လာ ၁၃၅၅၉ ဒသမ ၂၈ သန်း ဖြစ်ပါတယ်။ ဒီလိုတင်ပို့ရာမှာ ရေထွက်ကုန်ပစ္စည်းနဲ့ သစ်တောထွက်ကုန်ပစ္စည်းတင်ပို့နိုင်မှုကနေ ပို့ကုန်ဝင်ငွေအများဆုံး ရရှိထားပါတယ်" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှုမူဝါဒဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချိုသက်က ပြောပြ၍ သိရသည်။

ASH

## ပေါင်းတည်မြို့နယ် ပေါက်တောကြီးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါင်းတည် ဖေဖော်ဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်တောကြီးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ပေါင်းတည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၉ ဦးကို ငွေကျပ် ၁၄ ဒသမ ၅၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးကို ငွေကျပ် ၉ ဒသမ ၂ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၆ ဒသမ ၀၅ သန်း စုစုပေါင်းအသင်းသူ၊အသင်းသား ၁၇၅ ဦး ကို ငွေကျပ် ၂၉ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သန္တာ

## မိုင်းဖြတ်မြို့နယ် ပန်ကြူကျေးရွာ၌ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေလှောင်ကန်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မိုင်းဖြတ် ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် နမ့်လန်းကျေးရွာအုပ်စု ပန်ကြူကျေးရွာ၌ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေလှောင်ကန်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ပန်ကြူကျေးရွာ၌ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေလှောင်ကန်တည်ဆောက်ခြင်းနှင့် နှစ်လက်မ PVC ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ပန်ကြူကျေးရွာ၌ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေလှောင်ကန်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို VDP စီမံကိန်းပံ့ပိုးငွေကျပ်သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၀၇၀၀၀ စုစုပေါင်းငွေကျပ် ၁၁၀၇၀၀၀၀ အသုံးပြု၍ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ပြောပြ၍ သိရသည်။

ဇင်မာ



# မြန်မာဝတ္ထုသမိုင်းထဲမှ ခင်မြင့်ကြီးနှင့်မှာတော်ပုံ

**ပုသိမ်အောင်သန်းဦး**

၁၉၁၄ ခုနှစ်တွင် မြန်မာဝတ္ထုရေးဆရာတစ်ဦး ပေါ်ပေါက်လာပြန်သည်။ ထိုသူကား လယ်တီပဏ္ဍိတ ဦးမောင်ကြီးဖြစ်သည်။ ဦးမောင်ကြီးသည် ဝန်စာရေး ဦးကြီး၏ အောင်မြင်မှုများကို လေ့လာသည်။ စာဖတ်ပရိသတ်ကြိုက် ဝတ္ထုရေးဆရာတစ်ဦးဖြစ်ချင်သည်နှင့်အညီ စာဖတ်သူကြိုက် အချစ်၊ အလွမ်း၊ အဆွေး ဝတ္ထုများကို ကြိုးစားရေးသားခဲ့သည်။

သူတို့ခေတ်က ရည်းစားများများထားသော ဇာတ်လိုက်ကို စာဖတ်သူများက နှစ်ခြိုက်သဘောကျကြဟန်ရှိသည်။ ဦးမောင်ကြီးသည်လည်း ခေတ်အလိုကျ ရည်းစားများသော မောင်သန်းညွန့်ကို ဇာတ်ကောင်ပြုကာ ဇာတ်လမ်းဖန်တီးရေးဖွဲ့သည်ကိုတွေ့ရသည်။ စောစောပိုင်းက မြန်မာ့အလင်းသတင်းစာတွင် နေ့စဉ်ဖော်ပြခဲ့သည်။ ၁၉၁၄ ခုနှစ်တွင်ကား စာအုပ်အဖြစ်ထုတ်ဝေခဲ့သည်။ ဝတ္ထုအမည်မှာ "ခင်မြင့်ကြီး"ဖြစ်သည်။

ဇာတ်လမ်းမှာ သိပေါမင်းပါတော်မူပြီးနောက် အထည်ကြီးပျက်၏သား မောင်သန်းညွန့်သည် မီးရထားလမ်းတစ်လျှောက် သွားလာရင်း တောင်ငူ၊ ပဲခူး၊ ရန်ကုန်မြို့တို့တွင် ရည်းစားများထားကာ ဇာတ်အိမ်ကိုဖွဲ့ပြီး အချစ်ဇာတ်လမ်းများဖြင့် ပွေလိမ်ရှုပ်ကာ နောက်ဆုံးဖိုလ်ဝင်တောင်သို့ရှောင်ပြေးပြီး ရသေ့ဝတ်သည့်ဇာတ်ဖြစ်သည်။ ဇာတ်သိမ်းတွင် တောင်ငူမြို့မှ ဦးမြသာ၊ ဒေါ်သိန်းတို့၏သမီး "ခင်မြင့်ကြီး"နှင့် လက်ထပ်ကာ ပျော်ရွှင်စွာနေထိုင်ခဲ့ကြောင်း သရုပ်ဖော်ရေးသားထားသည့် အပျော်ဖတ်ဝတ္ထုတစ်ပုဒ်သာဖြစ်သည်။

လယ်တီပဏ္ဍိတ ဦးမောင်ကြီးသည် ခင်မြင့်ကြီးဝတ္ထုအပြင် မန္တလေး မောင်ခင်မောင် ကလောင်အမည်ဖြင့် သန်းသန်းနှင့် တင်တင်မြ ဝတ္ထုများကိုလည်း ရေးသားခဲ့သည်။ နောင်အခါ လယ်တီပဏ္ဍိတ ဦးမောင်ကြီးသည် သမိုင်းနောက်ခံဝတ္ထုများဖြစ်သည့် နတ်သျှင်နောင်၊ ဗညားနွဲ့၊ တပင်ရွှေထီး ဝတ္ထုများကို ရေးသားခဲ့သည်။

ဆရာကြီး လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ ခင်မြင့်ကြီးဝတ္ထုနှင့်ပတ်သက်ပြီး မြန်မာဝတ္ထုအညွှန်း အမှတ်(၁)တွင် မလိခ၏ "ခင်မြင့်ကြီး"ဝတ္ထုသည် ခင်မြင့်ကြီး အမည်ခံယူထားစေကာမူ အဓိကဇာတ်ဆောင်မှာ မောင်သန်းညွန့်ဖြစ်သည်။ ချဉ်ပေါင်ရွက်သည် မောင်မှိုင်းကဲ့သို့သော ဝတ္ထုဖြစ်သည်။ ချဉ်ပေါင်ရွက်သည် မောင်မှိုင်းက ရောဝတီမြစ်ရိုးတစ်လျှောက်တွင် မယားများယူခဲ့သည်။ ဤဝတ္ထု၌ မောင်သန်းညွန့်သည် မီးရထားလမ်းတစ်လျှောက်တွင် ရည်းစားများထားခဲ့၏။

ဤဝတ္ထုကို လယ်တီပဏ္ဍိတ ဦးမောင်ကြီးသည် မန္တလေးမောင်ခင်မောင် ကလောင်အမည်ဖြင့် ရေးခဲ့ခြင်းဖြစ်သည်။ ဝတ္ထုပုံစံမှာ ရှေးနန်းတွင်းဝတ္ထုပုံစံဖြစ်သည်။ အရေးပုံစံမှာလည်း ထိုကာလများ ရာဇဝတ္ထုများနည်းတူ တေးထပ်၊ လေးချိုး၊ ဘောလယ်များ ညှပ်၍ ရေးသော အရေးပုံစံဖြစ်သည်။ ထိုခေတ်များ ရာဇဝတ္ထုများ၌တွေ့ရသော ပညာပေးအချက်အလက်များအဖြစ် ရာဇဝင်အကြောင်းအရာများကိုလည်း ဝတ္ထု၌တွေ့ရသည်။ ထူးခြားသည်မှာ ဤဝတ္ထု၌ အမျိုးသားရေးစိတ်ဓာတ်ပိုင်းကို စီးပွားရေးအမြင်ဖြင့် အလျဉ်းသင့်သလို တင်ပြခဲ့ခြင်းပင်ဖြစ်သည်။

ဝတ္ထုတစ်ပုဒ်လုံးအနေဖြင့်မူ အကြောင်းအရာရော ဝတ္ထုပုံစံပါ အားရလောက်ဖွယ်ဟူ၍ကား မဆိုနိုင်ပေ။

ဆရာလယ်တီပဏ္ဍိတ ဦးမောင်ကြီးသည် မုံရွာမြို့ တောင်ဘက် ညောင်ဖြူပင်ရွာသားဇာတိဖြစ်သည်။ ခရစ်နှစ် ၁၈၇၉ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ဖွားမြင်သည်။ အဖ ဦးရောက်၊ အမိ ဒေါ်ထပ်ဖြစ်၏။ အသက် ၁၃ နှစ်တွင် မိဘများကွယ်လွန်သည်။ အသက် ၁၈ နှစ်တွင် မုံရွာလယ်တီဆရာတော်ထံတွင် တပည့်ခံကာ သင်္ကန်းဝတ်ဖြင့် စာပေသင်ကြားသည်။ ရဟန်းဘဝတွင် လောကုတ္တရာကျမ်းများနှင့် ပါဠိအဘိဓာန်ချုပ်ကို ရေးခဲ့သည်။ အသက် ၃၀ အရွယ်တွင် လူဝတ်လဲခဲ့၏။ ထိုကာလမှစပြီး လယ်တီပဏ္ဍိတ ဦးမောင်ကြီး အမည်ကိုခံယူခဲ့သည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ "မှာတော်ပုံ" ဝတ္ထုကြီးမှာ မြန်မာကာလပေါ်ဝတ္ထုသမိုင်းတွင် ထင်ရှားသောဝတ္ထုကြီးဖြစ်သည်။ ဇာတ်လမ်း၏ နောက်ခံကာလမှာ မင်းတုန်းမင်းကြီးလက်ထက်တွင် ချစ်ရေးဆို၏။ မောင်မောင်ကြီးနှင့် ဖိုးဘေတို့ အပြိုင်အဆိုင်ဖြစ်လာပြန်သည်။

ထိုစဉ် မန္တလေးမှ ဦးကျော်ဒွေးသည် မိမိဇာတိ ပုခန်းမြို့နယ် မြိုင်ရွာသို့ ပြန်၏။ မကြာမီမြိုင်တွင် ကွယ်လွန်၏။ ခင်အုံသည် သတင်းကြားပြီး ပူဆွေးကာ မြိုင်သို့လိုက်သွားသည်။ ဦးကျော်ဒွေး ဈာပနၖ ခင်အုံရင်ကွဲကာ ပူဆွေးပြန်၏။ ခင်အုံ၏ဘဝသည် မြိုင်ရွာတွင် တစ်စခန်းရပ်လေ၏။

စောစောပိုင်းက ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် "မှာတော်ပုံ"ဝတ္ထုကြီးကို သူရိယသတင်းစာတွင် အခန်းဆက်ဝတ္ထုရှည်အဖြစ် ရေးခဲ့သည်။ မစ္စတာမောင်မှိုင်း၏ မှာတော်ပုံဝတ္ထုအမည်ဖြင့် ၁၉၁၆ ခုနှစ်တွင် ပထမတွဲ၊ ၁၉၁၉ ခုနှစ်တွင် ဒုတိယတွဲ၊ ၁၉၂၀ ခုနှစ်တွင် တတိယတွဲ သုံးတွဲခွဲ၍ မြန်မာ့ကျက်သရေဆောင် ပုံနှိပ်တိုက်က ထုတ်ဝေခဲ့သည်။

**❖ မြန်မာဝတ္ထု အညွှန်းအမှတ်(၁)တွင် မလိခ၏ "မှာတော်ပုံ" ဝတ္ထုသည် မြန်မာတို့၏အစဉ်အလာ ဝတ္ထုပုံစံသက်သက်ဖြင့်ရေးဖွဲ့သော ဝတ္ထုအမျိုးအစားဖြစ်သည်။ ဝတ္ထုတွင် ငိုခြင်း၊ တေးထပ်၊ ဘောလယ် စသည်များကိုလည်းကောင်း၊ စကားပြောခန်းများတွင် နဘေကာရန်ပါသော အရေးပုံစံများကိုလည်းကောင်း တွေ့ရပေသည်။ ခင်အုံကို အဓိကဇာတ်ဆောင်ပြုရေးဖွဲ့စေကာမူ ဆရာကြီးသည် အခြားသောဇာတ်ဆောင်များကိုလည်း ခင်အုံနှင့်အတူ ဇာတ်ဆောင်သရုပ်ကို ပီပြင်အောင်ရေးဖွဲ့ထားကြောင်း တွေ့ရသည်။ ❖**

ဖြစ်သည်။ ဇာတ်လမ်းကို စစ်ကိုင်းငါးထပ်ကြီးဘုရားပွဲ၌ ဖွင့်သည်။ မန္တလေးမြို့ ဟော်ကုန်းရပ် ခင်အုံ၏နေအိမ်နှင့် ဦးကြာညွန့်နေအိမ်တွင် ဇာတ်အိမ်တည်သည်။

မှာတော်ပုံဝတ္ထုကြီးသည် ခင်အုံ၊ ဦးကျော်ဒွေး၊ ကိုပေါတို့ကို အဓိကဇာတ်ဆောင်ထား၍ မန္တလေးမြို့မှ ဘုရားဒါယကာ ဦးကြာညွန့်၊ ဘုန်းကြီးလူထွက် ဦးကျော်ဒွေး၊ သဂြိုဟ်ဆရာမောင်အေး၊ ဝန်စာရေး မောင်မောင်ရွှ၊ အင်းဝတံတားဦးက ကျောင်းဒါယကာ ဖိုးရွှေအိတ်၊ ကာလသား မောင်ဘုန်းခင်တို့ကို အရန်ဇာတ်ဆောင်များအဖြစ်ထားကာ ဇာတ်အိမ်ဖွဲ့ထားသည်။

ဝန်စာရေး မောင်မောင်ရွှ အောင်သွယ်ပေးမှုကြောင့် ဘုန်းကြီးလူထွက် ဦးကျော်ဒွေးနှင့် ဝင်းတော်မှူးကတော် မုဆိုးမ ခင်အုံတို့ညားကြ၏။ ထိုစဉ်ဘုရားဒါယကာ ဦးကြာညွန့်အိမ်သို့ ကိုပေါရောက်လာသည်။ ကိုပေါနှင့် ခင်အုံကို ဦးကြာညွန့်၊ မောင်အေးနှင့် မောင်မောင်ရွှတို့က ပေးစားလိုကြ၏။ ကိုပေါကား မုဆိုးဖိုကုန်သည်လူရိုး၊ လူအ တစ်ဦးဖြစ်သည်။

ဇာတ်လမ်းမှာ ခင်အုံကို အဓိကထားပြီး လူ့စရိုက်လူ့သဘာဝကိုဖွဲ့ပြထားသည်။ ခင်အုံသည် ဦးကျော်ဒွေးနှင့်ကွဲကာ ကိုပေါနှင့်နီးစပ်ရန် ကြံခိုက် ဦးကြာညွန့်မင်းမျက်သင့်၍ ကိုပေါနှင့်လွဲခဲ့၏။ ထို့နောက် ခင်အုံသည် မောင်ဖိုးဘေကိုချော့မြှူကာ မိမိဘက်ပါအောင် သိမ်းသွင်းနေခိုက် မောင်မောင်ကြီးဆိုသူက ခင်အုံကို

မှာတော်ပုံဝတ္ထုရှည်ကြီးနှင့်ပတ်သက်ပြီး မြန်မာဝတ္ထုအညွှန်းအမှတ်(၁)တွင် မလိခ၏ "မှာတော်ပုံ"ဝတ္ထုသည် မြန်မာတို့၏အစဉ်အလာ ဝတ္ထုပုံစံသက်သက်ဖြင့် ရေးဖွဲ့သော ဝတ္ထုအမျိုးအစားဖြစ်သည်။ ဝတ္ထုတွင် ငိုခြင်း၊ တေးထပ်၊ ဘောလယ် စသည်များကိုလည်းကောင်း၊ စကားပြောခန်းများတွင် နဘေကာရန်ပါသော အရေးပုံစံများကိုလည်းကောင်း တွေ့ရပေသည်။

ခင်အုံကို အဓိကဇာတ်ဆောင်ပြုရေးဖွဲ့စေကာမူ ဆရာကြီးသည် အခြားသောဇာတ်ဆောင်များကိုလည်း ခင်အုံနှင့်အတူ ဇာတ်ဆောင်သရုပ်ကို ပီပြင်အောင် ရေးဖွဲ့ထားကြောင်း တွေ့ရသည်။ ဇာတ်ဆောင်များသည် သူ့အပိုင်းနှင့်သူ အရေးပါကြသည်ချည်းဖြစ်သည်။ ဇာတ်လမ်းအဖွဲ့အားထက် ဇာတ်ဆောင်အဖွဲ့အားပို၍ကြီးမားသည်ဖြစ်ရာ ဇာတ်ဆောင်အသားပေးဝတ္ထုမျိုးဖြစ်သည်။

"မှာတော်ပုံ"ဝတ္ထုတွင် သင့်ရာသင့်ရာ သမိုင်းဗဟုသုတ၊ စာပေဗဟုသုတများနှင့် နီတိဆုံးမစာများ ထည့်သွင်းရေးသားထားသည်ကို တွေ့ရသည်။ သို့သော်လည်း ဝတ္ထုထဲမှ လူ့သဘာဝအဖွဲ့၊ ပတ်ဝန်းကျင်အဖွဲ့တို့၌ ထူးခြားပြောင်မြောက်သည်ကို တွေ့ရသည်။

ခင်အုံ၏ဘဝကိုဖွဲ့ရင်း သဂြိုဟ်ဆရာ မောင်အေး၊ ဘုရားဒါယကာ ဦးကြာညွန့်တို့ကို ထိုကာလက လူသီလကြောင်များ ပတ်ဝန်းကျင်ကိုသရော်ရှုတ်ချဖွယ်မြင်စေ၊ သိစေ၊ သဘောပေါက်စေ၏။ ကမ္ဘာ့ဝတ္ထုလောက၌ အလေးဂရုထားပြောလေ့ရှိသော လူ့သဘာဝအဖွဲ့၊ ပတ်ဝန်းကျင်သဘာဝအဖွဲ့အရာတွင် ထူးခြားပြောင်မြောက်သော ဝတ္ထုတစ်ပုဒ်အဖြစ် ထင်ရှားသောဝတ္ထုဖြစ်ပေသည်ဟု မှတ်ချက်ပြုထားသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ဇာတိမှာ ရွှေတောင်နယ် ဝါးလယ်ရွာဖြစ်သည်။ ဆရာကြီးကို ၁၈၇၆ ခုနှစ် မတ် ၂၃ ရက်တွင် အဖ ဦးစံဒွန်း၊ အမိ ဒေါ်အုံးတို့က ဖွားမြင်ခဲ့သည်။ သီပေါမင်း ပါတော်မမူမီ သုံးနှစ်ခန့်တွင် မန္တလေးသို့ရောက်ရှိလာပြီး ပညာသင်ယူခဲ့သည်။ သီပေါမင်းပါတော်မူပြီးနောက် သင်္ကန်းဝတ်ဖြင့် စစ်ကိုင်းသို့ကြွ၏။ ထို့နောက် မုံရွာ၊ အလုံ၊ ကြေးမုံ၊ ချောင်းဦးတစ်ဝိုက်လှည့်လည်၍ ပညာသင်ယူသည်။

အသက် ၁၉ နှစ်တွင် သင်္ကန်းဝတ်မှ လူဝတ်လဲသည်။ ရန်ကုန်သို့ရောက်လာပြီး စာစီ၊ စာပြင်၊ အယ်ဒီတာ၊ သတင်းစာအယ်ဒီတာတာဝန်များ ထမ်းဆောင်ခဲ့သည်။ ၁၉၀၅ ခုနှစ်တွင် "မော်လမြိုင်ရာဇဝင်"ဝတ္ထုကို ရွှေတောင်မောင်လွမ်း ကလောင်ဖြင့် ရေးသားခဲ့သည်။

၁၉၁၃ ခုနှစ်၊ ၁၉၁၄ ခုနှစ်များတွင် မစ္စတာမောင်မှိုင်း ကလောင်ဖြင့် "ဗိုလ်ဋီကာ"စာအုပ်ကို ရေးသားခဲ့သည်။ ဆိုးသွမ်းယုတ်မာကောက်ကျစ်လှသည့် လူယုတ်မာချဉ်ပေါင်ရွက်သည် မောင်မှိုင်းရှေ့တွင် မစ္စတာတပ်ကာ မစ္စတာမောင်မှိုင်းကလောင်အမည် ခံယူသဖြင့် နိုင်ငံခြားကိုအထင်ကြီးကာ မိမိတို့အမည်ရှေ့တွင် မစ္စတာတပ်ခဲ့ကြသည့် မြန်မာများဒေါသထွက်ခဲ့ကြသည်။

ဆရာကြီးသည် နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားရေးစိတ်ဓာတ်အခြေခံဖြင့် စာပေတာဝန်ထမ်းရင်း ၁၉၂၀ ခုနှစ်တွင် အမျိုးသားကောလိပ်များ ပေါ်ပေါက်လာသောအခါ မြန်မာစာနှင့် ရာဇဝင်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၃၄ ခုနှစ်တွင် တို့ဗမာအစည်းအရုံးသို့ဝင်ခဲ့သည်။ မစ္စတာမောင်မှိုင်းအမည်မှ သခင်ကိုယ်တော်မှိုင်းအမည်ကိုယူခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် မြန်မာနိုင်ငံအရပ်ရပ်သို့လှည့်လည်ပြီး ပြည်တွင်းငြိမ်းချမ်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးတရားများဟောကြားခဲ့သည်။

၁၉၆၀ ပြည့်နှစ်တွင် အရှေ့ဂျာမနီ ဟမ်းဖို့တက္ကသိုလ်က ဆရာကြီးကို ဒေါက်တာဘွဲ့ပေးအပ်ဂုဏ်ပြုသည်။ ဆရာကြီးသည် မျိုးချစ်စာဆိုကြီးလည်းဖြစ်သည်။ ငြိမ်းချမ်းရေးဗိသုကာကြီးလည်းဖြစ်သည်။ ဆရာကြီးတရားဟောတိုင်း သူသေကိုယ်သေ အားလုံးသေမှ အေးတော့မှာပါဟု ငြိမ်းချမ်းရေးအတွက် အားမလိုအားမရဖြစ်တိုင်း ဤသို့ပြောကြားခဲ့ဖူးသည်။

ဆရာကြီးကား သူလိုချင်သည့် ငြိမ်းချမ်းရေးကို မြင်တွေ့မသွားရရှာပါ။ ၁၉၆၄ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ကွယ်လွန်ခဲ့သည်။ ဆရာကြီးရေးသားခဲ့သော ကဗျာသာရမဉ္ဇူ၊ ကဗျာသာရတ္ထသင်္ဂြိုဟ်၊ မြန်မာရာဇဝင်ချုပ်နှင့် ရွှေနတ်တောင်ဘုရားသမိုင်း၊ လေးချိုးပေါင်းချုပ်၊ ဗိုလ်ဋီကာ၊ ဒေါင်းဋီကာ၊ မျောက်ဋီကာ၊ မျောက်ဂဏ္ဍီ၊ ခွေးဋီကာ၊ ဘိုင်းကောက်ဋီကာ၊ ဂဠုန်ပျံဒီပနီဋီကာ၊ ဒေါင်းဂဏ္ဍီတို့မှာ ထင်ရှားသောစာအုပ်များဖြစ်ပါသည်။

**ကိုးကား**

– **မလိခ၏ မြန်မာဝတ္ထုအညွှန်း(၁)**

## သံတောင်ကြီးမြို့နယ်၌ ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သံတောင်ကြီး ဖေဖော်ဝါရီ ၈**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် မစ(အလယ်)ကျေးရွာ၌ လျှပ်စစ်မီးရရှိရေးအတွက် ၄၀၀ ဗို့ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မစ(အလယ်) ကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မစ(အလယ်)ကျေးရွာ၌ လျှပ်စစ်မီးရရှိရေးအတွက် ၄၀၀ ဗို့ဓာတ်အားလိုင်း ၂၅၈၅ ပေ သွယ်တန်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေ ကျပ်သိန်း ၁၀၀ အသုံးပြုကာ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ နည်းပညာအကူအညီ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သူသူ**

# ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၃) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေး လုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီ လက်ညီ လက်တွဲဆောင်ရွက်ရေး။

(၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာ၊ ကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

(၅) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

## မလေးရှားနိုင်ငံသို့ ထောပတ်သီးရာသီအတွင်း ထောပတ်သီးတန်ချိန် ၁၀၀ ထိ တင်ပို့နိုင်ခဲ့

**ရန်ကုန် ဖေဖော်ဝါရီ ၈**

မလေးရှားနိုင်ငံသို့ ထောပတ်သီးရာသီအတွင်း ထောပတ်သီးတန်ချိန် ၁၀၀ ထိ တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MAVO)အထွေထွေအတွင်းရေးမှူး ဦးကျော်စိုးမင်းထံမှ သိရသည်။

ထောပတ်သီးရာသီအတွင်း မလေးရှားနိုင်ငံသို့ ထောပတ်သီးတန်ချိန် ၅၀ ထိ တင်ပို့ရန်လျာထားဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီလကုန်ထိ ထောပတ်သီးတန်ချိန် ၁၀၀ ထိ တင်ပို့နိုင်ခဲ့သဖြင့် လျာထားချက်ထက်ကျော်လွန်အောင် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

"၂၀၂၂ ခုနှစ် နိုဝင်ဘာလ ပထမပတ်ကစပြီး ထိုင်းနိုင်ငံနဲ့ မလေးရှားနိုင်ငံကို ထောပတ်သီးစတင်ပို့နေတာဖြစ်ပါတယ်။ လက်ရှိမှာတော့ ထိုင်းနိုင်ငံကို တင်ပို့မှုခေတ္တရပ်နားထားပြီး မလေးရှားနိုင်ငံကို ဆက်လက်တင်ပို့နေပါတယ်။ မလေးရှားနိုင်ငံကို တင်ပို့ရာမှာ ထောပတ်သီး တစ်ကီလိုဂရမ်ကို အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ ဒေါ်လာလောက်ရရှိပါတယ်။ ထောပတ်သီးရာသီမှာ တန်ချိန် ၁၀၀ ထိတင်ပို့နိုင်ခဲ့ပါတယ်"ဟု ဦးကျော်စိုးမင်းက ပြောပြသည်။

လက်ရှိ ဘဏ္ဍာနှစ်အတွင်း ထောပတ်သီးနမူနာများကို ပြင်သစ်နိုင်ငံ၊ နယ်သာလန်နိုင်ငံနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုသို့ စမ်းသပ်တင်ပို့လျက်ရှိပြီး ထိုင်းနိုင်ငံနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုက ထောပတ်သီးများကို ဝယ်လိုအားရှိနေသော်လည်း အရည်အသွေးဆိုင်ရာ လက်မှတ်များ ရယူရန်ရှိနေသည့်အတွက် တင်ပို့မှုခေတ္တဆိုင်းငံ့ထားကြောင်း သိရသည်။

ပြည်ပသို့တင်ပို့နေသည့် ထောပတ်သီး Hass အမျိုးအစားမှာ နှစ်စဉ် တန် ၃၀၀ နှင့် ၅၀၀ ကြား ထွက်ရှိပြီး ထောပတ်သီးများသည် အောက်တိုဘာလမှ ဇန်နဝါရီလထိ ထွက်ရှိကြောင်း သိရသည်။ ASH



## အင်ပူမြို့နယ် ဘောစကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အင်ပူ ဖေဖော်ဝါရီ ၈**

ရောဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်ပူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဘောစကိုင်းကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ အင်ပူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေမင်းမင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်နေ ပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ဖြစ်မှုနှင့်ဖြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက ဘောစကိုင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၄၇ ဦးကို ရန်ပုံငွေကျပ် ၃၈သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**

## ဂုဏ်ယူစို့လား ညီညွတ်အား

\- တို့မြန်မာပြည်ထောင်စုကို
တွေးရှု၍ကြည့်ပါသော်၊
အသီးတစ်ရာ အညှာတစ်ခုဟု
ညွှန်းပြုဖွယ်နော်၊
တိုင်းရင်းသားတစ်ရာကျော်
မခွဲတူပျော်နေထိုင်လျက်၊
ညီရင်းအစ်ကို ပမာအလား
ချစ်ကြည်အားဖြင့် ခေတ်အဆက်ဆက်
လက်တွဲမပျက်။

\- စည်းလုံးညီညွတ်မှုအား
ဖွံ့ထွားမှ ပြည်သာမှာ၊
တိုင်းရင်းသားတွေရင်ထဲ
စွဲမြဲသိကာ၊
ပြည်ထောင်စုစိတ်ထက်သန်စွာ
ပွားများပါ၍ နေထိုင်ရင်း၊
ပြည်တွင်းရန် ပြည်ပရန်နှင့်
အကောက်ကြံသွေးခွဲမှုများကို
ယုံစားမှုကင်း။

\- ပြည်ထောင်စု ပြိုကွဲပြား
ဝါးအစည်းပြေသည့်နှယ်၊
ပရမ်းပတာ ကစဉ့်ကလျား
ကွဲပြားကာရယ်၊
ရန်လိုသူများကကွယ်
အလွယ်တကူချိုးယူအား၊
ခံရမည်ကိုသိမြင်တော့
ချော့ခြောက်မြှောက်ကာ သွေးခွဲခြင်းတွေ
ဖြိုခွင်းရှောင်ရှား။

\- "ဘယ်သူခွဲခွဲတို့မကွဲ
အမြဲစည်းလုံးမည်"ဆိုသည့်ပမာ၊
စိတ်ရည်သန်နေထိုင်မှု
တွေးရှုကြည့်ပါ၊
ပြည်ထောင်စုနေ့ကျင်းပတာ
စိန်ရတုချိန်ခါကျော်ပြီတည့်၊
တို့မြန်မာပြည်ထောင်စု
မှီတင်းပြုတိုင်းရင်းသားအသွယ်သွယ်၏
ဂုဏ်ယူဖွယ်ညီညွတ်အားဟု
ဆိုငြားချင်၏။ ။

**အင်ကြင်းသူ(နေပြည်တော်)**

တိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# နိုင်ငံတကာ သတင်းများ

## ငွေစက္ကူသစ်ပြတ်လပ်မှုပြဿနာကြောင့် နိုင်ဂျီးရီးယားတောင်ပိုင်း၌ ဆန္ဒပြမှုဖြစ်ပွား

**အဘူဂျာ ဖေဖော်ဝါရီ ၈**

နိုင်ဂျီးရီးယားနိုင်ငံ တောင်ပိုင်း၌ ငွေစက္ကူပြတ်လပ်မှုပြဿနာကို ဆန္ဒပြကန့်ကွက်နေသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကြား ဖေဖော်ဝါရီ ၇ ရက်က ပဋိပက္ခများဖြစ်ပွားခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ငွေစက္ကူသစ်များ ထုတ်ဝေ၍ ငွေစက္ကူဟောင်းများကို ဖျက်သိမ်းရန် နိုင်ဂျီးရီးယား ဗဟိုဘဏ်က ကြိုးစားနေစဉ် နိုင်ဂျီးရီးယားပြည်သူများမှာ ငွေစက္ကူသစ်များလိုသလောက် ထုတ်ယူ၍မရမှုပြဿနာနှင့်ရင်ဆိုင်နေရသည်။

ငွေစက္ကူဟောင်းများ အပ်နှံရမည့်နောက်ဆုံးသတ်မှတ်ရက်ဖြစ်သည့် ဖေဖော်ဝါရီ ၁၀ရက်မတိုင်မီ အချို့ဘဏ်များသည် ငွေစက္ကူသစ်များကို ထုတ်မပေးဘဲရှိနေသည်ဟု ဆန္ဒပြသမားများက စွပ်စွဲထားကြောင်း သိရသည်။

နိုင်ဂျီးရီးယား ဗဟိုဘဏ်သည် ဘဏ်ငွေစက္ကူသစ်များကို ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်း စတင်ထုတ်ဝေခဲ့သည်။

ထို့ပြင် ဘဏ်စနစ်ပြင်ပ၌ လှည့်ပတ်သုံးစွဲနေသော ငွေစက္ကူဟောင်းများကို ပြန်သိမ်းရာတွင် အထောက်အကူ ရရေးအတွက် ဘဏ်များမှ နိုင်ရာငွေစက္ကူဟောင်းများထုတ်ယူခွင့်ကိုလည်း ကန့်သတ်ခဲ့သည်။

သို့သော် ငွေစက္ကူဟောင်းများကို ပြန်သိမ်း၍ ငွေစက္ကူသစ်များ အစားထိုးသုံးစွဲရန် ကြိုးပမ်းနေချိန်တွင် နိုင်ဂျီးရီးယားပြည်တွင်းရှိ လှည့်ပတ်သုံးစွဲနိုင်သော ငွေစက္ကူပမာဏမှာ နည်းပါးလာခဲ့ရကြောင်း သိရသည်။ KKO

## လင်းယုန်-၄၄ ဟူ၍ အမည်ပေးထားသည့် မြေအောက်လေတပ်စခန်းတစ်ခုကို အီရန်ထုတ်ဖော်ပြသ



**တီဟီရန် ဖေဖော်ဝါရီ ၈**

လင်းယုန်-၄၄ ဟူ၍အမည်ပေးထားသော မြေအောက်လေတပ်စခန်းတစ်ခုကို အီရန်နိုင်ငံက ဖေဖော်ဝါရီ ၇ ရက်တွင် ထုတ်ဖော်ပြသခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

လင်းယုန်-၄၄ သည် တိုက်လေယာဉ်များ ထားရှိနိုင်သည့် မြေအောက်လေတပ်စခန်း အမျိုးအစားဖြစ်ကြောင်း အီရန်အစိုးရ မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လင်းယုန်-၄၄ မြေအောက်လေတပ်စခန်းသည် အီရန်နိုင်ငံ၏ အရေးအကြီးဆုံး လေတပ်စခန်းများထဲတွင် ပါဝင်ကြောင်း အီရန်မီဒီယာများ၏အဆိုအရ သိရသည်။

အဆိုပါ မြေအောက်လေတပ်စခန်း၌ တာဝေးပစ်ခရုဇ်ဒုံးကျည်များတပ်ဆင်ထားသည့် တိုက်လေယာဉ်များထားရှိကြောင်းအီရန်စစ်ဘက် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အီရန်နိုင်ငံသည် ဒေသတွင်းဖြိုင်ဘက်အစ္စရေးနိုင်ငံက ပြုလုပ်လာနိုင်သည့် လေကြောင်းတိုက်ခိုက်မှုများရန်မှ ၎င်း၏စစ်လက်နက်ယန္တရားစနစ်များကို ကာကွယ်ရေးအတွက် ကြိုးစားလျက်ရှိသည်။

အစ္စရေးအပါအဝင် ရန်သူနိုင်ငံများက တိုက်ခိုက်လာခဲ့ပါက လင်းယုန်-၄၄ အပါအဝင် အီရန်လေတပ်စခန်းများ၏ တုံ့ပြန်မှုကို ရင်ဆိုင်ရလိမ့်မည် ဖြစ်ကြောင်း အီရန်စစ်ဦးစီးချုပ်မိုဟာမက်ဘာဂီရီက နိုင်ငံပိုင်သတင်းဌာနများသို့ ထုတ်ဖော် ပြောကြားခဲ့ကြောင်း သိရသည်။ KKO

## နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးများဖုန်းခေါ်ဆိုရေး အမေရိကန်အဆိုပြုချက် တရုတ်နိုင်ငံငြင်းပယ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၈**

သူလျှိုမိုးပျံပူဖောင်းအဖြစ် ယူဆရသော တရုတ်မိုးပျံပူဖောင်းကို အမေရိကန်စစ်ဘက်က ပစ်ချခဲ့ပြီးနောက် ကာကွယ်ရေးဝန်ကြီးများကြားဖုန်းခေါ်ဆိုဆွေးနွေးရေးအတွက် အမေရိကန်နိုင်ငံ၏ တောင်းဆိုချက်ကို တရုတ်နိုင်ငံက ငြင်းပယ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မိုးပျံပူဖောင်းကို ပစ်ချပြီးနောက် နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးများကြား ဖုန်းခေါ်ဆို၍ လုံခြုံရေးကိစ္စများဆွေးနွေးရန် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက တရုတ်တာဝန်ရှိသူများထံ အဆိုပြုခဲ့ကြောင်း သိရသည်။

သို့သော် အထက်ပါအဆိုပြုချက်ကို တရုတ်တာဝန်ရှိသူများက ငြင်းပယ်ခဲ့ကြသည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက ဖေဖော်ဝါရီ ၇ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

မိုးပျံပူဖောင်း ပစ်ချမှုပြဿနာကြောင့် တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံ ဆက်ဆံရေးအခြေအနေမှာ ပို၍တင်းမာလာခဲ့ရသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်သည် မိုးပျံပူဖောင်းပြဿနာကိုအကြောင်းပြု၍ တရုတ်နိုင်ငံခရီးစဉ်ကို ကာလရွှေ့ဆိုင်းခဲ့သည်။



အမေရိကန် ဝေဟင်အတွင်း ဝင်ရောက်ခဲ့သော မိုးပျံပူဖောင်းမှာ လမ်းချော် ဝင်ရောက်ခဲ့သော မိုးလေဝသတိုင်းတာရေးမိုးပျံပူဖောင်းသာဖြစ်ကြောင်း တရုတ်နိုင်ငံက ပြောကြားထားပြီး အမေရိကန်အစိုးရ၏တုံ့ပြန်မှုကို အလွန်အကျွံတုံ့ပြန်မှုအဖြစ် ဝေဖန်ထားကြောင်း သိရသည်။ KKO

## အစ္စကန်ဒီရန်း ကုန်သေတ္တာတင်ဆိပ်ကမ်း မီးလောင်မှုကို တူရကီထိန်းချုပ်နိုင်



**အင်ကာရာ ဖေဖော်ဝါရီ ၈**

တူရကီနိုင်ငံတောင်ပိုင်း အစ္စကန်ဒီရန်း ကုန်သေတ္တာတင်ဆိပ်ကမ်း မီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း တူရကီ ပင်လယ်ရေကြောင်း အာဏာပိုင်အဖွဲ့က ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

ကုန်းမြေပေါ်မှလည်းကောင်း၊ ရေပြင်ပေါ်မှလည်းကောင်း၊ ဝေဟင်မှလည်းကောင်း ငြိမ်းသတ်ခဲ့ရပြီးနောက် အစ္စကန်ဒီရန်း ကုန်သေတ္တာတင်ဆိပ်ကမ်း မီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အစ္စကန်ဒီရန်း ကုန်သေတ္တာတင်ဆိပ်ကမ်း မီးလောင်မှုသည် တူရကီနှင့်ဆီးရီးယားတို့၌ ဖေဖော်ဝါရီ ၆ ရက်တွင် မြေငလျင်များ လှုပ်ခတ်ခဲ့ခြင်းကြောင့် စတင်ခဲ့ခြင်းဖြစ်သည်။

မီးလောင်ကျွမ်းမှု ဖြစ်ပွားပြီးနောက် တူရကီတာဝန်ရှိသူများသည် အစ္စကန်ဒီရန်းဆိပ်ကမ်း လုပ်ငန်းလည်ပတ်မှုကို ရပ်ဆိုင်းထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် အစ္စကန်ဒီရန်းဆိပ်ကမ်းအနေဖြင့် သင်္ဘောများ လက်ခံနိုင်မှု မရှိသေးခြင်းကြောင့် ဆိပ်ကမ်းဝင်ရန်စောင့်ဆိုင်းနေသော သင်္ဘောများကို အခြားဆိပ်ကမ်းများသို့ ဝင်ရောက်ရန် ညွှန်ကြားထားကြောင်း တူရကီတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါ ဆိပ်ကမ်းမီးလောင်မှုတွင် မီးလောင်လွယ်သည့် ပစ္စည်းများ သိုလှောင်ထားရှိရာနေရာများသို့ မီးကူးစက်မှုမရှိခဲ့ကြောင်း သိရသည်။ KKO

## အမေရိကန်ဒေါ်လာ သန်း ၃၂၀ တန်ဖိုးရှိ ကိုကင်းများကို နယူးဇီလန်တာဝန်ရှိသူများ ပင်လယ်ပြင်၌ ဆယ်ယူရရှိ



**ဝယ်လင်တန် ဖေဖော်ဝါရီ ၈**

ပင်လယ်ရေပြင်အတွင်းမျောပါနေသော အလေးချိန် ၃ ဒသမ ၂ တန်ရှိ ကိုကင်းမူးယစ်ဆေးဝါးများကို နယူးဇီလန် တာဝန်ရှိသူများက ဆယ်ယူရရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နယူးဇီလန်အကောက်ခွန်ဌာနနှင့် နယူးဇီလန်ကာကွယ်ရေးတပ်ဖွဲ့တို့၏ပူးတွဲစစ်ဆင်ရေးတစ်ခုအတွင်း အဆိုပါကိုကင်းများကို ပစိဖိတ်သမုဒ္ဒရာရေပြင်အတွင်း၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း နယူးဇီလန်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ကာလတန်ဖိုး အမေရိကန်ဒေါ်လာသန်း ၃၀၀ ကျော်ရှိသည့် အဆိုပါကိုကင်းမူးယစ်ဆေးဝါးများသည် ဩစတြေးလျသို့ပို့ဆောင်မည့် မူးယစ်ဆေးဝါးများဖြစ်နိုင်ကြောင်း နယူးဇီလန်ရဲတပ်ဖွဲ့က ယူဆထားသည်။


ပင်လယ်ရေပြင်အတွင်းဆယ်ယူရရှိခဲ့သော ကိုကင်းမူးယစ်ဆေးဝါးများသည် ကာလတန်ဖိုး နယူးဇီလန်ဒေါ်လာ သန်း ၅၀၀(အမေရိကန်ဒေါ်လာသန်း ၃၂၀)ထိ ရှိကြောင်း နယူးဇီလန်ရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါဖြစ်စဉ်သည် နယူးဇီလန်နိုင်ငံ၌ တစ်ကြိမ်တည်းဖြင့် မူးယစ်ဆေးဝါးအများဆုံး ဖမ်းဆီးရရှိမှုဖြစ်စဉ်များထဲ၌ တစ်ခုအပါအဝင်ဖြစ်သည်။

လက်ရှိအချိန်တွင် ပင်လယ်ရေပြင်အတွင်း ကိုကင်းများဆယ်ယူရရှိမှုနှင့်ပတ်သက်၍ နယူးဇီလန်ရဲတပ်ဖွဲ့က ဖမ်းဆီးမှုများပြုလုပ်ခြင်း မရှိသေးကြောင်းသိရသည်။ KKO

# SCIENCE AND TECHNOLOGY

## အမေရိကန်သိပ္ပံပညာရှင်များ၏အဆိုအရ ကမ္ဘာမြေ၏မဂ္ဂနက်တိုစဖီးယား ခေါ် သံလိုက်စက်ကွင်းလွှာအပေါ် လ၏ဒြပ်ဆွဲအားသက်ရောက်မှုရှိနေ



**ဝါရှင်တန် ဖေဖော်ဝါရီ ၈**

ကမ္ဘာမြေ၏ မဂ္ဂနက်တိုစဖီးယား ခေါ် သံလိုက်စက်ကွင်းလွှာအပေါ် လ၏ဒြပ်ဆွဲအား သက်ရောက်မှုရှိနေကြောင်း အမေရိကန်သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ Space. com သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၇ ရက်က ရေးသားတင်ပြထားသည်။

ရှေးယခင်က လ၏ဒြပ်ဆွဲအားသည် ကမ္ဘာ့ပင်လယ်သမုဒ္ဒရာရေပြင်များအပေါ်တွင်သာ အားသက်ရောက်မှုရှိကြောင်း သိခဲ့ကြသည်။

သို့ရာတွင် အမေရိကန်သိပ္ပံပညာရှင်များ၏အဆိုအရ လ၏ဒြပ်ဆွဲအားသည် ကမ္ဘာဂြိုဟ်မဂ္ဂနက်တိုစဖီးယားလွှာ၏ အတွင်းပိုင်းနယ်မြေဖြစ်သော ပလပ်စမာစဖီးယားနယ်မြေ ခေါ် စွမ်းအင်ဆောင်ရုပ်မှုန်များ တည်ရှိရာနယ်မြေအပေါ်တွင်လည်း အားသက်ရောက်မှုရှိကြောင်း သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် ပြီးခဲ့သော နှစ် ၄၀ အတွင်း ပလပ်စမာစဖီးယား နယ်မြေကို ဖြတ်ကျော်ခဲ့ကြသောဂြိုဟ်တုများမှ ရရှိသည့် အချက်အလက်များကို လေ့လာခဲ့ပြီးနောက် မဂ္ဂနက်တိုစဖီးယားလွှာအပေါ် လဒြပ်ဆွဲအား သက်ရောက်မှုရှိကြောင်း ဖော်ထုတ်တင်ပြခဲ့ခြင်းဖြစ်သည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ ပလပ်စမာစဖီးယားနယ်မြေ၏ မျက်နှာပြင်မှာ လ၏ဒြပ်ဆွဲအားကြောင့် ကမ္ဘာ့သမုဒ္ဒရာများကဲ့သို့ အတက်အကျရှိနေတတ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

မဂ္ဂနက်တိုစဖီးယား သံလိုက်စက်ကွင်းလွှာသည် ကမ္ဘာဂြိုဟ်ကို နေမှထုတ်လွှတ်နေသည့် စွမ်းအင်ဆောင် အမှုန်စီးကြောင်းများမှ ကာကွယ်ပေးထားသောနယ်မြေဖြစ်ကြောင်း သိရသည်။ KKO

## Space-X ကုမ္ပဏီက ပုဂ္ဂလိကဆက်သွယ်ရေးဂြိုဟ်တုတစ်စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် အောင်မြင်စွာလွှတ်တင်ပေးခဲ့

**ဝါရှင်တန် ဖေဖော်ဝါရီ ၈**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် ပုဂ္ဂလိကဆက်သွယ်ရေးဂြိုဟ်တုတစ်စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖေဖော်ဝါရီ ၇ ရက်က အောင်မြင်စွာလွှတ်တင်ပေးခဲ့ကြောင်း Space. com သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၇ ရက်က ရေးသားတင်ပြထားသည်။

စပိန်ဆက်သွယ်ရေးကုမ္ပဏီတစ်ခု၏ အမေဇိုနက်စ် နက်ဆပ်စ် အမည်ရှိ ဆက်သွယ်ရေးဂြိုဟ်တုသယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံပင်မဒုံးယာဉ်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသည့် မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ ဆင်းသက်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၃၆ မိနစ်ခန့်အကြာတွင် အလေးချိန်ကီလိုဂရမ် ၄၅၀၀ ရှိသည့် အမေဇိုနက်စ် နက်ဆပ်စ်ဆက်သွယ်ရေးဂြိုဟ်တုကို ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။



လာမည့် ခြောက်လတာကာလအတွင်း အဆိုပါဆက်သွယ်ရေးဂြိုဟ်တုသည် လက်ရှိပတ်လမ်းမှတစ်ဆင့် ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၂၂၀၀၀ ကျော်တွင်ရှိသော ပတ်လမ်းပေါ်သို့ ဆက်လက်တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၇ ရက်မစ်ရှင်သည် Space-X အာကာသနည်းပညာကုမ္ပဏီအတွက် ယခုနှစ်၏ နဝမမြောက်အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။ KKO

## ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်ရှာဖွေတွေ့ရှိထားသော ကြယ်စုတစ်စုက နဂါးငွေ့တန်းကြယ်စု စတင်ဖွဲ့စည်းဖြစ်ပေါ်လာပုံကို ထင်ဟပ်ပြသနေ

**ကင်ဘာရာ ဖေဖော်ဝါရီ ၈**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) ၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်က ရှာဖွေတွေ့ရှိထားသော ကြယ်စုတစ်စုသည် နဂါးငွေ့တန်းကြယ်စု စတင်ဖွဲ့စည်းဖြစ်ပေါ်လာပုံကို တင်ဟပ်ပြသနေကြောင်း The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၇ ရက်က ရေးသားတင်ပြထားသည်။

ကမ္ဘာမြေနှင့် အလင်းနှစ် ကိုးဘီလီယံအကွာတွင် တည်ရှိသည့် အဆိုပါကြယ်စုကို မီးပန်းကြယ်စုဟူ၍ သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

မီးပန်းကြယ်စုသည် အနီးအနားရှိ ကြယ်အစုအဝေးများနှင့် အရံကြယ်စုငယ်များကို ဝါးမျိုခြင်းဖြင့် တဖြည်းဖြည်းကြီးထွားလာကြောင်း ဩစတြေးလျနိုင်ငံ ဆွင်းဘန်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါကြယ်စုအနေဖြင့် အရံကြယ်စုငယ်များနှင့် ကြယ်အစုအဝေးများကို ဝါးမျိုခြင်းဖြင့် ဒြပ်ထုတည်ဆောက်နေပုံမှာ နဂါးငွေ့တန်းကြယ်စု၏ ဒြပ်ထုဖွဲ့စည်းပုံကို ထင်ဟပ်နေသည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

စကြဝဠာပေါ်ထွက်ခဲ့ပြီး နှစ်ပေါင်း လေးဘီလီယံခန့်တွင် စတင်ဖွဲ့စည်းဖြစ်ပေါ်လာသော မီးပန်းကြယ်စုကို ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါကြယ်စုဖွဲ့စည်းမှုပုံစံကို နိုင်ငံတကာသိပ္ပံပညာရှင်များက လေ့လာနေကြဆဲဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## ဗီတာမင်-ဒီအားဖြည့်ဆေး နေ့စဉ်သောက်သုံးပါက ဆီးချိုရောဂါကာကွယ်ရာတွင် အထောက်အကူပေးနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၈**

ဗီတာမင်-ဒီ အားဖြည့်ဆေးတစ်မျိုးမျိုးကို နေ့စဉ်သောက်သုံးပါက ဆီးချိုရောဂါဖြစ်ပွားမှုကာကွယ်ရာတွင် အထောက်အကူပေးနိုင်ကြောင်း The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၇ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ တပ်ဖ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ဗီတာမင်-ဒီနှင့် ဆီးချိုရောဂါတို့ကြား ဆက်စပ်မှုကို ဖော်ထုတ်ရေးအတွက် လေ့လာချက်ပေါင်း ၁၇ ခုတို့မှ အချက်အလက်များကို အသေးစိတ်စိစစ်လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ ဆီးချိုရောဂါမဖြစ်သေးသော်လည်း သွေးအတွင်း သကြားဓာတ်ပါဝင်မှုပုံမှန်ထက်လွန်ကဲနေသူများအနေဖြင့် ဗီတာမင်-ဒီကို နေ့စဉ်မှီဝဲပါက ဆီးချိုရောဂါဖြစ်နိုင်ခြေ ၁၅ ရာခိုင်နှုန်း ကျဆင်းသွားတတ်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဗီတာမင်-ဒီသည် လူ့ကိုယ်ခန္ဓာ၏ အင်ဆူလင်ဟော်မုန်းထုတ်နိုင်စွမ်းနှင့် သွေးအတွင်း သကြားဓာတ်ပါဝင်မှု ထိန်းချုပ်နိုင်စွမ်းတို့ကို အထောက်အကူပေးနိုင်ကြောင်း၊ ဗီတာမင်-ဒီသည် နေရောင်နှင့် ထိတွေ့ချိန်တွင် လူ့ကိုယ်ခန္ဓာက အလိုက်အလျောက်ထုတ်ပေးတတ်သည့် ဗီတာမင်ဓာတ်တစ်မျိုးဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဗီတာမင်-ဒီသည် သွေးအတွင်း သကြားဓာတ်ပုံမှန်ထက်လွန်ကဲနေသော်လည်း ဆီးချိုရောဂါအဆင့် မရောက်သေးသူများအတွက် ကျန်းမာရေးအကျိုးကျေးဇူးရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

KKO

## ကျန်းမာရေးနှင့်ညီသည့်အလေ့အထများလိုက်နာခြင်းဖြင့် ကိုဗစ်ရောဂါလက္ခဏာရေရှည်ခံစားရနိုင်မှုကို ကာကွယ်နိုင်

**နယူးယောက် ဖေဖော်ဝါရီ ၈**


ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ အိပ်ရေးဝဝအိပ်ခြင်း စသည့် ကျန်းမာရေးနှင့်ညီညွတ်သည့် အလေ့အထများကို လိုက်နာခြင်းဖြင့် ကိုဗစ်ရောဂါလက္ခဏာများ ရေရှည်ခံစားရနိုင်မှုကို ကာကွယ်နိုင်ကြောင်း The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၇ ရက်က ရေးသားတင်ပြထားသည်။

ကိုဗစ်ရောဂါ ကူးစက်ခံခဲ့ရသူများတွင် ဗိုင်းရပ်ကင်းစင်ပြီးနောက်မှာပင် ကိုဗစ်ရောဂါလက္ခဏာများကို ရေရှည်ဆက်၍ ခံစားရတတ်ကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကျန်းမာရေးနှင့်ညီညွတ်သည့် အလေ့အထများကို လိုက်နာမှုသည် ကိုဗစ်ရောဂါလက္ခဏာများ ရေရှည်ခံစားရနိုင်မှုအပေါ် အကျိုးသက်ရောက်မှုရှိကြောင်း သိရသည်။

သုတေသနပညာရှင်များသည် ကျန်းမာရေးနှင့်ညီညွတ်သည့် အလေ့အထများနှင့် ကိုဗစ်ရောဂါလက္ခဏာများ ရေရှည်ခံစားရနိုင်မှုတို့ကြား ဆက်နွှယ်မှုရှိ၊ မရှိကို ဖော်ထုတ်ရေးအတွက် အမျိုးသမီးသူနာပြု ၃၂၀၀ တို့၏ ကျန်းမာရေးမှတ်တမ်းများကို လေ့လာခဲ့ကြသည်။

လေ့လာချက်ရလဒ်များအရ ကျန်းမာရေးနှင့်ညီညွတ်သည့် အလေ့အထများကို လိုက်နာသူများ၌ ကိုဗစ်ရောဂါလက္ခဏာများ ရေရှည်ခံစားရနိုင်ခြေ ပုံမှန်ထက် ၃၀ ရာခိုင်နှုန်း ပိုနည်းပါးသည်ကိုတွေ့ရကြောင်း၊ အိပ်ရေးဝဝအိပ်စက်ခြင်းကဲ့သို့ ရိုးစင်းသည့်ဘဝနေထိုင်မှုပုံစံအပြောင်းအလဲများသည် ကိုဗစ်ရောဂါလက္ခဏာများ ရေရှည်ခံစားရနိုင်မှုကို လျှော့ချရာတွင် အကျိုးပြုကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။ KKO






# တိုက်စစ်မှူး အိုစီမန်ကို ရောင်းချမည်မဟုတ်ကြောင်း နာပိုလီအသင်းဥက္ကဋ္ဌ ပြောကြား

**ရောမ ဖေဖော်ဝါရီ ၈**

နာပိုလီအသင်း၏တိုက်စစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် တိုက်စစ်မှူး အိုစီမန်ကို ဥရောပထိပ်သီး ကလပ်အသင်းများက စိတ်ဝင်စားနေသော်လည်း အသင်းဥက္ကဋ္ဌ ဒီလော်ရန်တစ်က ရောင်းချမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်ဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် တိုက်စစ်မှူး အိုစီမန်ကို မန်ယူအသင်း နည်းပြ တန်ဟတ်က နွေရာသီတွင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၁၀၀ ဖြင့်ခေါ်ယူရန် ကြိုးပမ်းနေသော်လည်း နာပိုလီအသင်းက ၎င်းတို့၏ ကစားသမားကို လက်မလွှတ်လိုသောကြောင့် ကမ်းလှမ်းမှုများကို ပယ်ချခဲ့ပြီး အိုစီမန်ကို ရောင်းချမည်မဟုတ်ကြောင်း အသင်းဥက္ကဋ္ဌ ဒီလော်ရန်တစ်က ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

အသင်းဥက္ကဋ္ဌ ဒီလော်ရန်တစ်က "အိုစီမန်ဟာ အသင်းနဲ့လာမဲ့ ၂၀၂၅ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမှာပါ။ လက်ရှိမှာ သူဟာ အသင်းရဲ့ မရှိမဖြစ်ကစားသမားဖြစ်သလို ကစားသမားကိုယ်တိုင်ကလဲ နာပိုလီကထွက်ခွာမှာမဟုတ်ပါဘူး။ ဒါကြောင့် အသင်းအနေနဲ့ သူ့ကို ရောင်းချသွားမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ အသင်းအနေနဲ့လဲ ကြွေးမြီပြဿနာတွေ ရှိမနေတာကြောင့် သူ့ကိုရောင်းချဖို့က မဖြစ်နိုင်ပါဘူး" ဟု ပြောကြားခဲ့သည်။

အသက် ၂၄ နှစ်ရှိ တိုက်စစ်မှူး အိုစီမန်သည် ၂၀၂၀ ပြည့်နှစ်က နာပိုလီအသင်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၈၃ ပွဲတွင် သွင်းဂိုး ၄၅ ဂိုးထိ သွင်းယူနိုင်ခဲ့သည့်အပြင် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင်လည်း ၁၇ ပွဲပါဝင်ခဲ့ရာ သွင်းဂိုး ၁၆ ဂိုးနှင့် ဂိုးဖန်တီးမှု သုံးကြိမ်ထိ ပြုလုပ်၍ ခြေစွမ်းပြသနိုင်ခဲ့ကြောင်း သိရသည်။ ML



# အာဂျင်တီးနား၊ ပါရာဂွေး၊ ဥရုဂွေးနှင့် ချီလီနိုင်ငံတို့က လာမည့် ၂၀၃၀ ကမ္ဘာ့ဖလားပူးတွဲအိမ်ရှင် ကျင်းပရန် အဆိုတင်သွင်း



**ဗျူနိုဗ်အေရိစ် ဖေဖော်ဝါရီ ၈**

အာဂျင်တီးနား၊ ပါရာဂွေး၊ ဥရုဂွေးနှင့် ချီလီနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့က လာမည့် ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရရှိရန်အတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ထံ အဆိုတင်သွင်းခဲ့သည်ဟု One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်အတန်းအမြင့်မားဆုံးဘောလုံးပြိုင်ပွဲကို ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က ကာတာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး လာမည့် ၂၀၂၆ ခုနှစ် ပြိုင်ပွဲကို အမေရိကန်၊ ကနေဒါနှင့် မက္ကဆီကို နိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲကို ၁၉၃၀ ပြည့်နှစ်ကစတင်ပြီး လေးနှစ်လျှင် တစ်ကြိမ် ကျင်းပလျက်ရှိနေပြီး ဒုတိယကမ္ဘာစစ် ဖြစ်ပွားခဲ့စဉ်က နှစ်ကြိမ် ရပ်နားခဲ့ရသော်လည်း နောက်ပိုင်းကာလများတွင် လေးနှစ်တစ်ကြိမ်ပြန်လည် ကျင်းပလျက်ရှိရာ လာမည့် ၂၀၃၀ တွင် ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲသည် နှစ် ၁၀၀ ပြည့် ပြိုင်ပွဲဖြစ်လာမည်ဖြစ်သည်။

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်၏ အလှည့်ကျ အိမ်ရှင်ကျင်းပသည့် စနစ်အရ လာမည့် ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို အာရှနှင့် မြောက်အမေရိကနိုင်ငံများအနေဖြင့် အိမ်ရှင်အဖြစ် လျှောက်ထားခွင့်ရရှိမည်မဟုတ်ဘဲ ကျန်တိုက်ကြီးများမှသာ တင်သွင်းခွင့်ရရှိမည်ဖြစ်သည်။

ယခင်က ကမ္ဘာ့ဖလားပြိုင်ပွဲကို နှစ်နိုင်ငံ ပူးတွဲအိမ်ရှင်အဖြစ် လက်ခံ ကျင်းပခဲ့ကြသော်လည်း လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ သုံးနိုင်ငံ ပူးတွဲအိမ်ရှင်ဖြစ်လာမည်ဖြစ်ပြီး ၂၀၃၀ ပြိုင်ပွဲကို အာဂျင်တီးနား၊ ပါရာဂွေး၊ ဥရုဂွေးနှင့် ချီလီနိုင်ငံတို့သာ ကျင်းပခွင့်ရရှိပါက လေးနိုင်ငံပူးတွဲအိမ်ရှင်အဖြစ် ကျင်းပမည့် ပထမဆုံးပြိုင်ပွဲဖြစ်လာမည်ဖြစ်သည်။

၂၀၃၀ ကမ္ဘာ့ဖလား အိမ်ရှင်အဖြစ် လျှောက်ထားမှုအတွက် ဥရောပတိုက်မှ စပိန်နိုင်ငံနှင့် ပေါ်တူဂီနိုင်ငံတို့ကလည်း ပူးတွဲအိမ်ရှင်အဖြစ် အဆိုတင်သွင်းထားကြောင်း သိရသည်။ STA

# တရားမဝင်အလုပ်သမားခန့်အပ်ထားမှုကြောင့် ပီအက်စ်ဂျီအသင်း ပြင်သစ်အစိုးရ၏စစ်ဆေးမှုနှင့် ရင်ဆိုင်နေရ

**ပဲရစ် ဖေဖော်ဝါရီ ၈**

ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းသည် တရားမဝင်အလုပ်သမားခန့်အပ်ထားမှုကြောင့် ပြင်သစ်အစိုးရရှေ့နေများ၏ တရားစွဲဆိုမှုနှင့် ရင်ဆိုင်ခဲ့ရပြီး စစ်ဆေးမှုခံယူနေရသည်ဟု Channelnews-asia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ပီအက်စ်ဂျီ အသင်းသည် တူနီးရှားနိုင်ငံသား ဘူအာဂျီလာကို အသင်းဥက္ကဋ္ဌ အယ်ကာလိုင်ဖီ၏ အကြံပေးအဖြစ် ခန့်အပ်ထားသော်လည်း ပြင်သစ်အစိုးရရှေ့နေရုံးက အလုပ်သမား မှတ်ပုံတင်ထားခြင်း မရှိမှုကြောင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက တရားမဝင် အလုပ်သမားခန့်အပ်ထားမှုနှင့် စွဲချက်တင်ခဲ့ပြီးနောက် ပြီးခဲ့သည့် ဇန်နဝါရီ ၁၆ ရက်က အစိုးရရှေ့နေများ၏ စစ်ဆေးမှုခံခဲ့ရကြောင်း သိရသည်။

ဘူအာဂျီလာက ၎င်းအနေဖြင့် အသင်းဥက္ကဋ္ဌ အယ်ကာလိုင်ဖီ၏ အကြံပေးအဖြစ်သာ ဆောင်ရွက်နေသည့်အပြင် ဒိုဟာမြို့အခြေစိုက် တင်းနစ်အကယ်ဒမီတစ်ခုကို သီးခြားအုပ်ချုပ်နေရသူ တစ်ဦးဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပီအက်စ်ဂျီ အသင်းဥက္ကဋ္ဌက "အသင်းအနေနဲ့ ဘူအာဂျီလာကို အသင်းရဲ့ အလုပ်သမားအဖြစ် ခန့်အပ်ထားခြင်း မရှိပါဘူး။ သူဟာ ကျွန်တော့်ရဲ့ အကြံပေးအဖြစ် လုပ်ဆောင်နေသူတစ်ဦးသာ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ထို့ပြင် ပီအက်စ်ဂျီအသင်းသည် ပြီးခဲ့သည့်နှစ် စက်တင်ဘာလကလည်း ယူအီးအက်ဖ်အေ၏ဘဏ္ဍာရေးစည်းမျဉ်း ချိုးဖောက်ခဲ့မှုကြောင့် ယူရို ၁၀ သန်း ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည့်အပြင် လက်ရှိတွင် အလုပ်သမားမှတ်ပုံတင်ထားခြင်း မရှိမှုကြောင့် ပြင်သစ်အစိုးရစစ်ဆေးမှုနှင့်ရင်ဆိုင်ခဲ့ရသည်။ ML

# လိုက်ပ်ဇစ်နည်းပြ တီဒက်စ်ကိုအား နည်းပြသစ်ခန့်အပ်ရန် ဘယ်လ်ဂျီယံဘောလုံးအဖွဲ့ချုပ်ကြိုးပမ်း

**ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၈**

ဘယ်လ်ဂျီယံ အသင်းသည် ကာတာကမ္ဘာ့ဖလား ပြိုင်ပွဲအပြီးတွင် နည်းပြမာတီနက်ဇ်နှင့် လမ်းခွဲခဲ့ပြီးနောက်ပိုင်း နည်းပြသစ်ခန့်အပ်ရန် ကြိုးပမ်းလျက်ရှိရာ လိုက်ပ်ဇစ်အသင်းနည်းပြဟောင်း တီဒက်စ်ကိုအား လက်ရွေးစင်နည်းပြအဖြစ် ခန့်အပ်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း Reuters သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘယ်လ်ဂျီယံဘောလုံးအဖွဲ့ချုပ်အနေဖြင့် တီဒက်စ်ကိုအား နည်းပြသစ် ခန့်အပ်လိုသော်လည်း ၎င်းအနေဖြင့် လိုက်ပ်ဇစ်အသင်းနှင့် ယခုနှစ်ဘောလုံးရာသီကုန်မှ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်ရာ စာချုပ်ကိစ္စများ အပြီးသတ်ရန်အတွက် လိုက်ပ်ဇစ်အသင်းနှင့် ဆက်လက် ဆွေးနွေးရမည်ဖြစ်ပြီး ဘယ်လ်ဂျီယံဘောလုံးအဖွဲ့ချုပ်က လာမည့် ရက်သတ္တပတ်အတွင်း ခေါ်ယူနိုင်ရန် မျှော်လင့်ထားကြောင်း သိရသည်။

နည်းပြ တီဒက်စ်ကိုသည် လိုက်ပ်ဇစ်အသင်းနှင့် ပြီးခဲ့သည့်နှစ်စက်တင်ဘာလက လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသော်လည်း စာချုပ်ဖျက်သိမ်းခဲ့ခြင်းမရှိသဖြင့် စာချုပ်ပါအချက်အလက်အရ ယခုနှစ်ဘောလုံးရာသီကုန်မှသာအသင်းနှင့် သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် ၎င်းအနေဖြင့် အသင်းပြောင်းရွှေ့လိုပါက လိုက်ပ်ဇစ်အသင်းနှင့် ဆွေးနွေးမှုပြုလုပ်ရမည်ဖြစ်သည်။



လက်ရှိတွင် ဘယ်လ်ဂျီယံအသင်းသည် နည်းပြတီဒက်စ်ကိုအား တရားဝင်နည်းပြအဖြစ် ထုတ်ပြန်ကြေညာရန် ပြင်ဆင်လျက်ရှိပြီး လာမည့် ရက်သတ္တပတ်အတွင်း ဂျာမနီတွင် ကစားရမည့် ခြေစမ်းပွဲစဉ်များအပါအဝင် လာမည့် မတ်လတွင် စတင်မည့် ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်များအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်နိုင်ရန် နည်းပြ တီဒက်စ်ကိုနှင့် လိုက်ပ်ဇစ်အသင်းတို့၏ စာချုပ်ဖျက်သိမ်းမှုကို စောင့်ဆိုင်းလျက်ရှိသည်။ ML

## အားကစားသတင်း အတိုအထွာများ

- ဖီဖာကမ္ဘာ့ကလပ် ချန်ပီယံဖလား ဆီမီးဖိုင်နယ်တွင် ဖလာမင်ဂိုအသင်းက အယ်ဟိုင်လာအသင်းကို သုံးဂိုးနှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့မှုကြောင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကြောင်း သိရသည်။
- ကာတာရင်းနှီးမြှုပ်နှံမှုကုမ္ပဏီက မန်ယူအသင်းကို စတာလင်ပေါင် ခြောက်ဘီလီယံဖြင့် ဝယ်ယူရန် ဆွေးနွေးလျက်ရှိပြီး ရက်ပိုင်းအတွင်း ဝယ်ယူနိုင်ရန် မျှော်လင့်ထားကြောင်း သိရသည်။
- လိဒ်အသင်းက နည်းပြသစ်ခန့်အပ်ရန် ကြိုးပမ်းနေသည့် ဝက်စ်ဘရွန်းနည်းပြ ကော်ဘာရန်က အသင်းနှင့် စာချုပ်သက်တမ်းတိုးခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။
- ချဲလ်ဆီးအသင်းက ရလဒ်ပိုင်း တိုးတက်လာခြင်းမရှိသည့်အတွက် နည်းပြဂရာဟမ်ပေါ်တာ၏နေရာတွင် စပိန်အသင်းနည်းပြဟောင်း အင်းနရစ်ကို ခန့်အပ်နိုင်ရန် ပြင်ဆင်နေကြောင်း သိရသည်။

ML

# WBC လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံစိန်ခေါ်ခွင့်အတွက် စတီဗင်ဆင်နှင့် ယိုရှီနိုတို့ ယှဉ်ပြိုင်ထိုးသတ်သွားမည်




**ဝါရှင်တန် ဖေဖော်ဝါရီ ၈**

WBC လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံအား စိန်ခေါ်ခွင့်အတွက် အမေရိကန်လက်ဝှေ့သမား စတီဗင်ဆင်နှင့်ဂျပန်လက်ဝှေ့သမား ယိုရှီနိုတို့ ၂၀၂၃ ခုနှစ် ဧပြီ ၈ ရက်တွင် အမေရိကန်နိုင်ငံ နယူးဂျာစီတွင် ထိုးသတ်မည်ဖြစ်ကြောင်း Boxing News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စတီဗင်ဆင်နှင့် ယိုရှီနိုတို့၏ စိန်ခေါ်ပွဲတွင် အနိုင်ရရှိလာသည့် လက်ဝှေ့သမားကWBC လိုက်ဝိတ်တန်း၏ ပြိုင်ဘက်ကင်းချန်ပီယံ အမေရိကန်လက်ဝှေ့သမား ဒါဗင်ဟန်နေးအား စိန်ခေါ်ခွင့်ရမည်ဖြစ်သည်။

စတီဗင်ဆင်နှင့် ယိုရှီနိုတို့သည် ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားများဖြစ်ကြပြီး လိုက်ဝိတ်တန်း၏ အကောင်းဆုံး လက်ဝှေ့သမားစာရင်းတွင် ပါဝင်နေသူများလည်းဖြစ်သည်။

စတီဗင်ဆင်နှင့် ယိုရှီနိုတို့ ထိုးသတ်မည့်စိန်ခေါ်ပွဲတွင် အနိုင်ရရှိလာသည့် လက်ဝှေ့သမားက လိုက်ဝိတ်တန်း၏ ပြိုင်ဘက်ကင်းချန်ပီယံဒါဗင်ဟန်နေးဖြင့် ထိုးသတ်ခွင့်ရမည်ဖြစ်သော်လည်း ဒါဗင်ဟန်နေးကယူကရိန်းလက်ဝှေ့သမား လိုမာချန်ကိုနှင့် ထိုးသတ်ရန်ဆုံးဖြတ်ခဲ့ပါက စတီဗင်ဆင်နှင့် ယိုရှီနိုတို့ပွဲစဉ်မှ အနိုင်ရလာသည့် လက်ဝှေ့သမားသည် ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲအတွက် စောင့်ဆိုင်းသွားရမည်ဖြစ်သည်။

ဂျပန်လက်ဝှေ့သမား ယိုရှီနိုက "ကျွန်တော့်ရဲ့ လက်ဝှေ့သမားဘဝသက်တမ်းတစ်လျှောက် အမေရိကန်နိုင်ငံမှာ တစ်ခါမှ မထိုးသတ်ဖူးသေးဘူး။ ကျွန်တော့်အတွက် အမေရိကန်နိုင်ငံမှာ ပထမဆုံး ထိုးသတ်သွားမဲ့ပွဲစဉ်ဖြစ်ပါတယ်။ ပွဲကြီးပွဲကောင်းတွေ လက်ခံကျင်းပနေသည့် အမေရိကန်နိုင်ငံမှာ ပထမဆုံး ထိုးသတ်ခွင့် ရတော့မှာဖြစ်တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ စတီဗင်ဆင်ဟာ မတူညီတဲ့ဝိတ်တန်း နှစ်ခုမှာ ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့တယ်။ ကျွန်တော့်အတွက် ပြိုင်ဘက်ကောင်းတစ်ယောက် ဖြစ်လာလိမ့်မယ်။ စိန်ခေါ်ပွဲထိုးသတ်ဖို့အတွက် နှစ်လကျန်သေးတယ်။ ဒီကာလအတွင်းမှာ လေ့ကျင့်ပြင်ဆင်မှုတွေ အကောင်းဆုံးလုပ်ဆောင်သွားမယ်။ ခက်ခဲတဲ့ ပြိုင်ဘက်တစ်ယောက်ကို ယှဉ်ပြိုင်ထိုးသတ်ရမှာ ဖြစ်တဲ့အတွက် ပြင်ဆင်လေ့ကျင့်မှုကို အချိန်ပေးရမယ်။ အပြင်းအထန် လေ့ကျင့်နိုင်မှရလဒ်ကောင်းတစ်ခုကို ရယူနိုင်လိမ့်မယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# Mubadala Abu Dhabi Open ပြိုင်ပွဲဒုတိယအဆင့်သို့ ယူလီယာတက်ရောက်

**ဒူဘိုင်း ဖေဖော်ဝါရီ ၈**

ယူအေအီးနိုင်ငံ ဒူဘိုင်းတွင် ကျင်းပနေသည့် Mubadala Abu Dhabi Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ကနေဒါတင်းနစ်မယ် အန်ဒရက်စ်ကူနှင့် ကာဇက်စတန်တင်းနစ်မယ် ယူလီယာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ယူလီယာက (၇-၆၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း WTA က ယနေ့တွင် ဖော်ပြခဲ့သည်။

အန်ဒရက်စ်ကူသည် ဗိုလ်စွဲရန် ရေပန်းစားနေသည့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်သော်လည်း ယူလီယာ၏ ထင်မှတ်မထားသည့် စွမ်းဆောင်ရည်များကြောင့် အန်ဒရက်စ်ကူ ရှုံးနိမ့်ခဲ့ရသည်။

လက်ရှိ ကမ္ဘာ့အဆင့် (၄၅) နေရာတွင် ရပ်တည်နေသည့် ယူလီယာသည် ပထမပွဲငယ်တွင် အန်ဒရက်စ်ကူဖြင့် အကြိတ်အနယ် ယှဉ်ပြိုင် ကစားခဲ့ရသော်လည်း ဒုတိယပွဲငယ်တွင် ပြတ်သားသော ရလဒ်ဖြင့် အနိုင်ရခဲ့သည်။

ယူလီယာက "ခက်ခဲတဲ့ပွဲစဉ်တစ်ပွဲပါ။ အထူးသဖြင့် ပထမပွဲငယ်က ပိုပြီးတော့ ခက်ခဲခဲ့တယ်။ ကြံ့ခိုင်မှုကို အသားပေးတဲ့ ကစားဟန်နဲ့ ကစားရတဲ့အတွက်ကြောင့် အရမ်းပင်ပန်းတယ်။ ပထမပွဲငယ်ဟာ ခက်ခဲတဲ့ပွဲစဉ်တစ်ပွဲဖြစ်ပေမဲ့လဲ အနိုင်ရအောင် ကစားနိုင်လို့ဝမ်းသာဂုဏ်ယူပါတယ်။ ပထမပွဲငယ်မှာ အနိုင်ရခဲ့လို့လဲ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု ပိုရှိလာတယ်။ ယုံကြည်မှုရှိလာတဲ့အတွက်ကြောင့်လဲ ဒုတိယပွဲငယ်မှာပြတ်သားတဲ့ရလဒ်နဲ့အနိုင်ရခဲ့တာပါ။ လာမဲ့ပွဲစဉ်တွေမှာလဲ အခုလို ကစားနိုင်အောင် ကိုယ့်ကိုယ်ကိုယ် ဖိအားပေးကစားရမယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# စပါးအသင်းဂိုးသမား လိုရစ် ဒူးဒဏ်ရာကြောင့် ရက်သတ္တခြောက်ပတ်မှ ရှစ်ပတ်ခန့်ထိ အနားယူရမည်

**လန်ဒန် ဖေဖော်ဝါရီ ၈**

စပါးအသင်း အဓိကဂိုးသမား လိုရစ်သည် ဒူးဒဏ်ရာကြောင့် ရက်သတ္တခြောက်ပတ်မှ ရှစ်ပတ်ခန့်ထိ အနားယူရမည်ဟု စပါးအသင်းက အတည်ပြုကြေညာခဲ့ကြောင်း ဒေးလီးမေးလ် သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စပါးအသင်းဂိုးသမား လိုရစ်သည် ဖေဖော်ဝါရီ ၅ ရက်က ကစားခဲ့သည့် မန်စီးတီးအသင်းကို တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သော်လည်း အဆိုပါ ပွဲစဉ်ကို ပြီးဆုံးသည်ထိ ပါဝင်ကစားခဲ့သဖြင့် ယခုအခါ ဒဏ်ရာမှာ ပိုမိုဆိုးရွားလာခဲ့သည့်အတွက် အနားယူရမည်ဖြစ်သည်။

လိုရစ်အနေဖြင့် ဒူးဒဏ်ရာပိုမိုပြင်းထန်လာသည့်အတွက် အသေးစိတ်ဆေးစစ်မှုများပြုလုပ်ခဲ့ရာတွင် ဒဏ်ရာမှာ စိုးရိမ်စရာမရှိသော်လည်း ကြံ့ခိုင်မှုပြန်လည်ပြည့်ဝရန်အတွက် အနည်းဆုံး ရက်သတ္တခြောက်ပတ်နှင့် အများဆုံးအဖြစ် ရှစ်ပတ်ခန့်ထိ အနားယူရမည်ဖြစ်သည်။




စပါးအသင်းက"လိုရစ်အနေနဲ့ ဒဏ်ရာမသက်သာလို့ အသေးစိတ်ဆေးစစ်တဲ့အခါမှာ ဒူးဒဏ်ရာက ပိုဆိုးရွားနေလို့ အနည်းဆုံး ခြောက်ပတ်ကနေ အများဆုံး ရှစ်ပတ်လောက်ထိ အနားယူရမယ်လို့အသင်းဆေးအဖွဲ့ကအကြောင်းပြန်ထားပါတယ်။ သူ့အနေနဲ့ခန့်မှန်းထားတာထက် အမြန်ဆုံးပြန်လည်သက်သာလာဖို့ မျှော်လင့်ပါတယ်" ဟု ထုတ်ပြန်ခဲ့သည်။

လိုရစ်အနေဖြင့် အနည်းဆုံး ရက်သတ္တခြောက်ပတ်ခန့်ထိ အနားယူရမည်ဖြစ်သည့်အတွက် အသင်းနှင့်အရေးကြီးပွဲစဉ်များကို လွဲချော်ရမည်ဖြစ်ပြီး မတ်လနှောင်းပိုင်းမှသာ ပြန်လည်ပါဝင်ဖွယ်ရှိနေကြောင်း သိရသည်။ STA

# Thurman Munson Award ဆုကို ဆွီဒင်ဂေါက်သီးရိုက်မယ် ဆိုရန်စတမ် ဆွတ်ခူး

**နယူးယောက် ဖေဖော်ဝါရီ ၈**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် အခြေစိုက်သည့် AHRC New York City က ချီးမြှင့်သော Thurman Munson Award ဆုကို ဆွီဒင်ဂေါက်သီးရိုက်မယ် ဆိုရန်စတမ်က ဆွတ်ခူးခဲ့ကြောင်း AHRC New York City အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု LPGA က ယနေ့တွင် ဖော်ပြခဲ့သည်။

Thurman Munson Award ဆုသည် ဂေါက်သီးရိုက်ပြိုင်ပွဲများအတွင်းသာမက ကွင်းပြင်ပလူမှုရေးကိစ္စရပ်များ၌လည်း စွမ်းစွမ်းတမံဆောင်ရွက်နိုင်သော အားကစားသမားများကို ရွေးချယ်ချီးမြှင့်သည့် ဆုတစ်ဆုလည်းဖြစ်သည်။

Thurman Munson Award ဆုကို ချီးမြှင့်လာခဲ့သည်မှာ နှစ်ပေါင်း ၄၃ နှစ်တိုင်တိုင် ရှိလာခဲ့ပြီဖြစ်ပြီး ဂေါက်သီးရိုက်လောကမှ အားကစားသမားများ တစ်ကြိမ်တစ်ခါမှ အဆိုပါဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းမရှိသေးဘဲ ဆိုရန်စတမ်သည် Thurman Munson Award ဆုကို ဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံးသော ဂေါက်သီးရိုက်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဆိုရန်စတမ်က "Thurman Munson Award ဆုကို ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဘေ့စ်ဘော အားကစားသမားအများစုသာ ဆွတ်ခူးလေ့ရှိတဲ့ ဒီဆုကို ဂေါက်သီးရိုက်ကစားသမားတစ်ဦးအနေနဲ့ပထမဆုံး ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် ပိုလို့တောင်ဝမ်းသာဂုဏ်ယူမိပါတယ်။ ဒီဆုဟာ အားကစားစွမ်းဆောင်ရည်အပြင် လူမှုရေးလှုပ်ရှားမှုစွမ်းဆောင်ရည်တွေကိုပါ ကြည့်ပြီးတော့ ချီးမြှင့်တဲ့ဆုတစ်ဆုလဲဖြစ်ပါတယ်။ ဆွီဒင်နိုင်ငံသားတစ်ယောက်အနေနဲ့ ဒီဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်လို့ ဆွီဒင်နိုင်ငံအတွက် ဂုဏ်ယူစရာဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# ချဲလ်ဆီးအသင်းက ဂျာစီရင်ဘတ်စပွန်ဆာဖြစ်သည့် မိုဘိုင်းဖုန်းကုမ္ပဏီ Three နှင့် လမ်းခွဲရန်အတွက် ပြင်ဆင်နေ

**လန်ဒန် ဖေဖော်ဝါရီ ၈**

ချဲလ်ဆီးအသင်းက အသင်းဝင်ငွေ ပိုမိုတိုးတက်လာရေးအတွက် လက်ရှိဂျာစီရင်ဘတ်စပွန်ဆာဖြစ်သည့်မိုဘိုင်းဖုန်းကုမ္ပဏီThreeနှင့် လမ်းခွဲရန်အတွက် ပြင်ဆင်လျက်ရှိနေသည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီး အသင်းပိုင်ရှင်သစ် တော့ဘိုလီက ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့နှင့် ဇန်နဝါရီအပြောင်းအရွှေ့ ကာလတို့တွင် ပြောင်းရွှေ့ကြေးအများအပြားအသုံးပြုပြီး ကစားသမားသစ်များကို ခေါ်ယူအင်အား ဖြည့်တင်းထားသည့်အတွက် ဘဏ္ဍာရေးစည်းမျဉ်းနှင့် ကိုက်ညီစေရန် အသင်းဝင်ငွေ ပိုမိုတိုးတက်လာအောင်လုပ်ဆောင်လျက်ရှိနေသည်။

ထိပ်တန်းမိုဘိုင်းဖုန်း ကုမ္ပဏီဖြစ်သည့် Three နှင့် ချဲလ်ဆီးအသင်းတို့သည် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်ကစတင်ပြီး တစ်နှစ်လျှင် စပွန်ဆာတန်ကြေး စတာလင်ပေါင်သန်း ၄၀ ဖြင့် ချုပ်ဆိုထားခြင်းဖြစ်ပြီး ယခုအခါ တော့ဘိုလီက အသင်းဝင်ငွေ ပိုမိုတိုးတက်လာစေရန်အတွက် စပွန်ဆာတန်ကြေးပိုမိုများပြားသည့် ဂျာစီရင်ဘတ်စပွန်ဆာနှင့် ပြောင်းလဲရန်ပြင်ဆင်လာခြင်းဖြစ်သည်။

လက်ရှိတွင် တော့ဘိုလီက ယခုနှစ်ဘောလုံးရာသီကုန်ဆုံးလျှင် Three နှင့် ဂျာစီရင်ဘတ်စပွန်ဆာကို ရပ်ဆိုင်းပြီး အနည်းဆုံးစတာလင်ပေါင်သန်း ၅၀နှင့်အထက်ရရှိသည့် စပွန်ဆာကို ရှာဖွေမှုပြုလုပ်နေပြီး အမေရိကန်နိုင်ငံအခြေစိုက် စပွန်ဆာများနှင့် ချိတ်ဆက်လျက်ရှိနေကြောင်း သိရသည်။ STA

# အမေရိကန်ကို ထိပ်တိုက်ရင်ဆိုင်ရန် ပြင်ဆင်နေသော မြောက်ကိုရီးယား




မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူသည် မြောက်ကိုရီးယားနိုင်ငံကို မကောင်းကြံစည်ရန်ကြိုးပမ်းနေသည့် အမေရိကန်၏ လှုပ်ရှားမှုများကို ပယ်ချသည့်ထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့သည်။ ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပေါ်နိုင်သည့် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများနှင့် အမေရိကန်စစ်သင်္ဘောများ၏ ရန်လိုသောလှုပ်ရှားမှုများကြောင့် ကိုရီးယားကျွန်းဆွယ်နှင့် ဒေသတွင်း စစ်ရေးနှင့် နိုင်ငံရေးဆိုင်ရာအခြေအနေများသည် အနီရောင်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ကြေညာချက်ကို ကိုရီးယားသတင်းအေဂျင်စီ (KCNA)က ဖေဖော်ဝါရီလ ၂ ရက်တွင် ထုတ်လွှင့်သွားခဲ့သည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်သည် ဇန်နဝါရီ ၃၁ ရက်တွင် ဆိုးလ်မြို့၌ တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယို၊ ကာကွယ်ရေးဝန်ကြီး လီဂျွန်စွပ်တို့နှင့် ဆွေးနွေးမှုများပြုလုပ်ပြီး နှစ်ရက်အကြာတွင် မြောက်ကိုရီးယား၏ထုတ်ပြန်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ အမေရိကန်သည် မြောက်ကိုရီးယားကို မကောင်းကြံစည်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ထိုသို့ လုပ်ဆောင်ရာတွင် အမေရိကန်သည် လူ့အခွင့်အရေးဆိုင်ရာများ၊ စီးပွားရေးပိတ်ဆို့မှုများနှင့် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများအပါအဝင် နယ်ပယ်အားလုံးမှ မြောက်ကိုရီးယားကို ဖိအားပေးမှုများလုပ်ဆောင်ရန် အစွမ်းကုန်ကြိုးပမ်းလျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသွားခဲ့သည်။

လွန်ခဲ့သောသီတင်းပတ်အတွင်းက အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ဂျူလီတာနာကို မြောက်ကိုရီးယားလူ့အခွင့်အရေးဆိုင်ရာ အထူးသံတမန်အဖြစ်ခန့်အပ်ခဲ့သည်။ ၎င်းရာထူးနေရာ လစ်လပ်နေသည်မှာ ခြောက်နှစ်ခန့် ကြာမြင့်နေပြီဖြစ်သည်။ လွန်ခဲ့သော ခြောက်နှစ်ခန့်က အမေရိကန်သမ္မတဒေါ်နယ်ထရန့်နှင့် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းတို့သည် ၎င်းတို့တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း မြောက်ကိုရီးယားနိုင်ငံတွင် နျူကလီးယားလျှော့ချနိုင်ရေးကြိုးပမ်းမှုကို အလေးထားလျက် မြောက်ကိုရီးယား၏ လူ့အခွင့်အရေးဆိုင်ရာကိုယ်စားလှယ်ကိုခန့်အပ်ခြင်းမရှိခဲ့ပေ။ လက်ရှိအချိန်တွင် ဂျိုးဘိုင်ဒင်နှင့် ယွန်းဆွတ်ယိုတို့နှစ်ဦးစလုံးသည် မြောက်ကိုရီးယားအတွက် အထိအခိုက်မခံသော ကိစ္စများအနက် တစ်ခုဖြစ်သည့် လူ့အခွင့်အရေးကိစ္စကို မီးမောင်းထိုးပြသနိုင်ရန် အထူးကိုယ်စားလှယ်များ ခန့်အပ်ခဲ့သောကြောင့် တောင်ကိုရီးယားနှင့် အမေရိကန်တို့သည် မြောက်ကိုရီးယား၏ လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ ပိုမိုပုံကြီးချဲ့သွားလိုဖွယ်ရာရှိနေသည်။

ကမ္ဘာ့အထီးကျန်နိုင်ငံများအနက်မှ တစ်နိုင်ငံဖြစ်သည့် မြောက်ကိုရီးယားနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်မှုများရှိသည်ဟု အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့က ပြောဆိုလျက်ရှိသော်လည်း မြောက်ကိုရီးယားကမူ ပြည်ပနိုင်ငံများအနေဖြင့် ၎င်း၏အချုပ်အခြာအာဏာကို မချိုးဖောက်ရန်ပြောဆိုကာ စွပ်စွဲချက်များကို ပယ်ချလျက်ရှိသည်။ မြောက်ကိုရီးယားနိုင်ငံတွင် လူ့အခွင့်အရေးကိစ္စများနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်ရရှိရန် ခက်ခဲလျက်ရှိသောကြောင့် သာမန်မြောက်ကိုရီးယားပြည်သူများ၏ လူနေမှုဘဝများအပေါ် စိုးရိမ်ပူပန်မှုများရှိနေကြောင်း၊ အထူးသဖြင့် ၂၀၁၉ ခုနှစ် နှောင်းပိုင်းတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပြီးနောက် အောက်ခြေလူတန်းစားများ၏ လူနေမှုဘဝများအပေါ် စိုးရိမ်မကင်းဖြစ်မိကြောင်း အမေရိကန်နှင့် တောင်ကိုရီးယားတို့က ပြောဆိုလျက်ရှိသည်။

အမေရိကန်အနေဖြင့် ပဉ္စမမျိုးဆက် F-22 နှင့် F-35 ဂျက်တိုက်လေယာဉ်များကဲ့သို့သော မဟာဗျူဟာမြောက်စစ်လက်နက်များ တပ်ဖြန့်ချထားခြင်းအားဖြင့် တောင်ကိုရီးယားနိုင်ငံကို အပြည့်အဝအကာအကွယ်ပေးသွားမည့်အပြင် တောင်ကိုရီးယားနိုင်ငံနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း အော်စတင်က ဆိုးလ်သို့ရောက်ရှိစဉ် ကတိပြုပြောကြားသွားခဲ့သည်။

ပူးတွဲစစ်ရေးလေ့ကျင့်မှုများသည် ရန်လိုသောမူဝါဒများအနက်မှ တစ်ခုဖြစ်သောကြောင့် မြောက်ကိုရီးယားနိုင်ငံက အမေရိကန်ကို စစ်ရေးလေ့ကျင့်မှုများလုပ်ဆောင်မှုကို ရုပ်သိမ်းပေးရန် တောင်းဆိုထားသည့်အပြင် အနာဂတ်တွင် အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို မြောက်ကိုရီးယားအနေဖြင့် ဆန့်ကျင်သွားမည်ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ကြိုတင်သတိပေးပြောဆိုခဲ့သည်။

ပထမအချက်အနေဖြင့် မြောက်ကိုရီးယားသည် အမေရိကန်၏ စစ်ရေးဆိုင်ရာကြိုးပမ်းမှုမှန်သမျှနှင့် စပ်လျဉ်း၍ နျူကလီးယားလက်နက်ကို နျူကလီးယားလက်နက်ဖြင့်လည်းကောင်း၊ ထိပ်တိုက်ရင်ဆိုင်မှုမှန်သမျှကို ထိပ်တိုက်ရင်ဆိုင်ခြင်းအားဖြင့်လည်းကောင်း မူဝါဒချမှတ်ကာ ပြင်းပြင်းထန်ထန်တုံ့ပြန်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ ၎င်းမူဝါဒသည် အမေရိကန်နှင့် တောင်ကိုရီးယားတို့ကိုရင်ဆိုင်ရာတွင် အင်အားကို အင်အားဖြင့်သာ ရင်ဆိုင်သွားမည်ဆိုသော မြောက်ကိုရီးယား၏ ယခင်ကျင့်သုံးခဲ့သောမူဝါဒနှင့် ဆက်နွှယ်လျက်ရှိသည်။

အမေရိကန်က ၎င်း၏ရေတပ်စစ်သင်္ဘောများ တပ်ဖြန့်ချထားလျက် ရေတို၊ ရေရှည်စစ်နယ်ဝန်း ပြင်ဆင်မှုအတွက် ပြန်လည်တုံ့ပြန်မှုမဟာဗျူဟာနှင့် စပ်လျဉ်း၍ အမေရိကန်နိုင်ငံက ကိုရီးယားကျွန်းဆွယ်တွင် မဟာဗျူဟာမြောက်စစ်လက်နက်များ ဆက်လက်တပ်ဖြန့်ချသွားမည်ဆိုလျှင် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ရှင်းလင်းပြတ်သားသောဟန့်တားမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း ပြောရေးဆိုခွင့်ရှိသူက သတိပေးပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံက တုံ့ပြန်ဆောင်ရွက်သွားမည့် ဟန့်တားဆောင်ရွက်မှုများတွင် လာမည့်လများအတွင်း လောင်စာခဲသုံးတိုက်ချင်းပစ်ကြားဖြတ်ဒုံးကျည် (ICBM) စမ်းသပ်ခြင်း၊ စစ်ဘက်ထောက်လှမ်းရေးဂြိုဟ်တုများလွှတ်တင်ခြင်းအပြင် ရေငုပ်သင်္ဘောပေါ်မှ ပဲ့ထိန်းဒုံးကျည် (SLBM) များ စမ်းသပ်ပစ်ခတ်ခြင်းကဲ့သို့သော အဆင့်မြင့်တာဝေးပစ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်ခြင်းများပါဝင်မည်ဖြစ်သည်။ ကင်ဂျုံအန်အနေဖြင့် မည်သည့်အခြေအနေမျိုးတွင်မဆို ၎င်း၏နျူကလီးယားလက်နက်များကို လက်လျှော့သွားမည်မဟုတ်ကြောင်း အခိုင်အမာဆုံးဖြတ်ထားသောကြောင့် မြောက်ကိုရီးယားသည် ၂၀၂၂ ခုနှစ်အတွင်းကလို တာတိုပစ်ဒုံးကျည်များစွာ စမ်းသပ်ပစ်ခတ်သည်ထက် စွမ်းအားပြင်းတာဝေးပစ်နျူကလီးယားလက်နက်များ သုတေသနပြု တည်ဆောက်ရန် အရှိန်မြှင့်တင်ကြိုးပမ်းသွားလိမ့်မည်ဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူသည် ဒေသတွင်း၌ အမေရိကန်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများအပေါ် ဟန့်တားနိုင်သည့်စွမ်းဆောင်ရည်များ တည်ဆောက်နေကြောင်း အတိအလင်းကြေညာပြီးနောက် မြောက်ကိုရီးယားအနေဖြင့် အမေရိကန်နှင့် မည်သည့်စေ့စပ်ဆွေးနွေးညှိနှိုင်းမှုမျှ လုပ်ဆောင်သွားတော့မည်မဟုတ်ကြောင်းလည်း ပြောဆိုခဲ့သည်။

ဒုတိယအချက်မှာ အမေရိကန်အနေဖြင့် ရန်လိုသောမူဝါဒနှင့် ထိပ်တိုက်ရင်ဆိုင်လိုသောလမ်းကြောင်းအတိုင်း ဆက်လက်လုပ်ဆောင်နေသရွေ့ကာလပတ်လုံး မြောက်ကိုရီးယားသည် ဝါရှင်တန်ဆက်သွယ်မှု၊ သို့တည်းမဟုတ် ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်သွားလိမ့်မည်မဟုတ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသွားခဲ့သည်။

ဘိုင်ဒင်အစိုးရအဖွဲ့သည် ၂၀၂၁ ခုနှစ် ဧပြီလတွင် မြောက်ကိုရီးယားနှင့်စပ်လျဉ်း၍ ၎င်း၏မူဝါဒကို ပြန်လည်သုံးသပ်ပြီးနောက် အမေရိကန်အနေဖြင့် မြောက်ကိုရီးယားအပေါ် ရန်လိုသောရည်ရွယ်ချက်မရှိကြောင်းနှင့် ကြိုတင်ကန့်သတ်ချက်များမထားဘဲ ဆွေးနွေးပွဲစားပွဲဝိုင်းသို့ပြန်လာရန် အကြိမ်ကြိမ်တိုက်တွန်းလျက်ရှိသည်။ မြောက်ကိုရီးယားကမူ မြောက်ကိုရီးယားအပေါ် ရန်လိုသောမူဝါဒကျင့်သုံးနေချိန်တွင် အမေရိကန်အနေဖြင့် ဆွေးနွေးပွဲစားပွဲဝိုင်းသို့ ပြန်လာရန် တိုက်တွန်းခြင်းသည် အရှက်မရှိသော လုပ်ရပ်သာဖြစ်ကြောင်း ပြောဆိုလျက်ရှိသည်။

မြောက်ကိုရီးယားအတွက်မူ စီးပွားရေးပိတ်ဆို့မှုများနှင့် တောင်ကိုရီးယားနှင့် အမေရိကန်တို့ကြား ပူးတွဲစစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်ခြင်းသည် ရန်လိုသောရည်ရွယ်ချက်ကို သက်သေပြနေသည်ဟု ရှုမြင်လျက်ရှိသည်။ နျူကလီးယားလက်နက် လုံးဝဖျက်သိမ်းသွားမည်ဆိုသော မြောက်ကိုရီးယားနိုင်ငံအပေါ်ထားရှိသည့် အမေရိကန်၏မူဝါဒသည် တစ်ဖက်သတ်ဆန်လျက်ရှိကြောင်း၊ မြောက်ကိုရီးယားကို လက်နက်လုံးဝဖျက်သိမ်းချိန်တွင် အမေရိကန်သည် ၎င်း၏မဟာမိတ်များနှင့်အတူ စစ်အင်အားဆက်လက်တိုးချဲ့သွားလိမ့်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက အရိပ်အမြွက်ပြောကြားသွားခဲ့သည်။

ဒေသတွင်း၌ အမေရိကန်ကို ထိပ်တိုက်ရင်ဆိုင်ရေးအတွက် နျူကလီးယားလက်နက် တည်ဆောက်သွားရန်လိုအပ်ကြောင်း၊ အမေရိကန်နှင့် ၎င်း၏မဟာမိတ်များ ဒေသတွင်း၌ ခြိမ်းခြောက်နေသရွေ့ကာလပတ်လုံး တိုင်းပြည်၏ဟန့်တားနိုင်မှုစွမ်းဆောင်ရည်များကို ဆက်လက်ထိန်းသိမ်းထားမည်ဖြစ်ကြောင်းနှင့် အဆိုပါ ခြိမ်းခြောက်မှုများကို အမြစ်ပြတ်ချေမှုန်းသွားမည်ဖြစ်ကြောင်း၊ အမေရိကန်အနေဖြင့် မြောက်ကိုရီးယားအပေါ် အန္တရာယ်ရှိသောခြိမ်းခြောက်မှုများလုပ်ဆောင်လာလေလေ ၎င်းတို့အနေဖြင့် ပိုမိုပြင်းထန်သော အန္တရာယ်များနှင့် ရင်ဆိုင်သွားရမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ထပ်လောင်းသတိပေးပြောကြားသွားခဲ့သည်။

တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ ဖေဖော်ဝါရီ ၁ ရက်တွင် အမေရိကန်နှင့် တောင်ကိုရီးယားစစ်ဘက်တို့ကြား ပူးတွဲလေတပ်စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်ဟုဆိုသည်။ အဆိုပါစစ်ရေးလေ့ကျင့်မှုများအတွင်း အမေရိကန် B-1B အမျိုးအစား မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ်များနှင့်F-35B ကိုယ်ပျောက်တိုက်လေယာဉ်များသည် တောင်ကိုရီးယား၏ F-35 တိုက်လေယာဉ်များနှင့်အတူ ပါဝင်လေ့ကျင့်ခဲ့သည်။ တောင်ကိုရီးယားနှင့် အမေရိကန်တို့အပြင် အခြားတစ်ဖက်တွင်လည်း မြောက်ကိုရီးယားက ဟန့်တားနိုင်သည့်စွမ်းဆောင်ရည်များတည်ဆောက်သွားရန် အခိုင်အမာပြောဆိုလျက်ရှိသောကြောင့် ပါးကိုက်လျှင် နားကိုက်သွားမည်ဆိုသောလုပ်ဆောင်မှုများသည် ပိုမိုပြင်းထန်လာနိုင်ပေသည်။ ထိုသို့ အပြန်အလှန်စစ်ရေးအင်အားတည်ဆောက်မှုများသည် ဒေသတွင်းမတည်ငြိမ်မှုကိုသာ ပိုမိုဖြစ်ပေါ်လာစေနိုင်ပေသည်။

**ကိုးကား**

- **North Korea Reaffirms 'Nuke for Nuke' Stance Against US by The Diplomat.**

မောင်သောင်းဝင်း(တမန်ဟောင်း)

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing visits Maha Makuhtaranthi Hsandawshin Myat Maw Tinzun Pagoda, inspects pagoda platform expansion and upgrading






Senior General Min Aung Hlaing hears report on work progress in the pagoda platform expansion and upgrading project and scale model.

**Nay Pyi Taw February 8**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by members of his entourage, Ayeyawady Region Chief Minister U Tin Maung Win, South-West Command Commander Brig-Gen Kyi Khaing and officials, visited and paid homage to the historic Maha Makuhtaranthi Hsandawshin Myat Maw Tinzun Pagoda in Zigyaing Village-tract, Hainggyikyun Township, Ayeyawady Region, this morning.

First, the Senior General and party were warmly welcomed by district and township level departmental officials, townspeople and members of the pagoda board of trustees. Next, the Senior General and party paid homage and offered flowers, water and oil light to the pagoda.

Then, the Senior General and party went round the pagoda clockwise and paid homage to the pagoda. The Senior General viewed the expansion and upgrading of the pagoda platform. After hearing reports by officials, he gave instructions on systematic calculations in repair and upgrading tasks and the need to take systematic measures as it is the ancient and historic pagoda with significant religious buildings.

The region chief minister reported on work progress in the pagoda platform expansion and upgrading project and situations to be seen upon project completion.

The Senior General stressed the need to pay attention to keeping original styles in the project as the pagoda is ancient and historic and keep track of records on the construction work and called for systematic work in anticipation of its long-term existence. He also spoke of the need for considering natural disasters and ensuing the pagoda is revered as ever.

Then, the Senior General and party viewed the documentary photos on the repairs and upgrading of the pagoda in successive eras, photos on ongoing expansion and upgrading the pagoda platform, which is now just about 4 feet wide, for the convenience of visitors and a scale model, and left necessary instructions.

The Senior General and party went round in the precincts of the pagoda and viewed the keeping of the ancient religious structures. He gave instructions to officials on the need to ensure the original works are not harmed when it comes to doing maintenance and repair tasks, and carry out the work systematically as the historical records are crucial.

Later, the Senior General made a multi-purpose cash donation for the pagoda to the officials of the pagoda board of trustees. 100



Senior General Min Aung Hlaing hears report on pagoda platform expansion and upgrading.

# State of the Union 2023: Biden urges Congress to finish economic fightback

**Washington February 8**

US President Joe Biden called on Republicans to help "finish the job" of delivering for hard-working families in his annual State of the Union address.

The Democrat stressed the importance of finding consensus as he addressed a divided Congress, where the lower chamber now has a Republican majority.

But a series of interruptions and heckles showed the uphill task it will be to find co-operation.

In their speech, Republicans accused the president of "woke fantasies".

Mr Biden's words were received by a packed chamber and high-profile guests - including U2's Bono - as well as Supreme Court justices.

Over the president's shoulder at the rostrum in the House of Representatives was one of his most vocal critics, the Republican Speaker Kevin McCarthy.

Mr Biden extended an olive branch to the opposition party, which took over the lower chamber last month with vows to investigate the president's family and Cabinet.

"To my Republican friends, if we could work together in the last Congress, there is no reason we can't work together in this new Congress," said the president.

"We've been sent here to finish the job!" he added.

The president focused mainly on domestic issues, hailing the resilience and strength of the US economy.

Unemployment dropped to a half-century low in January and there are signs that the worst inflation in four decades is cooling. But the president acknowledged American families needed more "breathing room". BBC

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers speech to departmental officials of Ayeyawady Region



Senior General Min Aung Hlaing meets members of regional government.

**Nay Pyi Taw February 8**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered a speech to departmental officials of the Ayeyawady Region Government at the lounge of Pathein Airport this evening.

Also present at the meeting were Joint Secretary Lt-Gen Ye Win Oo and Member Admiral Tin Aung San of the SAC, union ministers, Ayeyawady Region Chief Minister U Tin Maung Win, senior officers from the Office of the Commander-in-Chief of Defence Services, Commander of the South-West Command Brig-Gen Kyi Khaing and officials from the Ayeyawady Region Government.

First, the Senior General delivered a speech, saying Ayeyawady Region is endowed with all-round development in economic, education, health and stability aspects and a pleasant and reliable region for the country. Achieving such a stature must be attributed to the excellent efforts of the departmental officials at regional governmental officials and responsible officials at district and township levels and cooperation of the local resident. Such fine traditions must be preserved.

Agriculture and livestock breeding are thriving in Ayeyawady Region and continued efforts must be exerted to further boost crop yields. Taking such measures aims to enhance the incomes of individuals and local residents, boosting the money circulation in the region and socioeconomic lives of residents. Boosting crop yields and exporting more crops to other countries will strengthen the economy of the country. As the government will be able to collect more revenue and increased money circulation in the country will serve the interests of the people, all departmental officials are required to make concerted efforts.

It is also necessary to take measures for development of the tourism industry and as guests will visit a house which is pleasant, it is important to create an environment in which streets and houses are need and tidy. Measures must be taken pagodas and monasteries in the region glorious and anyone who sees the pagoda will feel pleasant and want to visit the region again and again. Office operations must be carried out properly with good intention and office buildings must be kept neat and tidy. Cutting branches and undergrowth will make a place well ventilated and bright and healthy.

Government employees are required to perform their duties individually while it is necessary to be cautious about leaking security news. Staff are required to abide by disciplines of government staff in accordance with the constitution and must be loyal to oneself, one's department and one's coworkers and the country. Good relations must be established between the superior and staff and duties must be performed with good intentions. Measures must be taken to enable staff to enjoy benefits and rights they are entitled to. Government staff are required to treat one another like a family and offer help to solve difficulties of families and social problems.

Government staff the bridge between the government and the people and are required to serve the interest of the people. Government employees must treat the people properly in serving their interests. Efforts must be made to become staff supported by the people. As some education and health staff have carried out their duties so perfectly that local residents requested the government to continue to assign them duties in their regions. The government has been fulfilling the housing needs of staff in accordance with requirements. Although welfare tasks being carried out by the government are not complete, it is believed that the welfare tasks will contribute to the interests of staff to some extent and performance of duties.

In connection with education, Ayeyawady Region has the largest number of students and schooling and pass rates of the region is the highest in the country. The government has been encouraging all school age children to go school and measures have been taken to enable all citizens to study up to KG+9 level. Government employees are required to encourage their children to acquire higher levels of education and leave education legacy for them.

Ayeyawady region must be a model in agriculture and efforts must be made to turn the region into a role model for other states and regions. I appreciate the efforts of the region and further efforts must be exerted for greater achievements.

Then, the Senior General and party cordially greeted the departmental officials of the Ayeyawady Region Government.

100

# Eight projects of landslide prevention completed by 70 per cent in Kayin State

**Hpa-an February 8**

The Kayin State government issued a press release on 3 February, saying that eight of 10 landslide prevention projects in Kayin State has completed by 70 per cent in 2022-23 fiscal year.

The Kayin State Department of Water Resources and Improvement of River Systems under the Ministry of Transport and Communications is implementing 10 landslide prevention projects in Kayin State in 2022-23 fiscal year.

In this regard, it is implementing seven projects with the capital fund, one with additional fund and two with emergency fund.

Except two projects being implemented with the emergency fund, remaining eight projects have completed by 70 per cent each up to February 2023.

In so doing, the landslide prevention at Thanlwin River bank in Poshoke Ward of Hpa-an is being implemented with the capital fund of Kayin State government, and it is expected to complete cent per cent in February 2023. The project covers the gravel-filled retaining walls with the bored piles.

The state government has spent K398 million on construction of the gravel-filled retaining walls built by Myanmar Stable Group Co Ltd. The bored piles were 60 feet deep, and the 32 feet slope and 250 feet long retaining walls are being built with K180 million by Thaungyin Dragon Company.

Moreover, the roundabout construction at the junction of Thanlwin Bridge on Mawlamyine bank, paving of four-lane asphalt road to the roundabout, and asphalting the detour of Hpa-an are completed by more than 90 per cent. Hence, these facilities will be commissioned into service before the 76th Anniversary of Union Day.

336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# SAC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing meets officers, other ranks and families of Hainggyikyun station



Senior General Min Aung Hlaing meets Tatmadaw members and families from Hainggyikyun Station.

**Nay Pyi Taw February 8**

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing went to the hall of local naval region command headquarters and met with officers, other ranks and families of Hainggyikyun station of South-West Command this morning.

Also present at the meeting were Commander-in-Chief (Navy) Admiral Moe Aung, Commander-in-Chief (Air) General Tun Aung, senior military officers from the Office of the Commander-in-Chief, Brig-Gen Kyi Khaing and officials.

**Regularly serving daily duties means taking training**

In his address, the Senior General said that the primary duty of the Tatmadaw is to serve the State defence duties. The Tatmadaw (Army), Tatmadaw (Navy) and Tatmadaw (Air) are to serve the security duties of land, water and airspace through the collective efforts. State defence duties must be served under the defence procedures. All Tatmadaw members must have three capacity to dutifully serve their assignments and they have to persistently take training. Regular serving of daily duties by all Tatmadaw members in individuals are taking training. They all have to avoid indulgence and exercise practices of having health and fitness. If not, their acts will harm their interests as well as that of families and organizations. So, they have to be healthy and fit with care in daily life. If so, every Tatmadaw member will be healthy and fit and have full strength to serve the duties.

**Emphasizing improvement of individual life and disciplinary acts**

All officers and other ranks need to uplift their capacity and must always try hard to improve their lives with hardworking at the training courses at respective levels. They all need to read literature for having general knowledge as well as for development of their lives. Knowledge from reading will contribute much to them. They should share their knowledge with companions to create the military unity and good social environs. Leaders need to create good environs for Tatmadaw members and families under the fair administration. They have to control subordinate with commander spirit as well as fatherly spirit. Parents debar their children not to do inappropriate ones and point out things to be done. Disciplines of the Tatmadaw aim to arrange systematic manner and unity but these are not restricted unacceptably. As soldiers are to save life of each other in the battle fields, they have to obey orders and dutifully serve the assignments and not to cause dangers harming their lives. So, they have to understand adoption of the orders, directives and disciplines.

**Operating military own and manageable scale agriculture and livestock farming tasks**

Currently, the Tatmadaw is serving the State responsibilities. Outbreak of Covid-19 caused declines of State economy. As local economy was encouraged, current State economy develops to some extent. Officers, other ranks and families are to carry out military own and manageable scale agriculture and livestock farms to be able to contribute to their livelihoods. Military own agriculture and livestock farms can support welfare tasks of all Tatmadaw members, selling meat, fish and vegetables at fair prices.

**Promotion education qualification**

The government arranges the chances for all citizens to complete KG+9 learn scheme. It is necessary to turn out well-versed human resources in the country. All Tatmadaw members must give education heritage to their offspring to turn out new generation youths on whom they, Tatmadaw and the State can rely. The Tatmadaw is encouraging officers, other ranks and families for improvement of their education qualification. All Tatmadaw members must obey disciplines and dutifully serve assignments for uplifting the prestige of the Tatmadaw.

**Presenting foodstuffs and cash awards**

The Senior General presented foodstuff for officers, other ranks and families to the local naval region command commander.

The Senior General and party cordially greeted the attendee officers, other ranks and families and fulfilled the requirements of officers, other ranks and families.

Yesterday afternoon, the Senior General heard reports on office staff, adjutant and quartermaster measures of the local naval region command, security, controlling the region, rule of law, development of the region and regional data presented by the commander of local naval region command headquarters.

After hearing the reports, the Senior General gave instructions on security, rule of law, agriculture and livestock farming tasks, disciplinary acts, education promotion of Tatmadaw members and accumulation of general knowledge. 100



Senior General Min Aung Hlaing cordially greets Tatmadaw members and families from Hainggyikyun Station.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets district and township departmental officials of Hainggyikyun town and Ngaputaw Township, Ayeyawady Region



Senior General Min Aung Hlaing meets district and township departmental officials and town elders.

**Nay Pyi Taw February 8**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met district and township departmental officials and town elders of Hainggyikyun town and Ngaputaw Township, Ayeyawady Region, at local naval base on Hainggyi Island this afternoon and discussed regional and economic development undertakings.

Present together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo, SAC member Admiral Tin Aung San, Union ministers, Ayeyawady Region Chief Minister U Tin Maung Win, senior military officers from Office of Commander-in-Chief, South-West Command Commander Brig-Gen Kyi Khaing, and officials.

In his speech, the Senior General said Hainggyi Island is a historic region, and it has much potential for progress. In the past, seagoing vessels berthed at Pathein port, but silting later obstructed their entrance into the port. The present government has done a lot for progress of Hainggyi Island region and transport facilitation. It has built health infrastructures and expedited educational development with the goal of ensuring regional development and education promotion of citizens including locals. Moreover, KG+9 for all is the goal of its education sector.

**Discharging of State duties according to Constitution**

SAC has to assume State duties due to vote rigging in 2020 multiparty democracy general election. During 2019 and in early period of 2020, the current government pointed out the need to ensure freeness and fairness in the election and to guarantee individual voting rights. However, actions that would lead to vote-rigging were found during pre-election canvassing period and the election. The then government's election-related activities were also found to be suspicious. Scrutiny results indicated its election frauds during the early voting period under the pretext of Covid-19 containment programs. As voter list differences appeared to an unbelievable degree, experts were called in to check them. The Tatmadaw informed responsible persons many times to fix the huge difference in voter lists. But they never solved the problem; instead, they even tried to convene the third Hluttaw and grab the State power by force. The current situation is the result of those acts.

SAC has been calming down the disturbances broke out due to political disagreements only in accord with the law. In the initial period there were only disturbances, but later, the government had to take legal actions against terrorists and bombers. It is indeed a pleasure that Ayeyawady Region is peaceful and stable. Terrorism can be eliminated through the harmonious involvement of Tatmadaw, departmental personnel and local people.

**Further development of farming in area which has favourble climate and soil**

Ayeyawady Region with its rich soil and plenty of water supplies is so successful in farming including fish breeding. MSMEs are also successfully running in all districts. Greater efforts will bring further progress. Officials should enforce the rule of law for regional development. A government must service the people's interest. **The present government is not a political government, but a government that is serving the national interest. Individual assignments must be accomplished in proving the government's achievements with work.** The nation's economy was in a downturn when the government started to assume responsibility. The national economic development has reached a certain degree at present thanks to the efforts exerted by the government in office amidst the many difficulties. It will continue its task in accord with the adopted roadmap. Its objective is the establishment of a Union based on democracy and federalism and its national goal is national prosperity and abundance of food. Some regions and states still have obstacles to hold the election. The election must have the integrity and be acceptable by the people. **As the election held during the time of the previous government has no integrity**, SAC is exerting all-round efforts to ensure election integrity. In this regard, those who are shouldering the state duties should lend a helping hand in the respective sectors as a civil servant.

After the ceremony, the Senior General presented foodstuff for district and township departmental personnel of Hainggyikyun town and Ngaputaw Township and local elders through an official. The Senior General and party then cordially conversed with the attendees. 100



Senior General Min Aung Hlaing cordially greets attendees at meeting with departmental officials and local elders.

# New Zealand drug bust: Batman-labelled cocaine haul seized at sea

**Wellington February 8**

New Zealand's navy has intercepted a floating haul of cocaine in the Pacific Ocean in what the country says is its largest drug bust ever.

The stash - weighing total 3.2 tonnes (3,200kg) and worth NZ$500m (£263m; $316m) - was found drifting hundreds of kilometres northwest of New Zealand.

Police believed it was destined for Australia, where it would have been enough to serve that market for a year.

The packages were strung up with buoys and some labelled with a Batman symbol.

Pictures released by New Zealand police and defence officials also showed cocaine packets labelled with a black four-leaf clover symbol.

These were the "trademark logos" for the drug producers, believed to be in South America, said New Zealand officials.

"This is the largest find of illicit drugs by New Zealand agencies, by some margin," said New Zealand's police commissioner Andrew Coster on Wednesday.

"It is more than New Zealand would use in 30 years," he added.

New Zealand's navy deployed a vessel to retrieve the massive shipment last week, which comprised 81 bales of cocaine.

They were brought to Auckland in New Zealand's North Island on Tuesday and taken to a security facility to be documented and destroyed, officials said.

BBC

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အစ္စရေးက တိုက်ခိုက်ရေးဒရုန်းများတွင် မီးခိုးမဲ့နှင့် အသံတိတ်ဗုံးများ တပ်ဆင်အသုံးပြု



အစ္စရေးနိုင်ငံသည် စစ်မြေပြင်တွင် ပိုမို အဖျက်စွမ်းအားကြီးမားရန် ၎င်းတို့၏ တိုက်ခိုက်ရေးဒရုန်းများတွင် မီးခိုးမဲ့နှင့် အသံတိတ်ဖြိုခွဲအားဗုံးများ ပေါင်းစပ် တပ်ဆင်အသုံးပြုထားကြောင်း သိရသည်။

အစ္စရေးသည် ၎င်း၏ဒရုန်းစနစ်များ တပ်ဖြန့်ချထားရာနေရာများထဲမှ တစ်ခုကို တိုက်ခိုက်ရေးဒရုန်းများအသုံးပြု၍ တိုက်ခိုက်ခဲ့သည်ဟု ပြီးခဲ့သည့်လက အီရန်က စွပ်စွဲခဲ့ပြီးနောက် အဆိုပါဖွံ့ဖြိုးတိုးတက်မှုကို ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။

အဆိုပါအသံတိတ်ဗုံးသည် ပြည်တွင်း၌ တီထွင်ထုတ်လုပ်ထားပြီး ကျရောက်ချိန်တွင် အသံ၏အမြန်နှုန်းအတိုင်း လျင်မြန်စွာ ရွေ့လျားသွားလာနိုင်ကြောင်း Reuters သတင်းဌာန၏ အစီရင်ခံစာအရ သိရသည်။

ခဲယမ်းများတွင် ကျယ်လောင်သော ဆူညံသံနှင့် မီးခိုးငွေ့များ ထွက်ပေါ်စေသော တွန်းကန်စနစ် သို့မဟုတ် နောက်တွန်းကန်လောင်စာများ အသုံးပြုထားခြင်း မရှိကြောင်း၊ ကိုယ်ပျောက်ဗုံးသယ်ဆောင်သည့်ဒရုန်းများထဲတွင် Israel Aerospace In-dustries က ထုတ်လုပ်သည့် လေယာဉ်အရွယ်အစား Heron TP အမျိုးအစား အပါအဝင်ဖြစ်သည်။ စွမ်းအားကောင်းသောခဲယမ်းများ သယ်ဆောင်နိုင်သည့်အပြင် အစ္စရေးဒရုန်းများသည် Payload အလေးချိန် တစ်တန်ထိ သယ်ဆောင်နိုင်စွမ်းရှိကြောင်း သိရသည်။

“ဒီလိုပြောလို့ တစ်တန်ခွဲဗုံးကို သယ်ဆောင်နိုင်တယ်လို့ မဆိုလိုပါဘူး။ ခဲယမ်းတွေရဲ့နေရာချထားမှုအပေါ် အများကြီးမူတည်ပါတယ်”ဟု အစ္စရေး အကြီးတန်းစစ်ဘက်အရာရှိတစ်ဦးက Reuters သတင်းဌာနသို့ ပြောကြားခဲ့သည်။

လက်နက်တပ်ဆင်ထားသောဒရုန်းများ တီထွင်ထုတ်လုပ်ဖြန့်ကြက်ရန် အစ္စရေး၏ ဆုံးဖြတ်ချက်ကို ဆယ်စုနှစ် နှစ်ခုကျော်ကြာ လျှို့ဝှက်အဆင့်အဖြစ် သတ်မှတ်ခဲ့ပြီးနောက် ပြီးခဲ့သည့်နှစ်က ထုတ်ဖော်ပြသခဲ့သည်။ ဒရုန်းစနစ်များ၏တိုက်စွမ်းအားကို တိုးမြှင့်လိုက်ခြင်းသည် တိုင်းပြည်၏စောင့်ကြည့်ထောက်လှမ်းမှုနှင့် တိုက်ခိုက်မှုစွမ်းရည်ကို မြှင့်တင်ရန်ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။

၂၀၂၂ ခုနှစ်တွင် အစ္စရေးသည် အနောက်ဘက်ကမ်းစစ်ဆင်ရေးများတွင် ဒရုန်းများကိုအသုံးပြုရန် ခွင့်ပြုခဲ့သည်။ အများအားဖြင့် ထိုကဲ့သို့သော တိုက်ခိုက်ရေးဒရုန်းများသည် အခြေစိုက်စခန်းသို့ မပြန်မီတွင် ဖောက်ခွဲရေးပစ္စည်းများကို ပစ်လွှတ်တိုက်ခိုက်သည့် ဗီဒီယိုဖိုင်များ လွှင့်တင်တတ်ကြသည်။

အသံတိတ်ဗုံးတပ်ဆင်အသုံးပြုလာနိုင်မှုနှင့်ပတ်သက်၍ “ဘယ်သူမှမကြားရဘူး။ လာမယ်ဆိုတာဘယ်သူမှမမြင်မှာမဟုတ်ဘူး”ဟု အစ္စရေးအကြီးတန်းစစ်ဘက်အရာရှိက ဆက်လက် ပြောကြားခဲ့သည်။

အစ္စရေးအစိုးရသည် ဒေသတွင်း ကာကွယ်ရေးကုမ္ပဏီများအား အီရန်ကို တိုက်ခိုက်ရာတွင် အသုံးပြုရန်အတွက် တာဝေးပစ်အကွာအဝေး ပို၍ရောက်ရှိပျံသန်းနိုင်သော လျှို့ဝှက်လက်နက်များ တပ်ဆင်အသုံးပြုနိုင်သည့် တိုက်ခိုက်ရေးဒရုန်းများကို ဒီဇိုင်းရေးဆွဲထုတ်လုပ်ရန်လည်း တောင်းဆိုခဲ့ကြသည်။

**Israeli combat drones now equipped with 'Silent Bombs': report** ကို ဘာသာပြန်ဆိုထားပါသည်။

## ယူကရိန်းတပ်ဖွဲ့များ Artyomovsk ရှေ့တန်းစစ်မျက်နှာတွင် ဓာတုလက်နက်များကိုအသုံးပြုခဲ့ဟု DPR အရာရှိတစ်ဦးပြော

ယူကရိန်းတပ်ဖွဲ့များသည် Artyo-movsk မြို့ရှိ ရှေ့တန်းစစ်မျက်နှာများ တစ်လျှောက် ဓာတုလက်နက်များကို အသုံးပြုတိုက်ခိုက်ခဲ့ကြောင်း ဒွန်းနက်ပြည်သူ့သမ္မတနိုင်ငံ(DPR) ခေါင်းဆောင်၏ အကြံပေးပုဂ္ဂိုလ် Yan Gagin က TASS သတင်းဌာနသို့ ပြောကြားခဲ့သည်။

“ယူကရိန်းတပ်မှူးတွေက ဆိုလီဒါနဲ့ Artyomovsk အများစုတစ်ဝိုက် ရှေ့တန်းစစ်မျက်နှာတွေမှာ ဓာတုလက်နက်တွေ အသုံးပြုခဲ့တယ်လို့ ထုတ်ဖော်ပြောကြားထားပါတယ်။ တချို့တပ်ဖွဲ့ဝင်တွေ မူးဝေတာ၊ ပျို့အန်တာ၊ အော့အန်တာတွေကို ကြုံတွေ့နေရပါတယ်”ဟု ၎င်းက ပြောကြားခဲ့သည်။

ယူကရိန်းသည် ယခင်က ဓာတုလက်နက်များအသုံးပြုခဲ့ကြောင်း Gagin က ထောက်ပြခဲ့သည်။ ဒရုန်းများတွင် ပျို့အန်ခြင်း၊ နာစေးခြင်းနှင့် ချောင်းဆိုးခြင်းတို့ကို ဖြစ်စေသည့် ဓာတုပစ္စည်းများဖျန်းခြင်းကြောင့် ရှေ့တန်းတစ်ခုလုံးတွင် ကူးစက်မှုများဖြစ်ပွားခဲ့ကြောင်း Gagin က ပြောကြားခဲ့သည်။

ယူကရိန်းတပ်ဖွဲ့ဝင်များသည် လက်နက်များကို ပိတ်ပင်တားမြစ်ထားခြင်း၊ လျှို့ဝှက်ထားခြင်းမရှိကြောင်း Yan Gagin က ပြောကြားပြီး ဒရုန်းများဖြင့် ဓာတ်ငွေ့လက်ပစ်ဗုံးများ ပစ်ချနေသည့် ဗီဒီယိုဖိုင်များကိုပါ လွှင့်တင်ခဲ့ကြသည်ဟု သိရသည်။

ဂျီနီဗာကွန်ဗင်းရှင်းက တားမြစ်ထားသောလက်နက်များအသုံးပြုမှုနှင့်ပတ်သက်သည့်ကိစ္စများကို မှတ်တမ်းတင်ရန်နှင့် အချက်အလက်များကို ကုလသမဂ္ဂထံ ပေးပို့ရန် လိုအပ်သည်ဟု DPR မှ အရာရှိက အလေးပေးပြောကြားခဲ့ကြောင်း သိရသည်။

ယူကရိန်းတပ်ဖွဲ့များအသုံးပြုနေသည့် ဓာတုလက်နက်များရန်မှ တပ်ဖွဲ့ဝင်များကို အကာအကွယ်ပေးနိုင်ရန် နောက်ထပ်နည်းလမ်းများရှာဖွေနေကြောင်း ဒွန်းနက်ပြည်သူ့သမ္မတနိုင်ငံ(DPR)၏ ယာယီအကြီးအကဲ Denis Pushilin က ဖေဖော်ဝါရီ ၆ ရက်တွင် ပြောကြားခဲ့သည်။

“ကျွန်တော်တို့အနေနဲ့ တပ်ရင်း၊တပ်ဖွဲ့တွေအတွက် ဓာတုလက်နက်ကာကွယ်ရေးဝတ်စုံတွေထုတ်ပေးဖို့ ကြိုးပမ်းနေပါတယ်။ သေချာတာကတော့ တပ်ဖွဲ့ဝင်တွေ တာဝန်ထမ်းဆောင်တဲ့အခါ ဝတ်စုံဝတ်ထားဖို့ အဆင်မပြေတဲ့အတွက် ကာကွယ်ရေးအတွက် နောက်ထပ်နည်းလမ်းတွေရှာဖွေနေပါတယ်”ဟု Rossiya-24 ရုပ်သံလိုင်းသို့ ဒွန်းနက်ပြည်သူ့သမ္မတနိုင်ငံ(DPR)၏ ယာယီအကြီးအကဲ Denis Pushilin က ပြောကြားခဲ့သည်။

ယူကရိန်းတပ်များ အသုံးပြုနေသည့် ဓာတုပစ္စည်းများကို ရှာဖွေဖော်ထုတ်ရန် အခွင့်အလမ်းမရှိသေးကြောင်း ကျွမ်းကျင်သူများက ထောက်ပြခဲ့သည်။



အဆိုပါ ဓာတုလက်နက်ရည်၊ အငွေ့များကြောင့် ချောင်းဆိုးခြင်း၊ မျက်စိနာခြင်းနှင့် အထွေထွေမအီမသာ၊ မသက်မသာဖြစ်ခြင်းများဖြစ်ပေါ်တတ်သည်ဟု ယူကရိန်းဓာတုလက်နက်များ၏ အကျိုးသက်ရောက်မှုကို Pushilin က သုံးသပ်ပြောကြားခဲ့သည်။

**Ukrainian forces use chemical weapons along artyomovsk frontline, DPR official says** ကို ဘာသာပြန်ဆိုထားပါသည်။

## ယူကရိန်းကာကွယ်ရေးဝန်ကြီးနေရာကို အစားထိုးမည်ဟု ထိပ်တန်းလွှတ်တော်အမတ်ပြောကြား




ယူကရိန်းပဋိပက္ခအတွင်း ယူကရိန်းကာကွယ်ရေးဝန်ကြီး Oleksii Reznikov နေရာတွင် စစ်ထောက်လှမ်းရေးအေဂျင်စီအကြီးအကဲနှင့် အစားထိုးရန်စီစဉ်ထားကြောင်း ပြည်သူ့ပါလီမန်အဖွဲ့၏ ထိပ်တန်းလွှတ်တော်အမတ်နှင့် အမှုဆောင်အရာရှိချုပ် David Arakhamia က ဖေဖော်ဝါရီ ၅ ရက်တွင် ပြောကြားခဲ့သည်။

Reznikov ကို အခြားဝန်ကြီးရာထူးသို့ လွှဲပြောင်းခန့်အပ်ပေးမည်ဖြစ်ပြီး စစ်ထောက်လှမ်းရေးအေဂျင်စီ၏ အကြီးအကဲ Kyrylo Budanov နှင့် အစားထိုးမည်ဖြစ်ကြောင်း ပြည်သူ့ပါလီမန်အဖွဲ့၏ ထိပ်တန်းလွှတ်တော်အမတ်နှင့် အမှုဆောင်အရာရှိချုပ် David Arakhamia က ပြောကြားခဲ့သည်။

“ပဋိပက္ခအတွင်း ထိပ်တန်းအကြီးအကဲမူဝါဒအပြောင်းအလဲတွေကို ညွှန်ပြနေပါတယ်”ဟု ပြည်သူ့ပါလီမန်အဖွဲ့၏ထိပ်တန်းလွှတ်တော်အမတ်နှင့် အမှုဆောင်အရာရှိချုပ် David Arakhamia က Telegram တွင် ပြောကြားခဲ့သည်။

Reznikov ၏ နေရာအပြောင်းအလဲသည် ပြီးခဲ့သောလနှောင်းပိုင်းတွင် အကျင့်ပျက်ခြစားမှုအရှုပ်တော်ပုံကြောင့် ရာထူးမှနုတ်ထွက်ခြင်းနှင့် အလုပ်ထုတ်ခံရခြင်းတွင် အမြင့်မားဆုံးသော အပြောင်းအလဲဖြစ်ပြီး အနောက်နိုင်ငံများ၏ အုပ်ချုပ်မှုစံနှုန်းများနှင့်ကိုက်ညီရန် ယူကရိန်းသမ္မတဇီလန်စကီးက ကတိပြုလုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာနကဲ့သို့ ယူကရိန်း၏ တပ်ဖွဲ့အေဂျင်စီများသည် ပဋိပက္ခအတွင်း နိုင်ငံရေးသမားများက ဦးဆောင်ခြင်းမပြုသင့်ဘဲ ကာကွယ်ရေး သို့မဟုတ် လုံခြုံရေးဆိုင်ရာ အတွေ့အကြုံ ဗဟုသုတရှိသူများဖြစ်သင့်ကြောင်း၊ Reznikov ကို မဟာဗျူဟာမြောက် စက်မှုဝန်ကြီးအဖြစ် ခန့်အပ်ခံရမည်ဖြစ်ကြောင်း Arakhamia က ပြောကြားခဲ့သည်။

အပြောင်းအလဲအတွက် မည်သည့်ဆုံးဖြတ်ချက်မဆို ယူကရိန်းသမ္မတဇီလန်စကီးပေါ်တွင်သာ မူတည်ကြောင်း၊ Reznikov က ဝန်ကြီးဌာနအသစ်သို့ပြောင်းရွှေ့မှုသည် မိမိအတွက် သတင်းသက်သက်မျှသာဖြစ်ကြောင်း ယူကရိန်း Fakty ICTV အွန်လိုင်းမီဒီယာသို့ ပြောကြားခဲ့ကြောင်း သိရသည်။

**Ukraine to replace defence minister in wartime reshuffle, top lawmaker says** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နှင့် ငပုတောမြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံအမှာစကားပြောကြား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နှင့် ငပုတောမြို့နယ်တို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နှင့်ငပုတောမြို့နယ်တို့ရှိ ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ဟိုင်းကြီးကျွန်းရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်၊ ဟိုင်းကြီးကျွန်းမြို့နှင့် ငပုတောမြို့နယ်တို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ဟိုင်းကြီးကျွန်းဒေသသည် သမိုင်းကြောင်းအစဉ်အလာရှိသည့်ဒေသတစ်ခုဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းများစွာကို ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုလည်းဖြစ်ကြောင်း၊ ပုသိမ်ဆိပ်ကမ်းတွင် ယခင်က ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်သွားလာခဲ့ကြပြီး နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် ရေကြောင်းတိမ်ကောသွားခဲ့ပြီး ဝင်ထွက်မှုမရှိခဲ့ခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် ဟိုင်းကြီးကျွန်းဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သွားလာမှုအဆင်ပြေစေရေးအတွက် များစွာဆောင်ရွက်ပေးခဲ့ကြောင်း၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများကို ဆောင်ရွက်ပေးခဲ့ပြီး ပညာရေးပိုင်းဆိုင်ရာများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိ၏ ရည်ရွယ်ချက်မှာ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသူ၊ နိုင်ငံသားများနှင့် ဒေသခံများ ပညာရည်မြင့်မားတိုးတက်စေရေး ရည်ရွယ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံသားတိုင်း KG+9 ပြီးမြောက်စေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

### ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့ရမှု

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အတောကို အကြောင်းပြု၍ မဲမသမာမှုများ ပြုလုပ်ခဲ့သည်ကို စိစစ်တွေ့ရှိခဲ့ရကြောင်း၊ ရွေးကောက်ပွဲရလဒ်များ ထွက်ပေါ်လာသည့်အချိန်တွင် မဖြစ်နိုင်ဖွယ်ရာ မဲစာရင်းကွဲလွဲမှုများကို တွေ့ရှိရသည့်အတွက် ကျွမ်းကျင်ပညာရှင်များဖြင့် မဲစာရင်းစစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ မဲစာရင်းကြီးမားစွာကွဲလွဲမှုများအပေါ် ဖြေရှင်းဆောင်ရွက်ပေးရန် မိမိတို့အနေဖြင့် တာဝန်ရှိသူများကို အကြိမ်ကြိမ်ပြောဆိုခဲ့သော်လည်း ၎င်းတို့အနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် တတိယအကြိမ် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန်အထိ ဆောင်ရွက်လာခဲ့ခြင်းကြောင့် ယခုအခြေအနေထိ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ကြောင်း။

> **မိမိတို့သည် နိုင်ငံရေးအစိုးရမဟုတ်ဘဲ နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ပေးနေသည့် အစိုးရတစ်ရပ်ဖြစ်၊ မိမိတို့၏ ဆောင်ရွက်ချက်များကို တစ်ဦးချင်းစီ၏ တာဝန်များအလိုက် အောင်မြင်အောင်လုပ်ဆောင်၍ အလုပ်ဖြင့် သက်သေပြနိုင်ရမည်ဖြစ်...**

နိုင်ငံရေးသဘောထားကွဲလွဲမှုကြောင့်ပိုင်းကာလများတွင် ရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲဖြစ်ရန် လိုအပ်သည့်အခြေအနေများနှင့် တစ်ဦးချင်းစီ၏ အခွင့်အရေးများဆုံးရှုံးမှုမရှိစေရေး လူတိုင်းမဲပေးရန်လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ ပြောကြားခဲ့ကြောင်း၊ သို့သော် ရွေးကောက်ပွဲမတိုင်မီ မဲဆွယ်စည်းရုံးမှုကာလများနှင့်ရွေးကောက်ပွဲကာလများတွင်လည်း မဲမသမာမှုများဖြစ်ပေါ်စေနိုင်မည့် လုပ်ဆောင်ချက်များကို တွေ့ရှိခဲ့ရကြောင်း၊ အဆိုပါကာလတွင် အစိုးရ၏ ရွေးကောက်ပွဲနှင့်ပတ်သက်သည့် ဆောင်ရွက်ချက်များမှာ သံသယဖြစ်ဖွယ်တွေ့ရှိရကြောင်း၊ အစိုးရအနေဖြင့် ရွေးကောက်ပွဲအကြိုကာလ ကြိုတင်မဲပေးချိန်တွင်လည်း ကိုဗစ်-၁၉ ရောဂါထိန်းချုပ်မှုဖြစ်ပေါ်လာသည့် ဆူပူမှုများကို မိမိတို့အနေဖြင့် ဥပဒေနှင့်အညီသာ ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း၊ အစပိုင်းတွင် ဆူပူမှုများသာရှိသော်လည်း နောက်ပိုင်းတွင် အကြမ်းဖက်ခြင်း၊ လုယက်သတ်ဖြတ်ခြင်းများအထိ ဖြစ်ပေါ်လာကြောင်း၊ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေသည့် အကြမ်းဖက်သမားများကို မိမိတို့အနေဖြင့် ဥပဒေနှင့်အညီ ကိုင်တွယ်ဆောင်ရွက်ခဲ့ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းမှုရှိသဖြင့် ဝမ်းမြောက်ပါကြောင်းနှင့် တပ်မတော်၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူလူထုတို့ အတူတကွပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကြမ်းဖက်မှုဖြစ်စဉ်များကို တိုက်ဖျက်နိုင်မည်ဖြစ်ကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဟိုင်းကြီးကျွန်းမြို့နှင့် ငပုတောမြို့နယ်တို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအတွက် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

### ရေခံမြေခံကောင်းမွန်ပြီးဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ရန်လို

ဧရာဝတီတိုင်းဒေသကြီးသည် ရေခံမြေခံများကောင်းမွန်ပြီး ငါးမွေးမြူရေးလုပ်ငန်းများအပါအဝင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ MSME လုပ်ငန်းများကိုလည်း ခရိုင်အားလုံး၌ အောင်မြင်စွာဆောင်ရွက်လျက်ရှိသည်တွေ့ရှိရကြောင်း၊ ယခုထက်ပိုမိုကြိုးစားဆောင်ရွက်သွားမည်ဆိုပါက ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ အစိုးရတစ်ရပ်သည် ပြည်သူလူထုတို့၏ လူမှုအကျိုးစီးပွားကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ **မိမိတို့သည် နိုင်ငံရေးအစိုးရမဟုတ်ဘဲ နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ပေးနေသည့် အစိုးရတစ်ရပ်ဖြစ်ကြောင်း၊ မိမိတို့၏ ဆောင်ရွက်ချက်များကို တစ်ဦးချင်းစီ၏ တာဝန်များအလိုက် အောင်မြင်အောင် လုပ်ဆောင်၍ အလုပ်ဖြင့် သက်သေပြနိုင်ရမည်ဖြစ်**ကြောင်း၊ မိမိတို့ စတင်တာဝန်ယူစဉ်ကာလက နိုင်ငံ၏ စီးပွားရေးသည် ကျဆင်းလျက်ရှိသည်ဖြစ်သော်လည်း

**စာမျက်နှာ ၂၀ သို့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟိုင်းကြီးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဟိုင်းကြီးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ နေ့လယ်ပိုင်းတွင် အနောက်တောင်တိုင်း စစ်ဌာနချုပ် ဟိုင်းကြီးကျွန်းတပ်နယ်ရှိ အရာရှိ၊စစ်သည်၊မိသားစုများကို နယ်မြေခံ ရေတပ်စခန်းဌာနချုပ်ခန်းမ၌ သွားရောက် တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ ဟိုင်းကြီးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

### မိမိတို့တစ်ဦးချင်း နေ့စဉ်လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန် လုပ်ဆောင်နေခြင်းသည် လေ့ကျင့်ရေး ဆောင်ရွက်နေခြင်းပင်ဖြစ်

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာ၌ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ရန်ဖြစ်ပြီး တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)၊ တပ်မတော်(လေ)တို့၏ မြေပြင်၊ ရေပြင်၊ ဝေဟင်လုံခြုံရေးတာဝန်များကို စုပေါင်းအားဖြင့် ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း၊နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ရာတွင် ကာကွယ်ရေး လုပ်ငန်းစဉ်များအလိုက် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထိုသို့ မိမိတို့၏တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်နိုင်ရေးအတွက် စွမ်းရည်သုံးရပ်နှင့် ပြည့်စုံနေရမည်ဖြစ်ပြီး အမြဲမပြတ် လေ့ကျင့်ဆောင်ရွက်နေရမည် ဖြစ်ကြောင်း၊စစ်သည်တိုင်းမိမိတို့တစ်ဦးချင်း နေ့စဉ်လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန် များကို မှန်မှန်ကန်ကန်လုပ်ဆောင်နေခြင်း သည် လေ့ကျင့်ရေးဆောင်ရွက်နေခြင်းပင် ဖြစ်ကြောင်း၊ မိမိကိုယ်ကို အကျိုးမရှိစေနိုင် သည့် အသောက်အစားနှင့် အပျော်အပါး များကိုလည်းရှောင်ကြဉ်ရမည်ဖြစ်ပြီး ကျန်းမာ ကြံ့ခိုင်အောင် နေထိုင်ရမည်ဖြစ်ကြောင်း၊ **မိမိကိုယ်ကို ကျန်းမာရေးနှင့်ညီညွတ်အောင် နေထိုင်ခြင်းမရှိပါက မိမိအပြင် မိမိ၏ မိသားစု၊ မိမိအဖွဲ့အစည်း၏ အကျိုးစီးပွား ကိုပါ ထိခိုက်စေနိုင်သည်ဖြစ်သဖြင့် ကျန်းမာ ကြံ့ခိုင်အောင် အသိတရားနှင့်ယှဉ်၍နေထိုင် စားသောက်ရမည်ဖြစ်**ကြောင်း၊စစ်သည်တိုင်း ကျန်းမာကြံ့ခိုင်ပြီး အင်ပြည့်အားပြည့်ဖြင့် တာဝန်ထမ်းဆောင်နိုင်ရမည်ဖြစ်ကြောင်း။

> **ဦးစီးခေါင်းဆောင်များအနေဖြင့်လည်း မိမိတို့၏ လက်အောက်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရမည်ဖြစ်ပြီး ညီညွတ်မှုတသည့် အုပ်ချုပ်မှုပုံစံရှိရမည်ဖြစ်၊ တပ်မှူးကောင်းသဖွယ်စိတ်ဓာတ်၊ ဖခင်သဖွယ် စိတ်ဓာတ်ဖြင့် ကွပ်ကဲအုပ်ချုပ်ရမည် . . .**

### တစ်ဦးချင်း၏ ဘဝတိုးတက်ရေးနှင့် စည်းကမ်းစနစ်တကျရှိစေရေး

အရာရှိ၊စစ်သည်များအနေဖြင့် မိမိတို့ တစ်ဦးချင်းစီ၏ ကိုယ်ရည်ကိုယ်သွေးများ ကို မြှင့်တင်နေရမည်ဖြစ်ပြီး တပ်မတော်မှ တာဝန်ထမ်းဆောင်မှုအလိုက်၊ အဆင့် အလိုက်တက်ရောက်ရမည့်သင်တန်းများ၌ လည်း အမြဲမပြတ်ကြိုးပမ်းအားထုတ်ခြင်း ဖြင့် မိမိဘဝတိုးတက်ရေးကို ဆောင်ရွက်ရ မည်ဖြစ်ကြောင်း၊ အသိပညာဗဟုသုတများ ရရှိစေရေးအတွက်လည်း သက်ဆိုင်သည့် စာပေများကို ဖတ်မှတ်လေ့လာနေရမည် ဖြစ်ကြောင်း၊ ထို့ပြင် ဘဝတိုးတက်ရေး အတွက် မဖြစ်မနေလိုအပ်သည့် စာပေဖတ် မှတ်ခြင်းများကို လုပ်ဆောင်နေရမည်ဖြစ် ကြောင်း၊ **စာဖတ်ခြင်းမှ ရရှိလာသည့်အသိ ပညာဗဟုသုတနှင့် အတတ်ပညာများသည် မိမိတို့တစ်ဦးတစ်ယောက်ချင်း၏ ဘဝ တိုးတက်ရေးကို များစွာအထောက်အကူ ဖြစ်စေမည်ဖြစ်**ကြောင်း၊ မိမိတို့သိရှိထား သည့် အသိပညာဗဟုသုတများကိုလည်း အချင်းချင်း ပြန်လည်မျှဝေပေးခြင်းဖြင့် တပ်တွင်းစည်းလုံးညီညွတ်မှုနှင့်လူမှုပတ်ဝန်း ကျင်ကောင်းကို ဖန်တီးပေးနိုင်မည်ဖြစ် ကြောင်း၊ **ဦးစီးခေါင်းဆောင်များအနေဖြင့် လည်း မိမိတို့၏ လက်အောက်မှ အရာရှိ၊ စစ်သည်၊မိသားစုများအတွက် ပတ်ဝန်းကျင် ကောင်းများ ဖန်တီးပေးနိုင်ရမည်ဖြစ်ပြီး ညီညွတ်မှုတသည့် အုပ်ချုပ်မှုပုံစံရှိရမည်ဖြစ်**ကြောင်း၊ **တပ်မှူးကောင်းသဖွယ် စိတ်ဓာတ်၊ ဖခင်သဖွယ်စိတ်ဓာတ်ဖြင့် ကွပ်ကဲအုပ်ချုပ် ရမည်ဖြစ်**ကြောင်း၊ မိဘတို့မည်သည် သား သမီးများအပေါ် မကောင်းသည်ကိုတားမြစ် ပြီး ကောင်းရာများကို ညွှန်ပြကြကြောင်း၊ တပ်မတော်အတွင်း၌ စည်းကမ်းများချမှတ် ထားခြင်းသည် စနစ်တကျရှိမှုနှင့် စုစည်း ညီညွတ်မှုရှိစေရန်အတွက်ဖြစ်ပြီး မလိုလား အပ်ဘဲ တင်းကျပ်ထားခြင်းမျိုးမဟုတ် ကြောင်း၊ စစ်မြေပြင်တွင် တစ်ဦးနှင့်တစ်ဦး အသက်ပေး၍ တာဝန်ထမ်းဆောင်ရမည့်သူ များဖြစ်သည့်အတွက် အမိန့်နာခံမှုကောင်း ပြီး ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေး၊ မလိုလားအပ်ဘဲ အသက်အန္တရာယ်ထိခိုက်မှုများ မဖြစ်ပေါ် စေရေးတို့အတွက် အမိန့်၊ ညွှန်ကြားချက်နှင့် စည်းကမ်းများကိုချမှတ်ထားခြင်းဖြစ်သည်ကို နားလည်သဘောပေါက်ရမည်ဖြစ်ကြောင်း။

### တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး

လက်ရှိအချိန်တွင် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်များကိုပါ ထမ်းဆောင်ရ လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ် ပေါ်မှုများကြောင့် နိုင်ငံ၏ စီးပွားရေးသည် လည်းကျဆင်းခဲ့ရကြောင်း၊မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားရေး ပြန်လည်ကောင်းမွန်စေရေး ပြည်တွင်းစီးပွားရေးကို အားပေးမြှင့်တင် ဆောင်ရွက်ခဲ့သောကြောင့် လက်ရှိအချိန် တွင် နိုင်ငံ့စီးပွားရေးသည် အတိုင်းအတာ တစ်ခုအထိတိုးတက်လာသည်ကို တွေ့မြင် ရမည်ဖြစ်ကြောင်း၊ မိမိတို့အရာရှိ၊ စစ်သည်၊ မိသားစုများသည်လည်း တပ်ပိုင်စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများနှင့်တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် မိမိ တို့စားဝတ်နေရေးအတွက် အတိုင်းအတာ တစ်ခုအထိ အထောက်အကူဖြစ်စေနိုင် မည်ဖြစ်ကြောင်း၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင်တွန်းအား ပေးဆောင်ရွက်ခဲ့ခြင်းကြောင့် သက်သာ ချောင်ချိမှုကိုဖြစ်စေခဲ့ပြီး ယခုကဲ့သို့ အခြေ အနေတွင်လည်း အသား၊ ငါးနှင့် ဟင်းသီး ဟင်းရွက်များကို သက်သာသောဈေးနှုန်း များဖြင့် ရောင်းချပေးနိုင်ခြင်းဖြစ်ကြောင်း။

### ပညာရည်မြင့်မားရေး

ပညာရေးနှင့်ပတ်သက်၍ နိုင်ငံသား တိုင်း KG+9 ပညာအရည်အချင်းပြီး မြောက်စေရေးဆောင်ရွက်ပေးထားကြောင်း၊ မိမိတို့နိုင်ငံတွင် အသိပညာ၊ အတတ်ပညာ နှင့်ပြည့်စုံသည့် လူသားအရင်းအမြစ် ကောင်းများ များစွာပေါ်ထွက်လာရန်လို ကြောင်း၊ မိမိတို့၏ သားသမီးများကိုကောင်း မွန်သည့် ပညာအမွေများပေးနိုင်ရမည် ဖြစ်ပြီး

**စာမျက်နှာ ၂၀ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟိုင်းကြီးကျွန်း တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ နယ်မြေခံရေတပ်စခန်း ဌာနချုပ်မှူး က လက်ခံရယူစဉ်။






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နယ်မြေခံရေတပ်စခန်းဌာနချုပ်မှူးက ရေတပ်စခန်းဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့်စစ်ထောက်ဆိုင်ရာ ဆောင်ရွက်ထားရှိမှု၊ လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်နေမှု၊ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆောင်ရွက်ပေးလျက်ရှိမှု၊ နယ်မြေဒေသဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြစဉ်။**

**စာမျက်နှာ ၁၉ မှအဆက်**

မိမိ၊ တပ်မတော်နှင့် တိုင်းပြည်အတွက် အားကိုးအားထားရသည့် မျိုးဆက်သစ်လူငယ်များဖြစ်လာရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း အရာရှိ၊ စစ်သည်များ၊ မိသားစုများ၏ ပညာရည်မြင့်မားရေးကို အမြဲမပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စစ်သည်အဆင့်အတန်းအားလုံး စည်းကမ်းစနစ်တကျရှိပြီး မိမိတို့တစ်ဦးချင်းစီ၏တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကာ တပ်မတော်၏ဂုဏ်ကို မြှင့်တင်ရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

### စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ နယ်မြေခံရေတပ်စခန်းဌာနချုပ်မှူးက လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြပြီး အရာရှိ၊စစ်သည်၊မိသားစုများ၏ တင်ပြချက်များကို လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယနေ့မွန်းလွဲပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နယ်မြေခံရေတပ်စခန်းဌာနချုပ်မှူးက ရေတပ်စခန်းဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာဆောင်ရွက်ထားရှိမှု၊လုံခြုံရေး၊နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်နေမှု၊နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆောင်ရွက်ပေးလျက်ရှိမှု၊ နယ်မြေဒေသဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ စိုက်ပျိုးမွေးမြူရေး၊ စည်းကမ်းစနစ်တကျရှိစေရေး၊ အရာရှိ၊ စစ်သည်များ၏ ပညာရည်မြင့်မားရေးနှင့် ဗဟုသုတများရရှိစေရေးတို့နှင့်ပတ်သက်၍ လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟိုင်းကြီးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။**

**စာမျက်နှာ ၁၈ မှအဆက်**

မိမိတို့အနေဖြင့် အခက်အခဲများကြားမှ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် လက်ရှိအချိန်တွင် နိုင်ငံ့စီးပွားရေးသည် အတိုင်းအတာတစ်ခုအထိ တိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ အတူတကွ ပူးပေါင်း ဆောင်ရွက်သွားမည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးအတွက် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားရေးရည်မှန်းချက်အဖြစ်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်နေသူများအနေဖြင့်လည်း ဝန်ထမ်းတစ်ဦးအနေဖြင့် မိမိတို့တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တွေ့ဆုံပွဲသို့တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

## ယခင်အစိုးရလက်ထက် ရွေးကောက်ပွဲ၌ သိက္ခာမဲ့သော ရွေးကောက်ပွဲဖြစ်ခဲ့သဖြင့် မိမိတို့အနေဖြင့် သိက္ခာရှိသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိ . . .

တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာ ပေါများရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲဆောင်ရွက်ရန်အတွက် အချို့သော တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် အခက်အခဲများရှိနေသေးကြောင်း၊ ရွေးကောက်ပွဲကို ကျင်းပရာတွင် ပြည်သူလူထုကလက်ခံသည့်၊သိက္ခာရှိသည့်ရွေးကောက်ပွဲကို ကျင်းပနိုင်ရမည်ဖြစ်ကြောင်း၊ **ယခင်အစိုးရလက်ထက် ရွေးကောက်ပွဲ၌သိက္ခာမဲ့သော ရွေးကောက်ပွဲဖြစ်ခဲ့သဖြင့် မိမိတို့အနေဖြင့် သိက္ခာရှိသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်**ကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဟိုင်းကြီးကျွန်းမြို့နှင့် ငပုတောမြို့နယ်တို့ရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

## အသိပေး နှိုးဆော်ချက်

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြည်သူ့ရင်ပြင်၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့အခမ်းအနားကို ပြည်သူ့ရင်ပြင်ရှေ့ လွှတ်တော်ဝင်းတန်းစီကွင်း၌ လည်းကောင်း ကျင်းပသွားမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၀ ရက် နှင့် ၁၂ ရက်တို့တွင် နံနက် ၄ နာရီ မှ အခမ်းအနားပြီးဆုံးချိန်ထိ ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်ဘက်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်း မီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ပြည်လမ်းအတိုင်း တောင်မှ မြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ပြောင်းလဲမောင်းနှင်ကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**



# (၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့ ဂုဏ်ပြုညစာစားပွဲကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၈**

(၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့ ဂုဏ်ပြုညစာစားပွဲကို ယမန်နေ့ညပိုင်းက ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အိမ်တော်ဝင်း၌ ကျင်းပသည်။

ညစာစားပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ဒေါက်တာကျော်ထွန်း၊ ဦးရွှေကြိမ်းတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ယဉ်ကျေးမှုအဖွဲ့များ၊ ထူးချွန်ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက (၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပြီး ဂုဏ်ပြုသင့်ဂုဏ်ပြုထိုက်သူများနှင့် ပုဂ္ဂိုလ်များကို ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်နိုင်ခဲ့သဖြင့် အထူးကျေနပ်ဝမ်းသာဖြစ်မိပါကြောင်း၊ ရှမ်းပြည်နယ်တည်ငြိမ်အေးချမ်းပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်ဆက်လက်ကြိုးစား ဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းပါကြောင်း၊ ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများ၏ စားဝတ်နေရေးလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကိုလည်း အများပြည်သူသိရှိနိုင်ရန် ဖွင့်လှစ်ပြသနိုင်ခဲ့ပါကြောင်း၊ လုပ်ငန်းလိုအပ်ချက်များကို ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကူညီဖြည့်ဆည်း ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ညစာစားပွဲသို့တက်ရောက်လာကြသူများသည် (၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာကိုအတူတကွသုံးဆောင်ကြပြီး ပအိုဝ်းတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့၏ ပအိုဝ်းတိုင်းရင်းသားရိုးရာအိုးစည်ဗုံမောင်းအက၊ "အာခါ"တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့၏ "စေးစေး"သီချင်းဖြင့်ကပြဖျော်ဖြေမှု၊ ရှမ်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့၏ ရှမ်းရိုးရာအလှ ရှမ်းရိုးရာအက၊ ပလောင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့၏ ပွင့်ဖူးချယ်ရီ တို့ရှမ်းပြည် သီချင်းဖြင့် ကပြဖျော်ဖြေမှု၊ လားဟူတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့၏ လားဟူနှစ်သစ်ကူးအက သီချင်းဖြင့် ဖျော်ဖြေမှု၊ ခနု၊ "ဝ"၊ အင်း၊ လီဆူ၊ တောင်ရိုး၊ ကိုးကန့်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့၏ ရိုးရာအကနှင့် တောင်ကြီးဒေသခံတေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ပြည်နယ်ဝန်ကြီးချုပ်တို့က တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းနှင့်ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ်ရှိ ပြန်လည်လက်ခံရေးစခန်းများ၊ ယာယီကြားစခန်းနှင့် ယာယီနေရပ်စွန့်ခွာစခန်းများကို ပြည်ထောင်စုဝန်ကြီးများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်ထောင်စုဝန်ကြီးများသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် စစ်တွေမြို့မှ တောင်ပြိုလက်ဝဲသို့ ရောက်ရှိပြီး ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်လာချိန်တွင် စတင်စစ်ဆေးလက်ခံမည့် မြန်မာ-ဘင်္ဂလားဒေ့ရှ်ချစ်ကြည်ရေးတံတားသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် တောင်ပြိုလက်ဝဲပြန်လည်လက်ခံရေးစခန်းရှင်းလင်းဆောင်သို့ရောက်ရှိပြီး စခန်းတာဝန်ခံအရာရှိက ပြန်လည်လက်ခံရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ထားရှိသည့်အခြေအနေ၊ ခွင့်ပြုရန်ပုံငွေဖြင့်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့်လိုအပ်ချက်များကိုရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြန်လည်ဝင်ရောက်လာမည့်သူများနှင့်စပ်လျဉ်း၍ လဝကလုပ်ငန်းစဉ်များဖြစ်သည့် အိမ်ထောင်စုစာရင်းရေးသွင်းမှတ်သားခြင်း၊ Bio Metric Data များ ရယူ၍ e-ID ဖြည့်သွင်းခြင်း၊ NVC ကတ်ထုတ်ပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါစစ်ဆေးခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာဆောင်ရွက်မည့်အခြေအနေများ၊ မီးဘေးလုံခြုံရေးအတွက် မီးသတ်တပ်ဖွဲ့မှ ဆောင်ရွက်ထားရှိမှုနှင့် စခန်းအတွင်းယာယီလက်ခံထားရှိရေးအတွက် ပြင်ဆင်ထားရှိမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ရောက်ရှိပြီး စခန်းတာဝန်ခံအရာရှိ၏ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး ပြန်လည်လက်ခံရေးအတွက် ဆောင်ရွက်ပြီးစီးမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ငါးခူရအခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ စာပေပညာသင်ကြားနေမှုကိုကြည့်ရှုအားပေး၍ အာဟာရဖြည့်အစားအစာများကျွေးမွေးရန် ချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် ပြန်လည်ဝင်ရောက်လာမည့်သူများ ရေကြောင်းလမ်းမှ ဝင်ရောက်လာချိန် စစ်ဆေးလက်ခံမည့် ပြူမချောင်း မော်တော်ဆိပ်ကမ်းသို့ ရောက်ရှိကာ ပြုပြင်ရန်လိုအပ်သည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို ဆောင်ရွက်ပေးရမည့် လုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေး မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် မောင်တောမြို့ လှုပိုးခေါင်ယာယီကြားစခန်းသို့ ရောက်ရှိပြီး စခန်းတာဝန်ခံက ယာယီနေရာချထားရေးလုပ်ငန်းစဉ်များဆောင်ရွက်နေမှုနှင့် ခွင့်ပြုပြီး ရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ ပြီးစီးမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးများက လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ ပြန်လည်ဝင်ရောက်လာသူများကို သတ်မှတ်အချိန်ကာလအတွင်း ယာယီကြားစခန်း၌ စနစ်တကျထားရှိနိုင်ရေး၊ ကျန်းမာရေး၊ ရေ၊ မီး၊ မိလ္လာလုပ်ငန်းများကို ပြည့်စုံအောင် ဆောင်ရွက်ထားရှိရန်၊ ဆက်လက်တပ်ဆင်နေသည့် အသင့်နေထိုင်နိုင်သော နေအိမ်များကို အချိန်မီပြီးစီးအောင် တပ်ဆင်သွားရန် မှာကြားပြီး စခန်းအတွင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့်ပြည်နယ်ဝန်ကြီးချုပ်တို့သည် ရသေ့တောင်မြို့သို့ရောက်ရှိပြီး စေတီတောင် ယာယီနေရပ်စွန့်ခွာစခန်းမှ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံကာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီအနေဖြင့် ယာယီနေရပ်စွန့်ခွာသူများကို နေရပ်သို့ ပြန်လည်ပို့ဆောင်ကာ မူလအခြေအနေထက်ပိုမိုကောင်းမွန်သောအခြေအနေဖြစ်အောင် စီမံဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းနိုင်မှုအခြေအနေများကို လည်းကောင်း ဗီဒီယိုမှတ်တမ်းဖြင့် အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး ယာယီနေရပ်စွန့်ခွာစခန်းနေ ဒေသခံပြည်သူများတင်ပြချက်အပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကာ ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


## မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားအသစ်များ ပြောင်းလဲတပ်ဆင်ရန် အများပြည်သူသို့ အသိပေးနှိုးဆော်

➤ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားတွင် မြို့နယ်ကိုယ်စားပြုဂဏန်းဖော်ပြချက်နှင့် မော်တော်ယာဉ်အမျိုးအမည်ဖော်ပြချက်တို့ကို ထပ်တိုးထည့်သွင်းရိုက်နှိပ်လျက် မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားပုံစံအသစ်ကို ၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်မှစတင်၍ မှတ်ပုံတင်မော်တော်ယာဉ်များတွင် ပြောင်းလဲတပ်ဆင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

➤ လက်ရှိတွင် ကနဦးမှတ်ပုံတင်ယာဉ်များ၊နယ်ဝင်၊အမည်ပြောင်း၊လိပ်စာပြောင်း၊အင်ဂျင်ပြောင်း၊ဆေးရောင်ပြောင်း၊မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်ပျောက်၊မော်တော်ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်ပျောက်ယာဉ်များနှင့်နှစ်လဲသက်တမ်းတိုးမော်တော်ယာဉ်များအားလုံးကို ဖောင်းကြွနံပါတ်ပြားအသစ်များ မပျက်မကွက်ပြောင်းလဲတပ်ဆင်ပေးလျက်ရှိပါသည်။

➤ မော်တော်ယာဉ်များအားလုံးဖောင်းကြွနံပါတ်ပြားပုံစံအသစ်ပြောင်းလဲတပ်ဆင်ခြင်းကိုအချိန်တိုအတွင်း မြန်ဆန်စွာရာနှုန်းပြည့်ပြီးစီးစေရေးအတွက် နိုင်ငံပိုင်ဌာနဆိုင်ရာယာဉ်များ၊အဝေးပြေးခရီးသည်တင်ယာဉ်များ၊မြို့တွင်းခရီးသည်တင်ယာဉ်လိုင်းများ၊တက္ကစီယာဉ်များ၊ကုန်တင်ယာဉ်များအားလုံးသည် ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်အပြီး သက်ဆိုင်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများနှင့်ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားအသစ်များ ပြောင်းလဲတပ်ဆင်ကြရန်ဖြစ်ပါသည်။

➤ ထို့ပြင် ပုဂ္ဂလိကမော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် နှစ်လဲသက်တမ်းတိုးချိန်တွင်ဖြစ်စေ၊သက်တမ်းတိုးချိန် မတိုင်မီဖြစ်စေ သက်ဆိုင်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများနှင့် ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားအသစ်များ အမြန်ပြောင်းလဲတပ်ဆင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး စေတနာရှင်၊ အလှူရှင်များက လာရောက်လှူဒါန်း







မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး စေတနာရှင်၊အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက် သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှု ရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးကို ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာ တည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်းအစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိသည်။

အဆိုပါ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော်သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင်ပြုလုပ်ခဲ့ပြီး ခုနစ်ရက် သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် ရွှေထည် ၁၀၄ ကျပ်သား ခြောက်ပဲ သုံးရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၂၀၀ ကျပ်သား တစ်ပဲ တစ်ရွေး၊ ကျောက်မျိုးစုံ သုံးကီလိုဂရမ်အပါအဝင် ဗုဒ္ဓမြတ်စွာဘုရား၏ ဇာတာတော်များ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ၊ အဖိုးတန်ရွှေငွေ ကျောက်သံပတ္တမြားများကို ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့သည်။

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် ယနေ့ထိ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ထားလျက်ရှိသည်။

နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ထားရှိမှုကြောင့် ခုနစ်ရက် သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက နေပြည်တော်ကောင်စီ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများထံသို့ ဝမ်းပန်းတသာ ဆက်သွယ်၍ ဌာပနာကုသိုလ်များကို ထည့်ဝင်လှူဒါန်းခဲ့ကြရာ လှူဒါန်းမှုစုစုပေါင်းမှာ ရွှေထည် ၁၂ ပိဿာ ၃၈ ကျပ်သား၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၁၅ ပိဿာ ၇၂ ကျပ်သား၊ ကျောက်မျိုးစုံ ၉၂ ပိဿာ ၅၆ ကျပ်သား၊ ဓာတ်တော်မွေတော်၊ ပုလဲနှင့် ငွေထည်ပစ္စည်းများ၊ ဘွဲ့တံဆိပ်များနှင့် အလှူငွေကျပ် ၇၅၁၃၇၇၆၀၀ တို့ကို လာရောက်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

ခုနစ်ရက် သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော်ထပ်မံထည့်သွင်း သွင်းလှူပူဇော်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများရှိပါသဖြင့် အဖိုးတန်ကျောက်မျက်ရတနာများ၊ ဌာပနာပစ္စည်းများကို လက်ခံခြင်းမရှိတော့ဘဲ လှူဒါန်းငွေများကိုသာ လက်ခံသွားမည်ဖြစ်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) ဖျာပုံမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် ဖျာပုံမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူဦးရေ ၆၉၀ ကို ၎င်းမြို့ရှိ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၌ အခြေပြု၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ၌ ဆေးကုသမှုဆိုင်ရာရောဂါ ၁၈၅ ဦး၊ ခွဲစိတ်ရောဂါ ၄၅ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၃ ဦး၊ ကလေးရောဂါ ၂၉ ဦး၊ အရိုးအကြောရောဂါ ၁၅၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၉ ဦး၊ မျက်စိရောဂါ ၁၂၈ ဦးနှင့် သွားရောဂါ ၆၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၁၀ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၁၂ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများနှင့် တယ်လီဖေးရှင်းဓာတ်မှန်ရိုက်လူနာ ၄၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၆၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၇၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ ဖျာပုံမြို့နယ်နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

# လားရှိုးမြို့ နားမွန်းကျေးရွာ၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး လားရှိုးမြို့ နားမွန်းကျေးရွာ၌ ဒေသခံပြည်သူများအား နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။**

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ နားမွန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ယနေ့တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့နှင့် လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများက အဆိုပါကျေးရွာရှိ ဥတ္တရာလင်္ကာရ နားမွန်းကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ၌ ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူစုစုပေါင်း ဦးရေ ၂၈၀ တို့ကို မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အဖျားနာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ECG စက်နှင့် အမ်ထရာဆောင်းစက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# မန္တလေးမြို့အဝင် သာယာလှပရေးဆောင်ရွက်နေမှုနှင့် အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ (၆၆/၆)ပါ အချက်အလက်များ ကွန်ပျူတာများဖြင့် ဖြည့်သွင်းနေမှုများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး



**မန္တလေး ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့အဝင် သန့်ရှင်းသာယာရေးလုပ်ငန်းများဆောင်ရွက်နေသည့် တံခွန်တိုင်အဝိုင်းပတ်နေရာသို့ ယနေ့ မွန်းလွဲပိုင်းက ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်က ချမှတ်ဆောင်ရွက်နေသည့် မူဝါဒများနှင့် ညွှန်ကြားချက်များကို အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မန္တလေးမြို့ကို စိမ်းလန်းသော မြို့တော် (Green City)အဖြစ် ပုံဖော်ဆောင်ရွက်လျက်ရှိရာ မြို့တော်အင်္ဂါရပ်များနှင့်အညီဖြစ်စေရေး၊ မြို့နေလူထု စိတ်ချမ်းမြေ့စေရေး၊ သန့်ရှင်းသာယာလှပစေရေး၊ စိုက်ပျိုးထားသည့် အရိပ်ရအပင်များ ပန်းအလှပင်များ ပျက်စီးမှုမရှိစေရေးတို့ကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်းပြောကြားပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေကောက်ပွဲအောင်မြင်စာကျင်းပပေးနိုင်ရေး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့က ကောက်ယူထားသည့် အိမ်ထောင်စုလူဦးရေစာရင်း (၆၆/၆)ပါ အချက်အလက်များကို (e-IDစနစ်)ကွန်ပျူတာများဖြင့် ဖြည့်သွင်းကာ Server သို့ Online မှ ပေးပို့ဆောင်ရွက်နေသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မဟာအောင်မြေနှင့် အောင်မြေသာစံမြို့နယ်ဦးစီးမှူးရုံးများနှင့် ချမ်းအေးသာစံမြို့နယ်ရှိ တိုင်းဒေသကြီးဦးစီးမှူးရုံးသို့ ရောက်ရှိပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်နှင့် အချက်အလက်များရေးသွင်းရာတွင် မှန်ကန်တိကျရေး အထူးဂရုစိုက်ဆောင်ရွက်ရန်တို့ကိုမှာကြားကာ တိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် မြို့နယ်ဦးစီးမှူးရုံးတို့မှ ဝန်ထမ်းများ၊ ဆက်စပ်ဌာနဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းများကို ကွန်ပျူတာများဖြင့် ထည့်သွင်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ရုံးများတွင် နိုင်ငံသားစိစစ်ရေးကတ်များ လာရောက်ဆောင်ရွက်နေသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## SARS-CoV-2 Variant Omicron မျိုးရိုးဗီဇပြောင်း ရောဂါပိုး ထပ်မံတွေ့ရှိရမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်

၈-၂-၂၀၂၃

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် "ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း"များကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ် (Commercial Flight) နှင့် ကယ်ဆယ်ရေးလေယာဉ် (Relief Flight) များဖြင့်လည်းကောင်း၊ နယ်စပ် ဝင်ထွက်ဂိတ်များမှတစ်ဆင့်လည်းကောင်း ဝင်ရောက်လာသူများနှင့် ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသော ဓာတ်ခွဲအတည်ပြုလူနာများထံမှ ဓာတ်ခွဲနမူနာရယူ၍ ဓာတ်ခွဲစစ်ဆေးလျက်ရှိပြီး အိုမီခရွန်အပါအဝင် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုးတွေ့ရှိမှုများနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများ၏ ဓာတ်ခွဲနမူနာများအနက် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းရောဂါပိုးတွေ့ရှိနိုင်သည့် သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာ ၁၇ ခုကို ဆေးသုတေသနဦးစီးဌာနတွင် ကိုဗစ်-၁၉ ရောဂါပိုး မျိုးရိုးဗီဇစစ်ဆေးခြင်းကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၆ ရက်တွင် အိုမီခရွန် မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.5 နှင့် ၎င်း၏မျိုးကွဲများကို ဓာတ်ခွဲနမူနာ ကိုးခုတွင်လည်းကောင်း၊ အိုမီခရွန်မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.2 နှင့် ၎င်း၏မျိုးကွဲများကို ဓာတ်ခွဲနမူနာ ရှစ်ခုတွင်လည်းကောင်း တွေ့ရှိရပါသည်။ BA.2 တွေ့ရှိသော ဓာတ်ခွဲနမူနာများတွင် BA.2 ၏မျိုးကွဲ XBB.1 တွေ့ရှိသော ဓာတ်ခွဲနမူနာ နှစ်ခုပါဝင်ပါသည်။

၃။ အဆိုပါ အိုမီခရွန်မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.5 တွေ့ရှိရသူ ကိုးဦးနှင့် BA.2 တွေ့ရှိရသူ ငါးဦး (၎င်း၏မျိုးကွဲ XBB.1 တွေ့ရှိသူ နှစ်ဦးအပါအဝင်) တို့သည် ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြသူများဖြစ်ပြီး ကျန် BA.2 ရောဂါပိုးတွေ့ရှိရသူ သုံးဦးတို့သည် ပြည်တွင်းကူးစက်မှုများမှ တွေ့ရှိရခြင်းဖြစ်ပါသည်။ ၎င်းတို့ကို ကိုဗစ်-၁၉ ရောဂါပိုး ဓာတ်ခွဲအတည်ပြုခဲ့စဉ်ကပင် သတ်မှတ်ရက်အတိုင်း စနစ်တကျ သီးခြားထားရှိကုသမှုပေးခဲ့ပြီး ကျန်းမာရေးအခြေအနေများမှာ ကောင်းမွန်လျက်ရှိပါသည်။

၄။ နိုင်ငံတကာ လေ့လာတွေ့ရှိချက်များအရ အိုမီခရွန် မျိုးရိုးဗီဇပြောင်းရောဂါပိုးများသည် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးသူများတွင် ရောဂါလက္ခဏာပြင်းထန်မှုနှင့် သေဆုံးမှုတို့လျော့နည်းကြောင်း တွေ့ရှိရပါသည်။

၅။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများကို ပိုမိုအရှိန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းကို မပျက်မကွက် ခံယူကြပါရန် သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဇန်နဝါရီ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၁၅/၂၀၂၃)ဖြင့်လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃) ဖြင့်လည်းကောင်း၊ နိုင်ငံရေးပါတီတည်ထောင်ခွင့်၊ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့နှင့်စပ်လျဉ်း၍ ကြေညာချက်အမှတ်(၂/၂၀၂၃)၊ (၃/၂၀၂၃) တို့ဖြင့်လည်းကောင်း ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ်ဆက်လက်တည်ထောင်လိုသော **မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD)** သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ယနေ့တွင် လာရောက်လျှောက်ထားခဲ့သဖြင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကြို့ကုန်း (အရှေ့)ရပ်ကွက်နေ မြနိုင်သည် ၎င်းအသုံးပြုသည့် "Mya Naing" Facebook အကောင့်၊ မင်္ဂလာဒုံမြို့နယ်နေ ကေခိုင်ဝင်းသည် ၎င်းအသုံးပြုသည့် "Kay Kahing Win" Facebook အကောင့်၊ ရွှေပြည်သာမြို့နယ် (၁၀/၃၄) ရပ်ကွက်နေ ထက်အောင်ကိုကိုသည် ၎င်းအသုံးပြုသည့် "Htet Aung Ko Ko" Facebook အကောင့်၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် ရေအုပ်ကန်ကျေးရွာနေ အောင်ကိုငြိမ်းသည် ၎င်းအသုံးပြုသည့် "Aung Ko Nyein" Facebook အကောင့်၊ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် အင်းသာကျေးရွာနေ သီဟထွန်း(ခ)သားသားသည် ၎င်းအသုံးပြုသည့် "Thiha Tun" Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အောင်မင်္ဂလာရပ်ကွက်နေ အောင်ခိုင်ဦးသည် ၎င်းအသုံးပြုသည့် "Aung KhaingOo" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်နေ အာကာကျော်သည် ၎င်းအသုံးပြုသည့် "Arkar Kyaw" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

# မုံရွာမြို့နှင့် မော်လမြိုင်မြို့တို့ရှိ တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော် တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် အဖွဲ့ဝင်များကလည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့် အဖွဲ့ဝင်များကလည်းကောင်း အသီးသီးသွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားကြပြီး ဆေးရုံတက်လူနာများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော်၊ တိုင်းမှူးများနှင့်အဖွဲ့ဝင်များသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ဒေသတွင်း စိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးခင်လှိုင် တိုင်းစစ်ဌာနချုပ်ရှိ စိုက်ပျိုးမွေးမြူရေးခြံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကိုအထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးခင်လှိုင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ တိုင်းစစ်ဌာနချုပ်ရှိ စိုက်ပျိုးမွေးမြူရေးခြံသို့လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက စစ်တွေမြို့ရှိ နယ်မြေခံရဲတပ်ဖွဲ့ခွဲတွင် ဆောင်ရွက်ထားရှိသည့် စိုက်ပျိုးမွေးမြူရေးခြံသို့ လည်းကောင်း အသီးသီး သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့်လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရန် ထွက်ခွာ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မှ စတင်ထွက်ခွာသွားသည်။

အဆိုပါ တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့တွင် ဆေးကုသမှုပါရဂူ၊ ခွဲစိတ်ပါရဂူ၊ သားဖွားမီးယပ်ပါရဂူ၊ ကလေးပါရဂူ၊ အရိုးပါရဂူ၊ မျက်စိပါရဂူ၊ နား၊ နှာခေါင်း၊ လည်ချောင်းပါရဂူ၊ သွားပါရဂူ၊ မေ့ဆေးပါရဂူ၊ ရောဂါဗေဒပါရဂူ၊ ဓာတ်မှန်ပါရဂူ၊ ဆေးဝါးဗေဒပါရဂူ၊ ပြည်သူ့ကျန်းမာရေးပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုအရာရှိ၊ စစ်သည်များနှင့်အတူ ရွေ့လျားခွဲစိတ်ကုသယာဉ်၊ ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်၊ ရွေ့လျားဓာတ်ခွဲခန်းယာဉ်နှင့် ရွေ့လျားသွားရောဂါ ခွဲစိတ်ကုသရေးယာဉ်တို့ပါဝင်ပြီး မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများကို လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့ နေပြည်တော်မှ ထွက်ခွာစဉ်။

အဆိုပါ တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သည် ယနေ့ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရေဝေကျေးရွာသို့ ရောက်ရှိကြရာ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။



တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့ကို ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြစဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူဦးရေ ၁၀၂၀ နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၂၇၇ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူဦးရေ ၁၅၀၀ နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ကျောင်းသား၊ ကျောင်းသူ ၃၃၈ ဦးကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းသား၊ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။

# ဖေဖော်ဝါရီ ၈ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦးတွေ့ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ဖေဖော်ဝါရီ ၈ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၆၂၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၈၅၀ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၃၂၁ ဦး |

# ဂရိနိုင်ငံ အေသင်မြို့တွင် နှင်းများထူထပ်စွာကျဆင်းမှုကြောင့် စာသင်ကျောင်းများနှင့် ဈေးဆိုင်များပိတ်ထားရ



**အေသင် ဖေဖော်ဝါရီ ၈**

ဂရိနိုင်ငံ အေသင်မြို့တွင် အပူချိန်များကျဆင်းပြီး နှင်းများထူထပ်စွာကျဆင်းနေမှုကြောင့် အေသင်မြို့ရှိ စာသင်ကျောင်းများနှင့် ဈေးဆိုင်များပိတ်ထားရပြီး အများသူငါဝန်ဆောင်မှုများနှင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် အတတ်နိုင်ဆုံး နေအိမ်၊ ရုံးခန်းများတွင်သာ အလုပ်လုပ်ကြရန် အေသင်မြို့တော် တာဝန်ရှိသူများက နှိုးဆော်ထားကြောင်းABC News သတင်းဌာနက ဖေဖော်ဝါရီ ၇ ရက်တွင် ရေးသားဖော်ပြထားသည်။

ယခုသီတင်းပတ်ကုန်မှစ၍ ဂရိနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်လျက်ရှိသော ဘာဘရာအမည်ရှိ ဆောင်းမုန်တိုင်းသည် ဆက်လက်တည်ရှိနေပြီး မုန်တိုင်းအရှိန်ကြောင့် နှင်းများထူထပ်စွာကျဆင်းလျက်ရှိရာ အေသင်မြို့နှင့်ဂရိနိုင်ငံအလယ်ပိုင်းသို့ဆက်သွယ်ထားသည့် အဓိကလမ်းမကြီးများ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ဆီးနှင်းများဖုံးလွှမ်းနေမှုကြောင့် မြို့တော်၏ အပြည်ပြည်ဆိုင်ရာ လေဆိပ်အနီးရှိ မြေအောက်ဘူတာရုံတချို့ကို ပိတ်ထားရပြီး မြောက်ဘက် သက်သာလိုနီကီမြို့သို့ ဆက်သွယ်ထားသော ရထားလမ်းများကိုလည်း ရပ်ဆိုင်းထားရကာ ပြည်သူများအနေဖြင့် အရေးကြီးကိစ္စများမှလွဲ၍ ခရီးမသွားကြရန် မြို့တော်တာဝန်ရှိသူများက နှိုးဆော်ထားကြောင်း သိရသည်။

အအေးလွန်ကဲမှုနှင့် ဆီးနှင်းကျဆင်းမှုမှာ ယနေ့ထိ ဆက်လက်ဖြစ်ပေါ်နေပြီး ကရေတီကျွန်းအပါအဝင် နိုင်ငံအရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသများသို့ ဆက်လက် သက်ရောက်နိုင်ဖွယ်ရှိကြောင်း၊ ဂရိမြို့တော်တွင် ယခုကဲ့သို့ နှင်းများထူထပ်စွာကျဆင်းမှုသည် ရှားရှားပါးပါးဖြစ်ရပ်ဖြစ်သော်လည်း နိုင်ငံတစ်ဝန်း ရာသီဥတုပြင်းထန်မှုဒဏ်ကိုမူ သုံးနှစ်ဆက်တိုက် ကြုံတွေ့ရခြင်းဖြစ်ကြောင်း ဂရိမိုးလေဝသဌာနက ကြေညာခဲ့သည်။ AZH

# တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် တစ်ခါသုံးပလတ်စတစ်ထုတ်လုပ်မှုကန့်သတ်ထားသော်လည်း သုံးစွဲမှုမြင့်တက်

**ကင်ဘာရာ ဖေဖော်ဝါရီ ၈**

တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် တစ်ခါသုံးပလတ်စတစ်ထုတ်လုပ်မှုများကို ကန့်သတ်လျက်ရှိသော်လည်း ၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း တစ်ခါသုံးပလတ်စတစ်သုံးစွဲမှုနှုန်း အဆမတန်မြင့်တက်ခဲ့ကြောင်း ဩစတြေးလျနိုင်ငံ အခြေစိုက် Minderoo Foundation က ထုတ်ပြန်ခဲ့သည်ဟု CBS သတင်းဌာနက ဖေဖော်ဝါရီ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တစ်ခါသုံးပလတ်စတစ် ထုတ်လုပ်မှုကို ကန့်သတ်မှုများမပြုလုပ်စဉ်ကာလကထက် သုံးစွဲမှုနှုန်း ပိုမိုမြင့်တက်လာခဲ့ခြင်းမှာ ချမှတ်ထားသည့်ဥပဒေများကို လိုက်နာရန် အားနည်းခြင်းကြောင့်ဖြစ်ကြောင်း၊ Minderoo Foundation ၏ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း တစ်ခါသုံးပလတ်စတစ်အမှိုက်သည် နှစ်စဉ် တစ်နှစ်လျှင် တန်ချိန် ခြောက်သန်းထိ မြင့်တက်လာခဲ့ခြင်းကြောင့် ၂၀၁၉ ခုနှစ်မတိုင်မီ ကာလများထက် ပိုမိုများပြားနေသည်ကို တွေ့ရှိရကြောင်း၊ ပလတ်စတစ်အမှိုက်များပြားလာခြင်းမှာ မြေဆီမြေနှစ်ခန်းခြောက်မှုများကိုလည်း ဖြစ်ပေါ်လာစေပြီး သဘာဝပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေကြောင်း Minderoo Foundation က သတိပေးချက်ထုတ်ပြန်ခဲ့သည်။



"တစ်ခါသုံးပလတ်စတစ်နဲ့ပတ်သက်ပြီး ကမ္ဘာ့နိုင်ငံတွေဟာ အမှားတွေကျူးလွန်နေကြတယ်။ ၂၀၁၉ ခုနှစ်ကနေ ၂၀၂၂ ခုနှစ်အတွင်း တစ်ခါသုံးပလတ်စတစ်သုံးစွဲမှုနှုန်း မြင့်တက်လာပြီးတော့ တစ်ခါသုံး ပလတ်စတစ် အမှိုက်သရိုက်ဟာ နှစ်စဉ်တစ်နှစ်ကို တန်ချိန် ခြောက်သန်းထိ မြင့်တက်လာတယ်။ ဒီပမာဏဟာ တစ်ခါသုံးပလတ်စတစ်သုံးစွဲမှု ကန့်သတ်ထားတာမရှိတဲ့ ကာလထက် ပိုများနေပါတယ်"ဟု Minderoo Foundation မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Minderoo Foundation က တစ်ခါသုံးပလတ်စတစ်များကို စွမ်းအင်အတွက် ပြန်လည်အသုံးချခြင်း ကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်လျှင် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံများအနေဖြင့် တစ်ခါသုံးပလတ်စတစ်သုံးစွဲမှုနှင့်ပတ်သက်ပြီး အမှားများကျူးလွန်နေခြင်းမှာ အနာဂတ် စိမ်းလန်းစိုပြည်ရေးကဏ္ဍအတွက် ကြီးမားသည့် အနှောင့်အယှက်ဖြစ်နေကြောင်း Minderoo Foundation က ထုတ်ပြန်ခဲ့သည်။ **ခိုင်းဆက်**

# တရုတ်နိုင်ငံ ချန်ကျိုးဒေသတွင် မြူခိုးများဖုံးလွှမ်းနေသဖြင့် ရေကြောင်းခရီးစဉ်များယာယီရပ်ဆိုင်း

**ပေကျင်း ဖေဖော်ဝါရီ ၈**

တရုတ်နိုင်ငံ ချန်ကျိုးဒေသတွင် ဖေဖော်ဝါရီလမှစ၍ လေထုညစ်ညမ်းမှုများဖြစ်ပေါ်ခဲ့ပြီး ဖေဖော်ဝါရီ ၇ ရက်တွင် မြူခိုးများဖုံးလွှမ်းနေသဖြင့် သင်္ဘောများသွားလာရန် ခက်ခဲသည့်အတွက် ရေကြောင်းခရီးစဉ်များကို ယာယီရပ်ဆိုင်းထားကြောင်း ဟိုင်နန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Nation သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မြူခိုးများကြောင့် မြင်ကွင်းမရှင်းသည့်အတွက် သင်္ဘောများကို ဆိပ်ကမ်းတွင် ကပ်ထားရန်၊ ဟိုင်နန်ဆိပ်ကမ်းသည် တရုတ်နိုင်ငံရေကြောင်းသယ်ယူပို့ဆောင်ရေးအတွက် အဓိကကျသည့်ဆိပ်ကမ်းဖြစ်ပြီး လေထုညစ်ညမ်းမှုပြဿနာကြောင့် ခရီးသည်တင်သင်္ဘောအပါအဝင် ကုန်တင်သင်္ဘောများအားလုံး ယာယီရပ်ဆိုင်းရန် ဟိုင်နန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

တရုတ်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက လေထုညစ်ညမ်းမှုအဆင့်ကို အဝါရောင်အဆင့် သတ်မှတ်လိုက်ပြီး မြူခိုးများကင်းစင်သွားသည့် အခြေအနေရောက်မှသာ သင်္ဘောများကို ပြန်လည်ထွက်ခွာခွင့်ပြုသွားမည်ဖြစ်ကြောင်း ဟိုင်နန်ဆိပ်ကမ်းအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

လေထုညစ်ညမ်းမှု အဝါရောင်အဆင့် သတ်မှတ်ထားသောဒေသများမှာ ရှန်ဒုန်ဒေသ၊ အန်ဟွေဒေသ၊ ဂျီအန်ဆူဒေသ၊ ဇီကျန်းဒေသ၊ ဟူဘေဒေသ၊ ဟူနန်ဒေသ၊ ကျန်းဇီဒေသ၊ ဖူဂျီအန်ဒေသ၊ ဂွာကျောင်ဒေသ၊ ဂွမ်ဒုန်ဒေသနှင့် ဂေါင်းဇီဒေသတို့ဖြစ်ကြောင်း၊ မိုးလေဝသညွှန်ကြားရေးဦးစီးဌာန၏ ထုတ်ပြန်ချက်အရ လေထုညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်နေသည့် မြူခိုးများသည် ဖေဖော်ဝါရီ ၁၁ ရက်ထိ ဆက်လက်ဖုံးလွှမ်းဖွယ်ရှိနေကြောင်း သိရသည်။

**ခိုင်းဆက်**

# တရုတ်နိုင်ငံတွင် ၂၀၂၃ ခုနှစ်အတွင်း ရာသီဥတုဖောက်ပြန်မှု ပိုမိုမြင့်မားလာနိုင်ပြီး မိုးခေါင်ရေရှားမှုပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိ

**ပေကျင်း ဖေဖော်ဝါရီ ၈**

တရုတ်နိုင်ငံတွင် ၂၀၂၃ ခုနှစ်အတွင်း ရာသီဥတုဖောက်ပြန်မှုနှုန်းမှာ ၂၀၂၂ ခုနှစ်ကထက် ပိုမိုမြင့်မားလာနိုင်ပြီး ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ရေရှားပါးမှုပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း တရုတ်မိုးလေဝသဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု CGTN သတင်းဌာနက ဖေဖော်ဝါရီ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မိုးခေါင်ရေရှားပါးမှုပြဿနာကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကျဆင်းလာနိုင်ပြီး ကောက်ပဲသီးနှံစိုက်ခင်းများ အခက်အခဲတွေ့လာနိုင်ကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပိုင်း ကျဆင်းလာနိုင်သည့်အတွက် လျှပ်စစ်ဓာတ်အားကို အကန့်အသတ်ဖြင့်သာ ဖြန့်ဝေနိုင်ဖွယ်ရှိကြောင်း၊ တရုတ်နိုင်ငံတောင်ဘက်ပိုင်းတွင် မိုးခေါင်ရေရှားပါးမှုအခြေအနေ ပိုမိုဆိုးရွားလာနိုင်ပြီး စွမ်းအင်လိုအပ်ချက်မြင့်မားလာနိုင်ကြောင်း တရုတ်မိုးလေဝသဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ကမ္ဘာမြေကြီးပူနွေးမှုကြောင့် အပူချိန်တွေ မြင့်တက်လာတယ်။ ရာသီဥတု ဖောက်ပြန်မှုနှုန်းတွေ မြင့်တက်လာတယ်။ ရာသီဥတု ဖောက်ပြန်မှုနှုန်း မြင့်မားလာတဲ့အတွက် မိုးခေါင်ရေရှားပါးမှုတွေနဲ့ ထပ်မံရင်ဆိုင်လာရဖွယ်ရှိနေတယ်။ တရုတ်နိုင်ငံ တောင်ဘက်ပိုင်းဒေသတွေဟာ ၂၀၂၃ ခုနှစ်အတွင်း မိုးခေါင်ရေရှားပါးမှုပြဿနာတွေနဲ့ ဆက်တိုက် ရင်ဆိုင်ရဖွယ်ရှိနေပါတယ်"ဟု တရုတ်မိုးလေဝသဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဆောင်းရှန်ယန်က ပြောကြားခဲ့သည်။

မိုးခေါင်ရေရှားပါးမှုပြဿနာ မြင့်မားလာနိုင်သည့် အဓိကအကြောင်းရင်းမှာ ကမ္ဘာမြေကြီးပူနွေးမှုကြောင့်ဖြစ်ပြီး ကမ္ဘာမြေကြီးပူနွေးမှုကို ထိန်းချုပ်နိုင်ခြင်းမရှိပါက မိုးခေါင်ရေရှားပါးမှုပြဿနာကို ရှောင်လွှဲနိုင်ဖွယ်မရှိကြောင်း တရုတ် မိုးလေဝသဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။ **ခိုင်းဆက်**

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အင်ဒိုနီးရှား၌ ဒစ်ဂျစ်တယ်စနစ်ဖြင့် လုပ်ဆောင်မည်

**ဂျကာတာ ဖေဖော်ဝါရီ ၈**

အင်ဒိုနီးရှား သဘာဝပတ်ဝန်းကျင်နှင့် သစ်တောရေးရာဝန်ကြီးဌာနသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဝန်ဆောင်မှုများကို အရှိန်မြှင့်ရန်၊ ပိုမိုတိကျစေရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းမျဉ်းများနှင့် အညီဆောင်ရွက်ရန် ရည်ရွယ်သည့် ဒစ်ဂျစ်တယ်အချက်အလက်စနစ်တစ်ခုကို ဖေဖော်ဝါရီ ၇ ရက်က ထုတ်ဖော်ပြသခဲ့ကြောင်း ANTARA News သတင်းဌာနက ဖေဖော်ဝါရီ ၇ ရက်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါစနစ်သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများကို အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အတွက် ဆန်းသစ်သောစနစ်တစ်ခုဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လည်ပတ်မှုနှင့် စီမံခန့်ခွဲမှုကို ပံ့ပိုးရန် အမျိုးမျိုးသောအချက်အလက်နည်းပညာများကို ပေါင်းစပ်ထားသော စနစ်တစ်ခုဖြစ်ကြောင်း ဖေဖော်ဝါရီ ၇ ရက်က ကျင်းပသော လုပ်ငန်းမိတ်ဆက်ပွဲ အခမ်းအနားတွင် သဘာဝပတ်ဝန်းကျင်နှင့် သစ်တောရေးရာဝန်ကြီး Siti Nurhaya Bakar က ပြောကြားခဲ့သည်။

အဆိုပါစနစ်တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စာရွက်စာတမ်းများနှင့်လုပ်ငန်းစဉ်များကို ဒစ်ဂျစ်တယ်စနစ်ဖြင့် လုပ်ဆောင်မည့်အပြင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှု အကဲဖြတ်ခြင်းလုပ်ငန်းနှင့် စာရွက်စာတမ်းများကိုစစ်ဆေးခြင်း၊ ဗဟိုနှင့်တိုင်းဒေသကြီးအဆင့်တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခွင့်ပြုချက်များ ထုတ်ပေးခြင်းတို့လည်း ပါဝင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

Amdalnet ဟုအမည်ပေးထားသော အဆိုပါစနစ်သည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံမှုများကို ဆက်လက်ထိန်းသိမ်းထားခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အတည်ပြုချက် လုပ်ငန်းစဉ်တွင် စီးပွားရေးလုပ်ငန်းများနှင့် အစိုးရကြားဆက်သွယ်မှု လွယ်ကူချောမွေ့စေရန် ရည်ရွယ်ကြောင်း Bakar က ပြောကြားခဲ့သည်။ AZH

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# ကမ္ဘာလုံးဆိုင်ရာကင်ဆာရောဂါထိန်းချုပ်နိုင်ရေးဆောင်ရွက်ချက်များ

ကမ္ဘာပေါ်တွင် အဖြစ်များသည့် ရောဂါများအတွက် အထိမ်းအမှတ်နေ့များ သတ်မှတ်ပေးထားလေ့ရှိသည်။ ဥပမာ-ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါအထိမ်းအမှတ်နေ့အဖြစ် နှစ်တစ်နှစ်၏ ဒီဇင်ဘာ ၁ ရက်နေ့ကို သတ်မှတ်သည်။ ကမ္ဘာ့တီဘီရောဂါအထိမ်းအမှတ်နေ့ကို မတ် ၂၄ ရက်နေ့အဖြစ် သတ်မှတ်ထားသည်။ ရောဂါတစ်ခုခု၏ အထိမ်းအမှတ်နေ့ရောက်ခါနီးလာပြီဆိုလျှင် သက်ဆိုင်ရာရောဂါဖြစ်ပွားခံစားနေကြရသူလူနာများ၊ သက်ဆိုင်ရာရောဂါထိန်းချုပ်တိုက်ဖျက်ရေးတွင် ပါဝင်ဆောင်ရွက်နေရသူများ စုစည်းပြီး အထိမ်းအမှတ်ပွဲများကို ကမ္ဘာ့နေရာအနှံ့လုပ်ဖြစ်ကြသည်။ သက်ဆိုင်ရာရောဂါကို ဆက်လက်ကြံ့ကြံ့ခံတိုက်ပွဲဝင်ကြမည့်အကြောင်း၊ တိုက်ပွဲလမ်းခရီးတွင် အောင်မြင်မှုက ဘယ်လို၊ စိန်ခေါ်မှုက ဘယ်လို စသဖြင့် မိမိတို့အတွေ့အကြုံနှင့် အသိအမြင်များကို မျှဝေခွင့်ရကြသည်။

နောက်ထပ်ထူးခြားချက်တစ်ခုက ရောဂါများ၏ အထိမ်းအမှတ်နေ့များမှာ နှစ်အလိုက်ဆောင်ပုဒ်များ ပေးထားတတ်ကြခြင်းဖြစ်သည်။ ဥပမာ- ၂၀၂၂ ခုနှစ် ကမ္ဘာ့တီဘီရောဂါအထိမ်းအမှတ်နေ့၏ ဆောင်ပုဒ်မှာ "တီဘီရောဂါအဆုံးသတ်ဖို့ ရင်းနှီးမြှုပ်နှံကြစို့၊ အသက်တွေကယ်ကြစို့" "Invest to End TB, Save lives"ဟူ၍ဖြစ်သည်။ မကူးစက်နိုင်သည့်ရောဂါကြီးများ (NCDs) ခေါင်းစဉ်အောက်တွင် ပါဝင်ပြီး လူသားများကိုခြိမ်းခြောက်နေသည်။

၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်ထိ ကမ္ဘာ့ကင်ဆာအထိမ်းအမှတ်နေ့အတွက် ဆောင်ပုဒ်ကို "ကင်ဆာပြုစုစောင့်ရှောက်မှုကွာဟချက်ကို ပိတ်ပစ်ကြစို့" ဟူ၍ တစ်ခုတည်းသတ်မှတ်ထားခြင်းဖြစ်သည်။ "Close the cancer care gap"ဟု ကြေညာထားသည်။ ကမ္ဘာ့ကင်ဆာအထိမ်းအမှတ်နေ့ ဆောင်ပုဒ်များကို ပြန်လည်လေ့လာကြည့်မည်ဆိုလျှင် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ "We can.I can" "ငါတို့လုပ်နိုင်တယ်၊ ငါလုပ်နိုင်တယ်"ဖြစ်ပြီး ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ "I am and I wil"ဟူ၍ဖြစ်သည်။

ကင်ဆာရောဂါများနှင့် ပတ်သက်လာလျှင် တစ်ဦးကောင်းတစ်ယောက်ကောင်းမဟုတ်ဘဲ သက်ဆိုင်ရာလူနာများ၊ ကင်ဆာဆရာဝန်များ၊ ကျွမ်းကျင်ပညာရှင်များ၊ ကျွမ်းကျင်သူနာပြုများအားလုံးက ထက်ထက်သန်သန် ပူးပေါင်းဆောင်ရွက်ကြစေရန် ကင်ဆာအထိမ်းအမှတ်နေ့ဆောင်ပုဒ်များကို တီထွင်ချမှတ်လာခဲ့ကြခြင်းဖြစ်သည်။

ကင်ဆာရောဂါများ ကုသရာတွင် ကွာဟချက်အတော်များသည်။ ငွေနှင့်အားတောင့်တင်းသူများအတွက် တော်တန်ရုံကင်ဆာကုထုံးများက မပြောပလောက်သော်လည်း ချို့တဲ့သူများအတွက်ကတော့ အိမ်ပေါင်၊ ယာပေါင်ဖြင့် အတော်လေးဒုက္ခရောက်ကြသည်။ ကင်ဆာကုသမှုများ ကွာဟလာသည်နှင့်အမျှ ကုသမှုရလဒ်များလည်းကွာခြားလာကြသည်။ ကင်ဆာရောဂါများထိန်းချုပ်ရေး၊ ကုသရေးများနှင့်ပတ်သက်၍ ကွာဟချက်များရှိနေခြင်းသည် ကမ္ဘာလုံးဆိုင်ရာ အမြစ်တွယ်နေသည့်ပြဿနာကြီးတစ်ရပ်ဖြစ်သည်။

သိသာထင်ရှားသည့် ဥပမာတစ်ခုကိုပြရလျှင် ကလေးသူငယ်ကင်ဆာရောဂါများ လုံးဝပျောက်ကင်းကုသနိုင်ခြေသည် ကြွယ်ဝသည့်နိုင်ငံများတွင် ၈၀ ရာခိုင်နှုန်းထိရှိနေပြီး ချို့တဲ့သည့်နိုင်ငံများတွင် ၂၀ ရာခိုင်နှုန်းသာရှိနေခြင်းဖြစ်သည်။ Cancer care ဆိုသည်ကို ကင်ဆာရောဂါများပြုစုကုသမှုဟု ခြုံငုံခေါ်ဆိုကြသော်လည်း တကယ်တမ်း Cancer care ဆိုရာမှာ ကင်ဆာရောဂါများကြိုတင်ကာကွယ်ခြင်း၊ အသိပညာပေးခြင်းများကစ၍ ကင်ဆာကြိုတင်ရှာဖွေစစ်ဆေးခြင်း(Screening)၊ ကင်ဆာလက္ခဏာများရှိနေသည့် လူနာကို ရောဂါရှာဖွေဖော်ထုတ်ခြင်း (Diagnostics) များအလယ်၊ ကင်ဆာရောဂါများ ကုသပေးခြင်း၊ ရောဂါဝေဒနာသက်သာအောင် ထိန်းချုပ်ပေးခြင်း စသည့်ကုသမှုများအဆုံး အကျုံးဝင်နေသည်။

အရည်အသွေးမြင့်မားသည့် ကင်ဆာကုသရေးစံနှုန်းများတွင် ဓာတ်ရောင်ခြည်ကုထုံးက ရှေ့ဆုံးကပါသည်။ သည့်နောက်တွင် ရှုပ်ထွေးသည့် ခွဲစိတ်ကုသမှုမျိုးစုံလုပ်ပေးနိုင်သည့် အရည်အချင်းများပါသည်။ ထို့ပြင် အခြေခံအဆောက်အအုံကြီးများ၊ လူစွမ်းအားအရင်းအမြစ်များ၊ စဉ်ဆက်မပြတ်သင်ကြားရေးအစီအစဉ်များ၊ ဓာတ်မှန်၊ ဓာတ်ရောင်ခြည်နှင့် ရှုပဗေဒဆိုင်ရာပညာရှင်များ လေ့ကျင့်သင်ပေးရေးအစီအစဉ်များနှင့် အရေးကြီးဆုံးဖြစ်သည့် ရန်ပုံငွေကြေးအင်အားတောင့်တင်းမှုတို့ရှိရန်လိုအပ်သည်။

**❖ ကင်ဆာထိန်းချုပ်ရေးလုပ်ငန်းစဉ်များမှာလည်း အထက်-အောက် ညွှန်ကြားချက်ဖြင့် တာဝန်ကျေလုပ်ဆောင်ကြသည်မဟုတ်ဘဲ ပြည်သူလူထုပါဝင်လှုပ်ရှားသည့် ကင်ဆာတိုက်ဖျက်ရေး၊ ကင်ဆာကြိုတင်ရှာဖွေရေး၊ အသိပညာပေးရေးလုပ်ငန်းစဉ်များ ဖြစ်ရန်လိုသည်။ ဥပမာပြရမည်ဆိုလျှင် ၂၀၁၁ ခုနှစ် ရဝမ်ဒါနိုင်ငံတွင် စတင်ခဲ့သည့် အမျိုးသားအဆင့် သားအိမ်ခေါင်းကင်ဆာကာကွယ်ထိုးဆေးစီမံချက်ဖြစ်သည်။ ထိုစီမံချက်သည် ၉၀ ရာခိုင်နှုန်းကျော်လျာထားချက်ပြည့်မီခဲ့သည်။ နိုင်ငံတော်အဆင့်မှ မူဝါဒလမ်းညွှန်ချက်များချမှတ်ပေးနိုင်မှုနှင့်အောက်ခြေပြည်သူလူထုက ပူးပေါင်းဆောင်ရွက်မှုကြောင့် အောင်မြင်ခဲ့သည့် သာဓကတစ်ရပ်ဖြစ်သည်။ ❖**

ကမ္ဘာလုံးဆိုင်ရာ ကင်ဆာထိန်းချုပ်ရေးအဆင့်အတန်းမြင့်မားလာစေရေးအတွက် ကမ္ဘာကြီးမှ ကင်ဆာရောဂါများအပေါ်မြင်နေသည့်အမြင်ကို အရင်ဆုံးပြောင်းလဲပစ်ရန်လိုသည်။ ကင်ဆာရောဂါသည် ကူးစက်ရောဂါပိုးကြောင့်ဖြစ်ရသည်မဟုတ်ပေ။ ခြွင်းချက်အနေဖြင့် အသည်းရောင်အသားဝါဘီပိုးနှင့် စီပိုးတို့ကဲ့သို့ ကင်ဆာဖြစ်စေသည့် ကူးစက်ရောဂါများရှိသော်လည်း များသောအားဖြင့် ကင်ဆာရောဂါသည် လူတစ်ဦးမှတစ်ဦးသို့ ကူးစက်ပျံ့ပွားသည့် ရောဂါမဟုတ်ပေ။ သွေးတိုး၊ ဆီးချိုများကဲ့သို့ NCDs ဟု အတိုကောက်ခေါ်ကြသည့် မကူးစက်နိုင်သော ရောဂါကြီးများ ခေါင်းစဉ်အောက်တွင် ပါဝင်သည်။

NCDs များကို ကမ္ဘာအရပ်ရပ်က မေ့ထားတတ်ကြသည်။ ကူးစက်ရောဂါများထိန်းချုပ်ရေးကိုပဲ ပိုပြီးအလေးပေးတတ်ကြသည်။ ဂိတ်ဖောင်ဒေးရှင်း၊ ကမ္ဘာ့ရန်ပုံငွေအဖွဲ့တို့ကဲ့သို့ အလှူရှင်အဖွဲ့အစည်းကြီးများက ကင်ဆာရောဂါများ သိသိသာသာအဖြစ်များလာနေသည့်တိုင်အောင် ကူးစက်ရောဂါများထိန်းချုပ်ရေးအတွက်သာ အလှူငွေများပုံအောလှူဒါန်းနေကြဆဲဖြစ်သည်။ ၂၀၂၁ ခုနှစ်အတွင်း HIV၊ AIDS ထိန်းချုပ်ရေးအတွက် အနယ်နယ်အရပ်ရပ်လှူဒါန်းငွေ အမေရိကန်ဒေါ်လာကိုးဘီလီယံ(သန်း ၉၀၀၀)ရှိနေသည့်အချိန်တွင် NCDs ရောဂါများအားလုံးအတွက် လှူဒါန်းငွေရရှိမှုက အမေရိကန်ဒေါ်လာတစ်ဘီလီယံမျှသာဖြစ်ခဲ့သည်။ သည်အထဲမှာမှ ကင်ဆာအတွက် အဘယ်မျှခွဲတမ်းရမည်မသိ။ NCDs ခေါင်းစဉ်အောက်တွင် ရောဂါအများကြီးပါနေသည်။

ကင်ဆာရောဂါများအပေါ် လှူဒါန်းရန်စိတ်ဝင်စားမှုနည်းခြင်းကလည်း အကြောင်းရှိသည်။ ကင်ဆာရောဂါဆိုသည်မှာ ရောဂါတစ်ခုတည်းမဟုတ်။ မူကွဲမျိုးကွဲများရာနှင့်ချီပြီးရှိနေသည်။ ကင်ဆာရောဂါခေါင်းစဉ်ကြီးတစ်ခုအောက်တွင် ခေါင်းစဉ်ငယ်၊ ခေါင်းစဉ်ခွဲများက တသီတတန်းကြီးရှိနေတတ်သည်။ သည်တော့ အလွန်ရှုပ်ထွေးပြီး အောင်မြင်မှုအလားအလာနည်းပါးမည့် ကင်ဆာသုတေသနလုပ်ငန်းများကို လှူဒါန်းရန် စိတ်ဝင်စားမှုမရှိတတ်ကြပေ။ HIV၊ AIDS အတွက် ART ဆေးများစမ်းသပ်ထုတ်လုပ်ခြင်း၊ လှူဒါန်းခြင်း၊ ကာကွယ်ဆေးများသုတေသနပြုခြင်းက ရေတိုကာလအတွင်း လူအများကြီးကို အကျိုးရှိသွားစေမှာ သေချာသည်။ ထို့ကြောင့် ကမ္ဘာ့အလှူရှင်ကြီးများဘက်က ကင်ဆာရောဂါများအပေါ် ထားရှိသည့် အမြင်ကို ပြောင်းလဲပစ်နိုင်ရန်ခက်ခဲနေဦးမည်။

ကမ္ဘာနှင့်ချီပြီး ကင်ဆာရောဂါကိုထိန်းချုပ်နိုင်ရန်ဆိုသည်က သက်ဆိုင်ရာနိုင်ငံတစ်နိုင်ငံချင်းစီ၏ အစိုးရများက ထိရောက်ပြီး ရေရှည်တည်မြဲသည့် မူဝါဒများချမှတ်ပေးနိုင်ရန် လိုအပ်သည်။ အာဏာပိုင်များ၏ အလေးပေးခံရမှုမပါဝင်ဘဲ ကင်ဆာရောဂါများ မျက်နှာသာရလာရန်မလွယ်။ ဆာဟာရကန္တာရတောင်ဘက်မှ အာဖရိကနိုင်ငံများမှာ ဖြစ်ပွားသည့် ကင်ဆာရောဂါများ၏ ၄၀ ရာခိုင်နှုန်းသည် ကြိုတင်ကာကွယ်၍ရနိုင်ပြီး ကျန်သည့် ၆၀ ရာခိုင်နှုန်းမှ သုံးပုံတစ်ပုံမှာ စောစီးစွာဖော်ထုတ်ကုသနိုင်ပါက ကင်ဆာလုံးဝပျောက်ကင်းသွားမည့်အခြေအနေတွင် ရှိသည်။ ဆေးလိပ်သောက်သုံးမှုလျှော့ချရေးအတွက် ဆေးလိပ်ခွန်များ တိုးမြှင့်ကောက်ခံခြင်း၊ အရက်နှင့် အချိုကဲ အစားအသောက်များအပေါ် အခွန်တိုးမြှင့်ကောက်ခံခြင်းဖြင့် အာဖရိကနိုင်ငံသားအများအပြား ကင်ဆာရောဂါဘေးမှ ကင်းလွတ်ခွင့်ရသွားမည်။ နောင်သုံး၊ လေးနှစ်တွင် သိသာလာမည်မဟုတ်ပေ။ ဆယ်စုနှစ်နှင့်ချီပြီး ကြာမြင့်လာပါမှ၊ ကင်ဆာညွှန်းကိန်းများ အတိအလင်းပေါ်ထွက်လာပါမှ သိနိုင်ကြမည်ဖြစ်သည်။

ကင်ဆာထိန်းချုပ်ရေးလုပ်ငန်းစဉ်များမှာလည်း အထက်-အောက် ညွှန်ကြားချက်ဖြင့် တာဝန်ကျေလုပ်ဆောင်ကြသည်မဟုတ်ဘဲ ပြည်သူလူထု ပါဝင်လှုပ်ရှားသည့် ကင်ဆာတိုက်ဖျက်ရေး၊ ကင်ဆာကြိုတင်ရှာဖွေရေး၊ အသိပညာပေးရေးလုပ်ငန်းစဉ်များ ဖြစ်ရန်လိုသည်။ ဥပမာပြရမည်ဆိုလျှင် ၂၀၁၁ ခုနှစ် ရဝမ်ဒါနိုင်ငံတွင် စတင်ခဲ့သည့် အမျိုးသားအဆင့် သားအိမ်ခေါင်းကင်ဆာကာကွယ်ထိုးဆေးစီမံချက်ဖြစ်သည်။ ထိုစီမံချက်သည် ၉၀ ရာခိုင်နှုန်းကျော် လျာထားချက်ပြည့်မီခဲ့သည်။ နိုင်ငံတော်အဆင့်မှမူဝါဒလမ်းညွှန်ချက်များချမှတ်ပေးနိုင်မှုနှင့်အောက်ခြေပြည်သူလူထုက ပူးပေါင်းဆောင်ရွက်မှုကြောင့် အောင်မြင်ခဲ့သည့် သာဓကတစ်ရပ်ဖြစ်သည်။

၂၀၀၅ ခုနှစ်အတွင်း ကျင်းပခဲ့သည့် ကမ္ဘာ့ကျန်းမာရေးအထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချက်များထဲမှာ နိုင်ငံအလိုက် မိမိအစီအစဉ်ဖြင့် ကင်ဆာရောဂါတိုက်ဖျက်ရေးစီမံချက်ကိုယ်စီရေးဆွဲထားကြရန်ဟူသည့်အချက်တစ်ချက်ပါဝင်သည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျန်းမာရေးကဏ္ဍဦးစားပေးအစီအစဉ်များ တူညီနိုင်မည်မဟုတ်ပေ။ နိုင်ငံအလိုက်ဖြစ်ပွားသည့် ရောဂါများအပေါ် မူတည်လျက် ကျန်းမာရေးမဟာဗျူဟာစီမံကိန်းများပြောင်းလဲသွားနိုင်သည်။ ကျန်းမာရေးကဏ္ဍဟူသည် တစ်မျိုးသားလုံး၏ အကျိုးစီးပွားဖြစ်သည်။

လက်ရှိအချိန်ထိ ကမ္ဘာ့နိုင်ငံပေါင်း ၁၅၀ ကျော်မှာ ကင်ဆာတိုက်ဖျက်ရေးစီမံချက်များရေးဆွဲထားပြီးဖြစ်သည်။ အနှစ်သာရပြည့်ဝပုံချင်း၊ အမှန်တကယ်ဆောင်ရွက်အကောင်အထည်ဖော်နေပုံချင်းတော့ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကွာဟချက်အလွန်များသည်။ ၄င်းစီမံချက်များ၏ ၁၀ ရာခိုင်နှုန်းမှာ ဆေးလိပ်နှင့် ဆေးရွက်ကြီးထိန်းချုပ်ရေးအစီအစဉ်များမပါ။ ၄၀ ရာခိုင်နှုန်းမှာ အရက်ကိုထိန်းချုပ်သည့်အစီအမံမပါ။ ၃၃ ရာခိုင်နှုန်းမှာ သားအိမ်ခေါင်းကာကွယ်ထိုးဆေးစီမံချက်များမပါဝင်သည်ကို တွေ့ကြရသည်။

နိုင်ငံအလိုက်ကင်ဆာတိုက်ဖျက်ရေးစီမံချက်များကိုလေ့လာကြည့်သည့်အခါ ကင်ဆာရောဂါကုသမှုသာတူညီမျှရရှိနိုင်ရေး ဆောင်ရွက်ထားချက်များ မပါဝင်သည်ကိုတွေ့ကြရသည်။ ကင်ဆာရောဂါတိုက်ဖျက်ရေးစီမံချက်များ၏ တိုးတက်မှုအခြေအနေကို စောင့်ကြည့်လေ့လာမည့်အစီအစဉ်ကိုလည်း ထည့်သွင်းမထားကြပေ။ တာဝန်ယူ၊ တာဝန်ခံမည့် အဖွဲ့အစည်းကိုလည်း တိတိပပဖော်ပြမထားသည်ကိုတွေ့ရသည်။ ခြုံငုံပြောရလျှင် ယနေ့နိုင်ငံအများစု၏ ကင်ဆာတိုက်ဖျက်ရေးစီမံချက်များမှာ စာရွက်ပေါ်တွင် အဖြစ်သဘောရေးသားထားသည့် စီမံချက်များဟုသာဆိုရမည်။

ကင်ဆာရောဂါများ၏ကမ္ဘာ့လူထုဝန်းကျင်အပေါ် ရိုက်ခတ်လာမည့်ဒဏ်ကို ရှောင်ရှားရန်ခက်သည်။ မကူးစက်နိုင်သည့်ရောဂါ (NCDs) များ၏ ဝင်ငွေနိမ့်နှင့် အလတ်စားနိုင်ငံများအပေါ် ရိုက်ခတ်မှုက အတော်လေးဖိစီးလာသည်။ သည်အထဲတွင် ကင်ဆာရောဂါများက ပိုဆိုးသည်။ ကင်ဆာကုသမှုများကို သာတူညီမျှရရှိနိုင်ကြစေရန် "လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်"ကို ပထမဆုံးတည်ဆောက်ထားရန်လိုသည်။ ဒုတိယအဆင့်အနေဖြင့် နိုင်ငံတော်အဆင့်ကင်ဆာရောဂါကြိုတင်ကာကွယ်ရေး၊ ကြိုတင်ရှာဖွေရေးစီမံချက်များအကောင်အထည်ဖော်ရန်လိုသည်။ ကင်ဆာရောဂါများအပေါ် ကမ္ဘာ့လူသားများက ထားရှိသည့်အမြင်များကို ပြုပြင်ပြောင်းလဲပြီး အာရုံစိုက်ကြရန် လိုအပ်နေပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

- **Global cancer: overcoming the narrative of despondency from Lancet Feb4,2023**

**ဒေါက်တာလွှမ်းမိုးဟန်**

# ကြံကြိတ်ခွဲရာသီ ယခုနှစ် ဖေဖော်ဝါရီလတွင် ကြံတစ်တန်လျှင် ငွေကျပ် ၉၅၀၀၀ ထိ ဈေးကောင်းရရှိနေ



**ပဲခူး ဖေဖော်ဝါရီ ၈**

ကြံကြိတ်ခွဲရာသီ ယခုနှစ် ဖေဖော်ဝါရီလတွင် ကြံတစ်တန်လျှင် ငွေကျပ် ၉၅၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း(ပဲခူးတိုင်းဒေသကြီး) ဧဟိုအလုပ်အမှုဆောင် ဦးသိန်းတင်ထူးထံမှ သိရသည်။

ကြံကြိတ်ခွဲရာသီအတွက် ကြံတစ်တန်လျှင် ငွေကျပ် ၈၀၀၀၀ နှုန်းဖြင့် ၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်းက သတ်မှတ်ခဲ့သော်လည်း ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် မိုင်းရယ်မြို့နယ်ရှိ မိုင်းရယ်သကြားစက်နှင့် ငွေရည်ပုလဲသကြားစက်တို့က ကြံတစ်တန်လျှင် ငွေကျပ် ၉၀၀၀၀ ထိ ထပ်မံတိုးမြှင့်သတ်မှတ်ပေးခဲ့ကြောင်း၊ လက်ရှိ နယ်စပ်ကုန်သွယ်ရေးဖြင့် တရုတ်နိုင်ငံသို့ ကြံတင်ပို့မှုမြင့်တက်နေသည့်အတွက် ယခုနှစ် ဖေဖော်ဝါရီလတွင် ကြံတစ်တန်လျှင် ငွေကျပ် ၉၅၀၀၀ ထိ ဈေးတိုးမြှင့်ပေးလာကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ် ကြံကြိတ်ခွဲရာသီက စက်ရုံအရောက် ကြံတစ်တန်ကို ငွေကျပ် ၅၀၀၀၀ ကနေ ၆၄၀၀၀ လောက်သာရှိခဲ့ပါတယ်။ အခုနှစ်မှာတော့ သကြားဈေးမြင့်သလို တရုတ်နိုင်ငံကို ကြံတင်ပို့မှုကလဲ မြင့်တက်နေတဲ့အတွက် ကြံတစ်တန်ကို ငွေကျပ် ၉၅၀၀၀ ထိ ဈေးရရှိနေတယ်။ တရုတ်နယ်စပ်ဂိတ်တွေ ပြန်ဖွင့်လိုက်ပြီးနောက် ပြင်ပကြံတင်ပို့မှုတိုးလာပြီး မြန်မာဘက်က ကြံတင်ယာဉ်မောင်းတွေက တရုတ်သကြားစက်ရုံတွေဆီ တိုက်ရိုက်တင်ပို့ခွင့်ရလို့ ကုန်စည်စီးဆင်းမှု ကောင်းနေပါတယ်"ဟု ဦးသိန်းတင်ထူးက ပြောပြသည်။

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုအနေဖြင့် တရုတ်နိုင်ငံသို့ ယခုနှစ်ကြံရာသီတွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကြံတန်ချိန် ၁၆၀၀၀၀ ကျော် တင်ပို့သွားမည်ဖြစ်ပြီး နေ့စဉ် ကြံတင်ယာဉ်အစီးရေ ၃၀၀ ကျော်ဖြင့် တရုတ်နိုင်ငံသို့ တိုက်ရိုက်တင်ပို့နေကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကြံကို စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် အများဆုံးစိုက်ပျိုးကြပြီး တစ်နှစ်လျှင် ကြံတန်ချိန် ငါးသိန်းခန့် ထွက်ရှိကြောင်း ဧဟိုအလုပ်အမှုဆောင် ဦးသိန်းတင်ထူးက ပြောပြ၍ သိရသည်။ ASH

# ပင်းတယမြို့နယ် ပင်စိမ်းပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပင်းတယ ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပင်စိမ်းပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) စိုက်ပျိုးထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဦးသီဟန်လင်း၊ စီမံကိန်းတာဝန်ခံနှင့် တာဝန်ရှိသူများက ပင်စိမ်းပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ဖြင့် တောင်သူ ၁၉ ဦးက နေကြာအပါအဝင် အခြားဆီထွက်သီးနှံ စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသဦးစီးမှူးက တောင်သူများနှင့်တွေ့ဆုံကာ လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပင်စိမ်းပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေဖြင့် နေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးသည့် တောင်သူများလိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန် အတိုးနှုန်းသက်သာစွာဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေကျပ်သိန်း ၁၀၀ ကို ထုတ်ချေးပေးခဲ့ရာ ယခုအခါ အဆိုပါရန်ပုံငွေများဖြင့် ကျေးရွာရှိ နေကြာစိုက်ဧက ၅၀ မှ တစ်ဧကလျှင် ၂၅ တင်းထွက်ရှိခဲ့ကြောင်း ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဦးသီဟန်လင်းထံမှ သိရသည်။ **ရိုးသန်းညွန့်**

# ဟိုင်းကြီးကျွန်းမြို့တွင် စားပိုဆောင်းသီးနှံ ၂၄၉၉ ဧက စိုက်ပျိုးပြီးစီး

**ငပုတော ဖေဖော်ဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားပိုဆောင်းသီးနှံ ၂၄၉၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားပိုဆောင်းသီးနှံ ၂၄၉၉ ဧကကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စိုက်ဧကအားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါဆောင်းသီးနှံများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးတဲ့ကာလမှာ စားပိုဆောင်းသီးနှံ လျာထားဧက ရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့ အသီးအနှံတွေကလဲ ပိုးမွှားအန္တရာယ်ကင်းရှင်းနေပြီး အပင်တွေလဲ အောင်မြင်ဖြစ်ထွန်းနေပါတယ်။ စားပိုဆောင်းသီးနှံတွေကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့နဲ့ ဈေးကွက်ဝင်သီးနှံတွေ၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကိုမစိုက်မီ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားပိုဆောင်းသီးနှံများမှာ ပန်းဂေါ်ဖီ၊ ကြက်သွန်နီ၊ နံနံပင်၊ မုန်လာ၊ ခရမ်းသီး၊ သခွားသီး၊ ကန်စွန်း၊ ကြက်ဟင်းခါးသီး၊ ပဲပုစွန်းသီးတို့ဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးပြီးသည့် သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးနှင့် အခြားအကြောင်းများကြောင့် ပျက်စီးလေလွင့်မှုမရှိစေရန် ပြန်လည်ရိတ်သိမ်းသည့်အချိန်ထိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့်တွေ့ဆုံကာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ပွင့်ဖြူမြို့နယ် ဂါတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ ဖေဖော်ဝါရီ ၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂါတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ပဉ္စမအကြိမ်ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဝေမာအောင်က ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေမည့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များအနေဖြင့် မိမိရပ်ရွာရှိ ဒေသခံပြည်သူများ တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုး လုပ်ငန်းများ ဖော်ဆောင်ရာ၌ ရန်ပုံငွေလေလွင့်ဆုံးရှုံးမှုမဖြစ်စေအောင် ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံကိန်းရန်ပုံငွေ စာရင်းဇယားများကို စနစ်တကျမှတ်တမ်းပြုစုထိန်းသိမ်းဆောင်ရွက် လုပ်ကိုင်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၁ ဒသမ ၁ သန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၄ ဦးကို ငွေကျပ် ၂၀ ဒသမ ၅၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၃ ဦးကို ငွေကျပ် ၁၉ ဒသမ ၉၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် သုည ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၁၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၁ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဝေမာအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# အောင်လံမြို့နယ် ရှာဟိုင်းကျေးရွာ၌ စက်ရေတွင်းတူးဖော်နိုင်ရေး မြေအောက်ရေတိုင်းတာမှုပြုလုပ်

**အောင်လံ ဖေဖော်ဝါရီ ၈**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှာပြင်းကျေးရွာအုပ်စု ရှာဟိုင်းကျေးရွာ၌ စက်ရေတွင်းတူးဖော်နိုင်ရေး မြေအောက်ရေ တိုင်းတာခြင်းကို ယနေ့နံနက် ၈ နာရီက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ မြေအောက်ရေတိုင်းတာမှုပြုလုပ်ရာတွင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့် တာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရှာဟိုင်းကျေးရွာ၌ စက်ရေတွင်းတူးဖော်နိုင်ရေးအတွက် မြေအောက်ရေအောင်းလွှာ တည်ရှိနိုင်မည့်နေရာကို သိရှိနိုင်ရန် မြေအောက်ရေတိုင်းတာမှုများ ပြုလုပ်ခဲ့ကြသည်။

ရှာဟိုင်းကျေးရွာ၌ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် တွင်းနက်စက်ရေတွင်းတူးဖော်ပေးရန် လျာထားခြင်းကြောင့် မြေအောက်ရေ တိုင်းတာရခြင်းဖြစ်ကြောင်း၊ အဆိုပါကျေးရွာ၌ စက်ရေတွင်းတူးဖော်နိုင်ပါက ရှာဟိုင်းကျေးရွာရှိ အိမ်ခြေ ၆၆ အိမ်၊ လူ ၁၃၂ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သောက်သုံးရေများ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက ပြောပြ၍ သိရသည်။ **ဖြူလေး**

# ကမ္ဘာ့အအေးဆုံးနေရာများ

နိုင်ဇင်

ကမ္ဘာပေါ်ရှိ အအေးဆုံးနေရာများသည် လူသားများနေထိုင်အခြေချရန်ခက်ခဲစေကာ ပြင်းထန်သော အစွန်းရောက်ရာသီဥတုများနှင့် ပြည့်နှက်နေလေ့ရှိသည်။ ကမ္ဘာပေါ်တွင် အပူဆုံး၊ အအေးဆုံးသောရာသီဥတုများရှိရာ အစွန်းရောက်နေရာများစွာရှိသည်။ ထိုနေရာများထဲမှ ကမ္ဘာပေါ်တွင် အပူချိန်အနိမ့်ဆုံးနေရာခေါ် အအေးဆုံးနေရာများကို ဗဟုသုတအနေဖြင့် ဖော်ပြသွားပါမည်။

**အန္တာတိကတိုက်ရှိVostok သုတေသနဦးစီးဌာန**

အန္တာတိကတိုက်ရှိ Vostokသုတေသနဦးစီးဌာနသည် ကမ္ဘာ့အအေးခဲဆုံးသောနေရာဖြစ်ပြီး တိုင်းတာမှုများအရ ၁၉၈၃ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့တွင် Vostok သုတေသနဦးစီးဌာန၏ ပတ်ဝန်းကျင်ရှိ အအေးဆုံးသောအပူချိန်ကိုမှတ်တမ်းတင်ခဲ့ရာ အအေးဆုံးသောအပူချိန်မှာ အနုတ် ၁၂၈ ဒသမ ၆ ဒီဂရီဖယ်ရင်ဟိုက်ဖြစ်ကြောင်း သိရသည်။ အန္တာတိကတိုက်ရှိVostokသည် ရုရှားနိုင်ငံပိုင် သုတေသနဦးစီးဌာနတစ်ခုဖြစ်ပြီး



၎င်းကို ၁၉၅၇ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ ရေတပ်အရာရှိ Fabian Von Bellingshausen ဦးစီးသောပထမဆုံး ရုရှားအန္တာတိတ်လေ့လာရေးခရီး၏ ဦးဆောင်သင်္ဘော Vostok ကို အစွဲပြု၍ အမည်ပေးခဲ့ခြင်းဖြစ်သည်။ Vostok သုတေသနဦးစီးဌာနသည် အရှေ့အန္တာတိကရေခဲလွှာအလယ်တွင်ရှိပြီး ပထဝီဝင်အရ တောင်ဝင်ရိုးစွန်းမှ ၁၃၀၁ ကီလိုမီတာ(၈၀၈ မိုင်) ခန့်အကွာတွင်ရှိသည်။ Vostok သည် တောင်ဝင်ရိုးစွန်းနှင့် တောင်ဘူမိသံလိုက်ဝင်ရိုးစွန်းအနီးတွင်တည်ရှိပြီး ၎င်းသည် ကမ္ဘာ၏သံလိုက်ဓာတ်ပြောင်းလဲမှုများကို စောင့်ကြည့်ရန် အကောင်းဆုံးနေရာများထဲမှ တစ်ခုဖြစ်သည်။ ၎င်းသုတေသနဦးစီးဌာနသည် ပင်လယ်ရေမျက်နှာပြင်အထက် ၃၄၈၈ မီတာ (၁၁၄၄၄ ပေ) တွင်ရှိပြီး အန္တာတိကတိုက်တွင် ထီးထီးကြီးဖြစ်နေသော သုတေသနစခန်းတစ်ခု ဖြစ်သည်။

**မွန်တားနားပြည်နယ်ရှိ Rogers Pass တောင်ကြား**

အမေရိကန်နိုင်ငံ မွန်တားနားပြည်နယ်ရှိ Rogers Pass တောင်ကြားသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၆၁၀ အမြင့်တွင်ရှိပြီး အမေရိကန်တွင် ဒုတိယအအေးဆုံးနေရာဟုဆိုကြသည်။ Rogers Pass Brithis Columbia ၏ Selkirk တောင်များကြားတွင်ရှိသော ထိုနေရာသည် အလွန်အေးသောနေရာများထဲမှတစ်ခုဖြစ်ပြီး ၎င်းတောင်ကြားတွင် Canadian Pacific Railway(CP) နှင့် Canada Trans-Canada အဝေးပြေးလမ်းများ ဖောက်လုပ်ထားသည်။ ၎င်းနေရာသည် အလယ်အပတ်ခရီးသွားများ လာရောက်လည်ပတ်လေ့ရှိသောနေရာဖြစ်ပြီး



၁၈၈၆ ခုနှစ်ကတည်းက အမျိုးသားသမိုင်းဝင်နေရာတစ်ခုအဖြစ် သတ်မှတ်ထားခဲ့ကြသည်။ The Pass အနောက်ဘက်တွင် Illecillewaet မြစ်နှင့် အရှေ့ဘက်တွင် Beaver မြစ်တို့ရှိသည်။ ၎င်းမြစ်များသည် မြောက်ဘက်သို့ ကွေ့ပတ်နေသော ကိုလံဘီယာမြစ်၏ မြစ်လက်တက်များဖြစ်သည်။ The Pass သည် အမေရိကန်၏ မှတ်တမ်းတင်ထားသော အအေးဆုံးနေရာများထဲကတစ်ခုဖြစ်ပြီး ၎င်းRogers Pass ၌ ၁၉၅၄ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ဖြတ်သန်းခဲ့သော ပြင်းထန်သည့်အအေးလှိုင်းသည် အနုတ် ၇၀ ဒီဂရီဖယ်ရင်ဟိုက် (အနုတ် ၅၇ ဒီဂရီစင်တီဂရိတ်) ထိရှိကြောင်း လေ့လာသိရှိရသည်။

**ယူကွန်းဒေသရှိ Fort Selkirk မြစ်ဆုံဒေသ**



Fort Selkirk မြစ်ဆုံဒေသသည် ကနေဒါနိုင်ငံ ယူကွန်းပြည်နယ်ရှိ ပယ်လီမြစ်နှင့် ယူကွန်းမြစ်နှစ်ခုဆုံရာ မြစ်ဆုံတွင်တည်ရှိပြီး ကုန်သွယ်ရေးဆိုင်ရာ နေရာတစ်ခုလည်းဖြစ်သည်။ ၁၉၅၀ ပြည့်နှစ်တွင် ထိုနေရာသည် အလွန်အေးသောအခြေအနေများကြောင့် တဖြည်းဖြည်းလူသူကင်းမဲ့ခဲ့ရသည်။ ယခုအခါတွင် လူသားများပြန်လည်နေထိုင်လာကြသော်လည်း လမ်းပန်းဆက်သွယ်ရေးမှာ ခက်ခဲလျက်ပင်ဖြစ်သည်။ ခရီးသွားဧည့်သည်အများစုသည် ထိုနေရာသို့ စက်လှေ သို့မဟုတ် လေယာဉ်ဖြင့်သာသွားလာ၍ရကြသည်။ ၎င်းမြစ်ဆုံဒေသ၏ အအေးဆုံးလမှာ ဇန်နဝါရီလဖြစ်ပြီး ထိုအချိန်တွင်ဖြစ်ပေါ်နေသော အနိမ့်ဆုံးအပူချိန်မှာ အနုတ် ၇၄ ဒီဂရီဖယ်ရင်ဟိုက်ဖြစ်သည်။

**အလက်စကာပြည်နယ်ရှိ Prospect ချောင်းစွယ်**


Prospect ချောင်းစွယ်သည် အမေရိကန်နိုင်ငံရှိ အအေးဆုံးနေရာဖြစ်သည်။ ၎င်းသည် Fairbanks မြို့၏မြောက်ဘက် မိုင် ၁၈၀ ခန့်အကွာနှင့် လက်ရှိ Bettles မြို့၏ အရှေ့တောင်ဘက် ၂၅ မိုင်အကွာ



တွင် တည်ရှိသည်။ ၎င်းချောင်းစွယ်ဒေသအနီးတွင် အာတိတ်ဒေသကဲ့သို့ အေးခဲလွန်းသောရာသီဥတုမျိုးရှိသည်။ ဆိုလိုသည်မှာ ဆောင်းရာသီသည် ကာလကြာရှည်ပြီး နွေရာသီကာလသည် အလွန်တိုတောင်းသည့်အတွက်ဖြစ်သည်။ ရာသီဥတုဆိုးရွားလွန်းသဖြင့် နေထိုင်သူဦးရေလည်း နည်းပါးလွန်းလှသည်။ အနိမ့်ဆုံးအပူချိန်သည် အနုတ် ၈၀ ဒီဂရီဖယ်ရင်ဟိုက် (အနုတ် ၆၂ ဒီဂရီစင်တီဂရိတ်)ရှိကြောင်း သိရသည်။ Prospect ချောင်းစွယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၆၄၃ ပေ (၁၉၆ မီတာ) တွင်တည်ရှိပြီး မိုင်းတွင်းလေ့လာရေးခရီးသွားများ များစွာလေ့လာလည်ပတ်လေ့ရှိသောနေရာဖြစ်သည်။

**ဂရင်းလန်းကျွန်းရှိ Eismitte ဒေသ**

Eismitteဒေသသည် ဂျာမနီကဲ့သို့ Ice-Center ဟု အဓိပ္ပာယ်ရသည်။ ထိုနေရာသည် ဂရင်းလန်း၏အတွင်းပိုင်း အာတိတ်ဘက်ခြမ်းတွင် တည်ရှိပြီး Eismitte နေရာတိုင်းတွင် ရေခဲများရှိနေသောကြောင့် Mid-Ice သို့မဟုတ် Center-Ice ဟုခေါ်ကြခြင်းဖြစ်သည်။ လေ့လာရေးခရီးသွားများ၏မှတ်တမ်းတင်ထားသော အအေးဆုံးအပူချိန်မှာ အနုတ် ၆၉ ဒသမ ၉ ဒီဂရီစင်တီဂရိတ်(အနုတ် ၈၅ ဒီဂရီဖယ်ရင်ဟိုက်) ဖြစ်သည်။ Eismitteသည် မြောက်ကမ္ဘာခြမ်းခေါ် မြောက်ဝင်ရိုးစွန်းရှိ အအေးဆုံး နေရာများထဲမှတစ်ခုဖြစ်သည်။ Eismitte ကိုသွားကာ လေ့လာမှတ်တမ်း တင်ထားသည့် အပူဆုံးအပူချိန်မှာ အနုတ် ၁ ဒသမ



၈ ဒီဂရီစင်တီဂရိတ် (၂၈ ဒသမ ၈ ဒီဂရီဖယ်ရင်ဟိုက်) ဖြစ်သည်။

**ဂရင်းလန်းရှိ North Ice**

North Ice ဂရင်းလန်းကျွန်း၏ ကုန်းတွင်းပိုင်းရေခဲပြင်ပေါ်တွင် တည်ရှိသော သုတေသနဌာနဟောင်းတစ်ခုဖြစ်ပြီး ကမ္ဘာ့အအေးဆုံးနေရာ



များစာရင်းတွင်လည်းပါရှိသည်။ North Ice၏ မှတ်တမ်းတင်ထားသော အနိမ့်ဆုံးအပူချိန်မှာ အနုတ် ၈၆ ဒသမ ၈ ဒီဂရီဖယ်ရင်ဟိုက်ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၂၃၄၁ မီတာ (ပေ ၇၆၈၀) တွင်တည်ရှိပြီး တစ်ချိန်က သုတေသနစခန်းတစ်ခုဖြစ်ခဲ့သည်။

**ရုရှားနိုင်ငံရှိ Verkhoyansk မြို့**

Verkhoyansk မြို့သည် ကမ္ဘာပေါ်တွင် အအေးဆုံးနိုင်ငံဖြစ်သော ရုရှားနိုင်ငံ၌တည်ရှိပြီး ရုရှား၏ ဒုတိယအအေးဆုံးနေရာလည်းဖြစ်သည်။ ၎င်းမြို့သည် ဆောင်းရာသီတွင် အလွန်နိမ့်ကျသောအပူချိန်ရှိပြီး ကမ္ဘာပေါ်ရှိ နွေရာသီနှင့် ဆောင်းရာသီကြား အပူချိန်ကွာခြားချက်ကို ထင်ရှားစွာသိမြင်နိုင်စေသော နေရာလည်းဖြစ်သည်။ Verkhoyansk မြို့သည် မြောက်ဝင်ရိုးစွန်း၏ အအေးဆုံးနေရာများဟု သတ်မှတ်ထားသည့် နေရာများထဲမှတစ်ခုဖြစ်ပြီး ၁၈၉၂ ခုနှစ် ဖေဖော်ဝါရီလတွင် မှတ်တမ်းတင်ထားခဲ့သော မြို့၏အနိမ့်ဆုံးအပူချိန်မှာ အနုတ် ၆၉ ဒသမ ၈ ဒီဂရီစင်တီဂရိတ် (အနုတ် ၉၃ ဒသမ ၆ ဒီဂရီဖယ်ရင်ဟိုက်) ဖြစ်သည်။ ၎င်းမြို့တွင် နေထိုင်သောစုစုပေါင်းလူဦးရေမှာ ၁၃၁၁ ဦးဖြစ်သည်။ ၎င်းတွင် လေဆိပ်တစ်ခု၊ မြစ်ဆိပ်တစ်ခု၊ သားမွေးများစုဆောင်းသည့် ဒိုင်တစ်ခုနှင့် သမင်အုပ်မွေးမြူသည့်နေရာ၏ ဗဟိုချက်လည်းဖြစ်သည်။ Verk-



hoyansk မြို့၏အပူချိန်သည် အပူဆုံးအချိန်တွင် ၃၈ ဒီဂရီစင်တီဂရိတ် (၁၀၀ ဒသမ ၄ ဒီဂရီဖယ်ရင်ဟိုက်) ဖြစ်သဖြင့် ဂင်းနစ်ကမ္ဘာ့စံချိန်ကို ရရှိထားကြောင်း သိရသည်။

**The top coldest places on Earth ကိုဘာသာပြန်ဆိုသည်။**

**လင်းလက်**

# အဂတိကင်းစင်ဖို့ ကျင့်ဝတ်လိုက်နာကြပါစို့

**ပြည်သူ့အတွက်ဖြစ်စေလို**

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာသက်ဝင်လှုပ်ရှားစေရေး ဆောင်ရွက်နေကြရသူများဖြစ်သကဲ့သို့ ပြည်သူ့အကျိုးစီးပွားအတွက် နိုင်ငံတော်ကချမှတ်ထားသော မူဝါဒများကို အကောင်အထည်ဖော်ပေးနေသူများပင်ဖြစ်သည်။ "အစိုးရနှင့် ပြည်သူကြားက ပေါင်းကူးတံတားလေးများ"ဟုတင်စားလေ့ရှိသည့် နိုင်ငံ့ဝန်ထမ်းများသည် လုပ်ငန်းတာဝန်များ ထမ်းဆောင်ကြရာတွင် အများပြည်သူအကျိုးဦးတည်က အဂတိတရားကင်းရှင်းစွာဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံတော်နှင့် ပြည်သူအတွက် များစွာအကျိုးရှိသည်။

**ကျင့်ဝတ်လိုက်နာကြစေလို**

၂၀၀၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်အမှတ် (၅၈/၄)အရ ပြဋ္ဌာန်းခဲ့သည့် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း အပိုဒ်(၈)၊ အပိုဒ်ခွဲ(၂)တွင် "အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၎င်းတို့၏ အဖွဲ့အစည်းဆိုင်ရာနှင့် ဥပဒေပြုခြင်းဆိုင်ရာစနစ်များအတွင်းမှ အများပြည်သူဆိုင်ရာ လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် တိကျမှန်ကန်မှု၊ ရိုးသားဖြောင့်မတ်မှု၊ သင့်တင့်မျှတမှုတို့ဖြင့်ဆောင်ရွက်နိုင်ရေး ကျင့်ဝတ် သို့မဟုတ် ကျင့်ဝတ်စံတန်ဖိုးများကို ကျင့်သုံးနိုင်ရေးကြိုးပမ်းရမည်" ဟု အဖွဲ့ဝင်နိုင်ငံများသို့ တိုက်တွန်းထားသည်။

နိုင်ငံ့ဝန်ထမ်းကဏ္ဍ၌ အဂတိလိုက်စားမှုကင်းစင်ရေးအတွက် ကျင့်ဝတ်ချမှတ်လိုက်နာစေခြင်းသည် အရေးကြီးသည်ကို ကွန်ဗင်းရှင်းက ထောက်ပြခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ကွန်ဗင်းရှင်းသို့ ၂၀၁၂ ခုနှစ်တွင် ဝင်ရောက်ထားသည်ကို တွေ့ရပြီး နိုင်ငံ့ဝန်ထမ်းကဏ္ဍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ဘက်ပေါင်းစုံက ဆောင်ရွက်နေသည်ကို တွေ့ရသည်။ ၂၀၁၄ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်နေသကဲ့သို့ အများပြည်သူဆိုင်ရာအုပ်ချုပ်ရေးကဏ္ဍတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူမှုမြင့်မားတိုးတက်လာစေရန်နှင့် ကျင့်ဝတ်စောင့်ထိန်းသောဝန်းကျင်ကောင်းများပေါ်ထွန်းလာစေရေး ဆောင်ရွက်မှုများကို တွေ့ရသည်။

**ဓါးဝတ်ပုဆိုးကဲ့သို့ မြဲစေလို**

ကျင့်ဝတ်ဆိုသည်မှာ လူတစ်ဦး၏ ပင်ကိုဗီဇနှင့် ဆက်နွယ်မှုရှိသည်ဟု ဆိုနိုင်သော်လည်း ကျင့်ဝတ်သိက္ခာစောင့်ထိန်းသူတစ်ဦး ဖြစ်စေရေးအတွက်မူ စည်းမျဉ်းများဖြင့် ထိန်းကျောင်းတည့်မတ်ပေးရသည်။ လုပ်ငန်းနယ်ပယ်အလိုက် သတ်မှတ်ပြဋ္ဌာန်းထားသည့် ကျင့်ဝတ်များရှိသည်။ အများပြည်သူဆိုင်ရာကဏ္ဍရှိ နိုင်ငံ့ဝန်ထမ်းများသည် ပုဂ္ဂလိကကဏ္ဍမှ ဝန်ထမ်းများထက် ကျင့်ဝတ်သိက္ခာပိုမိုစောင့်ထိန်းရန်လိုအပ်သည်။ နိုင်ငံ့ဝန်ထမ်းအားလုံးကျင့်ဝတ်သိက္ခာ စောင့်ထိန်းသူများဖြစ်ပါက နိုင်ငံတော်၏ယန္တရားတစ်ခုလုံး ကောင်းမွန်စွာလည်ပတ်ပြီး အစိုးရအပေါ် ပြည်သူ၏ယုံကြည်စိတ်ချမှု တိုးပွားလာနိုင်မည်ဖြစ်သည်။

**အဂတိလိုက်စားမှုဆိုသည်မှာ**

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ-၃(က)(၁)တွင် မည်သူမဆိုရာထူးတာဝန်ကို အလွဲသုံးစားပြု၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ တစ်စုံတစ်ရာကိုပြုလုပ်ရန် သို့မဟုတ် ဥပဒေနှင့်အညီပြုလုပ်ခြင်းမှရှောင်ကြဉ်စေရန် သို့မဟုတ် တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီရထိုက်သောအခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီရထိုက်ခွင့်မရှိသောအခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီရထိုက်သောအခွင့်အရေးကို မမှန်မကန်ပိတ်ပင်ရန်အတွက် တံစိုးလက်ဆောင်ကို တစ်ဦးတစ်ယောက်အား ပေးခြင်း၊ ပေးရန်အားထုတ်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှ လက်ခံခြင်း၊ ရယူခြင်းနှင့် ရယူရန်အားထုတ်ခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့်ပြုလုပ်ခြင်း၊

ပုဒ်မ-၃(က) (၂)တွင် မည်သူမဆို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အများပြည်သူဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း၏ ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ်စီမံဆောင်ရွက်သည့်လုပ်ငန်းစဉ်တွင်ဖြစ်စေ၊ ယင်းတို့၏ပိုင်ဆိုင်မှုကိုတောင်းခံခြင်း၊ ရယူခြင်း၊ စီမံခန့်ခွဲခြင်း၊ ရှင်းလင်းဖျက်သိမ်းခြင်းပြုရာတွင်ဖြစ်စေ၊ ယင်းတို့နှင့်သက်ဆိုင်မှုရှိသောသဘောတူစာချုပ်တစ်ခုတွင် ပါဝင်ခြင်း၊ စီမံဆောင်ရွက်ခြင်းပြုရာတွင်ဖြစ်စေ တည်ဆဲဥပဒေ၊ စည်းမျဉ်း၊

**❖ ကျင့်ဝတ်ဆိုသည်မှာ လူတစ်ဦး၏ ပင်ကိုဗီဇနှင့်ဆက်နွယ်မှုရှိသည်ဟုဆိုနိုင်သော်လည်း ကျင့်ဝတ်သိက္ခာစောင့်ထိန်းသူတစ်ဦးဖြစ်စေရေးအတွက်မူ စည်းမျဉ်းများဖြင့်ထိန်းကျောင်းတည့်မတ်ပေးရသည်။ လုပ်ငန်းနယ်ပယ်အလိုက် သတ်မှတ်ပြဋ္ဌာန်းထားသည့်ကျင့်ဝတ်များရှိသည်။ အများပြည်သူဆိုင်ရာကဏ္ဍရှိ နိုင်ငံ့ဝန်ထမ်းများသည် ပုဂ္ဂလိကကဏ္ဍမှဝန်ထမ်းများထက် ကျင့်ဝတ်သိက္ခာပိုမိုစောင့်ထိန်းရန်လိုအပ်သည်။ နိုင်ငံ့ဝန်ထမ်းအားလုံးကျင့်ဝတ်သိက္ခာစောင့်ထိန်းသူများဖြစ်ပါက နိုင်ငံတော်၏ယန္တရားတစ်ခုလုံးကောင်းမွန်စွာလည်ပတ်ပြီး အစိုးရအပေါ် ပြည်သူ၏ယုံကြည်စိတ်ချမှုတိုးပွားလာနိုင်မည်ဖြစ်သည်။ ❖**

စည်းကမ်း၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့်ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေခြင်းဟူ၍ ပြဋ္ဌာန်းထားသည်။

**ကျောသားရင်သားမခွဲခြား**

ဥပဒေသည် ကျောသားရင်သား မခွဲခြားပေ။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များထမ်းဆောင်ကြရာတွင် "တံစိုးလက်ဆောင်ပေးခြင်း၊ ပေးရန် အားထုတ်ခြင်း၊ လက်ခံခြင်း၊ ရယူခြင်းနှင့် ရယူရန်အားထုတ်ခြင်း"တို့ ဆောင်ရွက်ခြင်းကြောင့်လည်းကောင်း၊ "နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့်ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေခြင်း"တို့ကြောင့်လည်းကောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရအရေးယူခံရသည်ကို တွေ့ရသည်။

**ကျင့်ဝတ်လိုက်နာအေးကင်းကွာ**

ကျင့်ဝတ်အခန်း (၁)၊ အပိုဒ်(၁)တွင် နိုင်ငံ့ဝန်ထမ်းများ လိုက်နာရမည့်တာဝန်များကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ-၁၀ (စ)နှင့်အညီ ပြဋ္ဌာန်းထားသည်ကိုတွေ့ရသည်။ အပိုဒ် ၁ (ဈ)တွင် "ဝန်ထမ်းများအနေဖြင့် လာဘ်ပေးလာဘ်ယူပြုခြင်း"၊ အပိုဒ်၇(ဌ) တွင် "လာဘ်ပေးလာဘ်ယူပြုခြင်း၊ တံစိုးလက်ဆောင်ပေးခြင်း သို့မဟုတ် တံစိုးလက်ဆောင်ယူခြင်း"၊ ၇(ဍ) တွင် "တာဝန်အရဆောင်ရွက်ရန်ရှိသည့်အလုပ် သို့မဟုတ် ပြုလုပ်ပေးခဲ့ရသည့်လုပ်ငန်းအတွက် ငွေကြေးအပါအဝင် အကျိုးခံစားခွင့်တစ်ခုခုကို တောင်းခံခြင်း၊ ရယူခြင်း၊ လက်ခံရန်သဘောတူခြင်း"နှင့် ၇(ဏ) တွင် "မိမိကဖြစ်စေ၊ အခြားဝန်ထမ်းတစ်ဦးကဖြစ်စေ အမှုကိစ္စတစ်ခုကို မတရားသောနည်းလမ်းများဖြင့် ဆောင်ရွက်ပေးရန်အတွက် ငွေကြေးအပါအဝင်အကျိုးခံစားခွင့်တစ်ခုခုကို တောင်းခံခြင်း၊ ရယူခြင်း၊ လက်ခံရန်သဘောတူခြင်း"တို့ကို ရှောင်ကြဉ်ရန် ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။ ထိုပြဋ္ဌာန်းချက်များကိုသာ တိကျစွာလိုက်နာမည်ဆိုပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ-၃(က)(၁)အရ အရေးယူခံရမည့်ကိစ္စရပ်များ ဖြစ်ပေါ်လာနိုင်မည်မဟုတ်ပေ။

ထို့ပြင် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များထမ်းဆောင်ကြရာတွင် ကျင့်ဝတ်အပိုဒ် ၁(ဃ) အရ "နိုင်ငံတော်ပိုင်ပစ္စည်း၊ နိုင်ငံတော်ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် အလွဲသုံးစားမပြုစေရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ရန်"၊ ၆(ခ) အရ"မိမိ၏ပေါ့ဆမှုကြောင့်ဖြစ်စေ၊ လုပ်ငန်းဆိုင်ရာစည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ညွှန်ကြားချက်များကို မလိုက်နာမှုကြောင့်ဖြစ်စေ နိုင်ငံတော်ဘဏ္ဍာငွေ သို့မဟုတ် နိုင်ငံပိုင်ပစ္စည်းဆုံးရှုံးပျက်စီးခြင်းမဖြစ်စေရေးအတွက် အလေးထားဆောင်ရွက်ရန်"၊ ၆(ဂ)အရ "ဥပဒေနှင့်အညီထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်ရန်"ဟု သတ်မှတ်ပြဋ္ဌာန်းထားသည်။ ထိုပြဋ္ဌာန်းချက်များကိုသာ တိကျစွာလိုက်နာမည်ဆိုပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ-၃(က)(၂)အရ အရေးယူခံရမည့်ကိစ္စရပ်များ ဖြစ်ပေါ်လာနိုင်မည်မဟုတ်ပေ။

**နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာစံတန်ဖိုးများ**

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အတတ်ပညာပိုင်းဆိုင်ရာပြည့်စုံပြီး ဘက်လိုက်မှုကင်းရှင်းစွာဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အဂတိလိုက်စားမှုကင်းရှင်းစွာဆောင်ရွက်နိုင်ရေး ပြည်ထောင်စုရာထူးဝန်အဖွဲ့က ၂၀၂၁ ခုနှစ် မေ ၂၈ရက်တွင် "နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာစံတန်ဖိုးများ"ကို ထုတ်ပြန်ခဲ့သည်။

နိုင်ငံ့ဝန်ထမ်းတိုင်းလိုက်နာရမည်ဖြစ်ပြီး ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် ကျင့်ဝတ်စံတန်ဖိုးများ အပိုဒ် ၁၄(က)အရ "အဂတိတရားကင်းရှင်းစွာ အချိန်နှင့်တစ်ပြေးညီဝန်ဆောင်မှုပေးရမည်"၊ အပိုဒ် ၁၄(ခ)အရ "ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ အခါအားလျော်စွာထုတ်ပြန်သည့် ဒေသန္တရဆိုင်ရာအမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်"၊ အပိုဒ် ၁၄(ဂ) အရ"ဘက်လိုက်မှုကင်းရှင်းရမည့်အပြင် အများပြည်သူ အထင်အမြင်လွဲမှားစေနိုင်သည့်အပြုအမူ၊ အပြောအဆိုတို့ကိုလည်း ရှောင်ကြဉ်ရမည်"ဖြစ်သည်။

**ခံမြဲဖြစ်စေရေး**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိရာတွင် ကော်မရှင်အပေါ် အများပြည်သူ၏ ယုံကြည်မှုပိုမိုခိုင်မာလာကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပြည်သူလူထုပူးပေါင်းပါဝင်လာစေရေးရှေးရှု၍ "ဖြောင့်မတ်တည်ကြည်မှု၊ လွတ်လပ်စွာရပ်တည်နိုင်မှု၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှု၊ မျှတမှု၊ အားလုံးပါဝင်နိုင်မှု" စသည့် အခြေခံမူခြောက်ချက်ပါဝင်သော ကော်မရှင်ကျင့်ဝတ်ကို ၂၀၁၈ ခုနှစ် မေ ၃ ရက်တွင် ရေးဆွဲပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။

ကော်မရှင်အဖွဲ့ဝင်နှင့် ကော်မရှင်ရုံးဝန်ထမ်းများသည် လုပ်ငန်းတာဝန်များထမ်းဆောင်ကြရာတွင် ကျင့်ဝတ်ပါမျှတမှုစံနှုန်းများနှင့်အညီ ဆုံးဖြတ်ချက်များကို "မျှတမှုရှိခြင်း၊ အရည်အချင်းရှိခြင်း၊ ဘက်လိုက်မှုကင်းခြင်း"စံနှုန်းတို့ဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ထိခိုက်နစ်နာမှုများကို လျော့နည်းလာစေရေးဦးတည်သည့်ဆုံးဖြတ်ချက်များကိုသာ ချမှတ်ဆောင်ရွက်ရသည်။

**ကျင့်ဝတ်လိုက်နာခြင်းဖြင့် အဂတိကင်းစေရန်**

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင်ကျင့်ဝတ်စောင့်ထိန်းသော၊ အဂတိတရားကင်းစင်သော နိုင်ငံ့ဝန်ထမ်းများဖြစ်လာစေရေးနှင့် ပြည်သူလူထု၏လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီဝန်ဆောင်မှုပေးရာတွင် ကျင့်ဝတ်စံတန်ဖိုးများလိုက်နာကာ အဂတိတရားကင်းစင်စွာဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် အစိုးရဌာနအဖွဲ့အစည်းများ ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များကို ဝန်ကြီးဌာန၊ အဖွဲ့အစည်းအားလုံးတွင် ဖွဲ့စည်းထားရှိဆောင်ရွက်နေသကဲ့သို့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များတွင်ပါ ဖွဲ့စည်းနိုင်ရေးဆောင်ရွက်နေသည်ကို တွေ့ရသည်။

ထို့ပြင် အောက်ခြေ ရုံး၊ ဌာနခွဲများသို့ ဝန်ဆောင်မှုလာရောက်ရယူသည့် ပြည်သူ့ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ ထားရှိသည့်သဘောထားကို သိရှိနိုင်ရန် ပြည်သူလူထု၏ တယ်လီဖုန်းများသို့ Short Code "1111" အသုံးပြု၍ SMS ပေးပို့မေးမြန်းသည့် "အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်"ကိုလည်း ဆောင်ရွက်နေသည်ကိုတွေ့ရသည်။ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ၏ ရည်ရွယ်ချက်မှာ ဝန်ထမ်းများကျင့်ဝတ်ဖောက်ဖျက်မှုများကို အချိန်မီတားဆီးနိုင်ရန်နှင့် ကိုင်တွယ်ဖြေရှင်းနိုင်ရေး ဦးတည်ချက်ထားသည်ကို တွေ့ရသည်။

**ကျင့်ဝတ်လိုက်နာခြင်းမှသည်**

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၁၆၂၊ နည်းဥပဒေခွဲ(ဃ)အရ ဝန်ထမ်းများအနေဖြင့်"ဥပဒေနှင့်အညီထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကိုလိုက်နာရန်ပျက်ကွက်"ပါက နည်းဥပဒေ ၂၁၀ ပါ ပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ခံရနိုင်သည်ဖြစ်သဖြင့် ကျင့်ဝတ်ပါပြဋ္ဌာန်းချက်များကိုချိုးဖောက်ပါက နိုင်ငံ့ဝန်ထမ်းနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူခံရနိုင်သည်။

ကျင့်ဝတ်ပါ ပြဋ္ဌာန်းချက်များကို တိကျစွာလိုက်နာနိုင်မည်ဆိုပါက လုပ်ငန်းတာဝန်များကို အဂတိတရားကင်းရှင်းစွာဆောင်ရွက်နိုင်မည်ဖြစ်က ဥပဒေအရ အရေးယူခံရနိုင်သည့်ဘေးမှလည်း ကင်းလွတ်နိုင်မည်ဖြစ်ပြီး "ကျင့်ဝတ်လိုက်နာခြင်းမှသည် အဂတိတရားကင်းစင်သော၊ ဖြောင့်မတ်တည်ကြည်မှုရှိသောနိုင်ငံ့ဝန်ထမ်းကဏ္ဍ"ကို ဖန်တီးပုံဖော်နိုင်မည်ဖြစ်သဖြင့် "အဂတိကင်းစင်ဖို့ ကျင့်ဝတ်လိုက်နာကြပါစို့"ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။

**ကိုးကား**


- **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ "နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်"၊ ၂၀၁၇။**
- **မြန်မာနိုင်ငံ၊ "အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ"၊ ၂၀၁၈။**
- **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ "နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာစံတန်ဖိုးများ"၊ ၂၀၂၁။**
- **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ "နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ"၊ ၂၀၂၀။**
- **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ "ကျင့်ဝတ်"၊ ၂၀၁၈။**

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် အလှူငွေထည့်ဝင်လှူဒါန်းပေးနိုင်ပါရန် အသိပေးနှိုးဆော်ခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိ မြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော်သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီလ ၂၇ ရက်တွင် ပြုလုပ်ခဲ့သည်။

၂။ ထို့ပြင် ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံ ထည့်သွင်း သွင်းလှူပူဇော်ခြင်းကို ဖေဖော်ဝါရီလ ၈ ရက်နေ့အထိ လှူဒါန်းမှုများအား လက်ခံခဲ့ပြီး အဆိုပါ ၈ ရက်နေ့ နောက်ပိုင်းတွင် ကြိုတင်ပြင်ဆင်ရန် လုပ်ငန်းများရှိပါသဖြင့် အဖိုးတန်ကျောက်မျက် ရတနာများ၊ ဌာပနာပစ္စည်းများကို လက်ခံခြင်းမရှိတော့ဘဲ လှူဒါန်းငွေများကိုသာ လက်ခံသွားမည်ဖြစ်ပါ ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည် -


**ဆက်သွယ်ရန် –**

**၁။ ဦးတင်မောင်စိုး၊ ၀၉–၂၅၀၈၆၂၁၅၈**

**၂။ ဒုတိယဗိုလ်မှူးကြီးဟန်ဝင်းထွန်း၊ ၀၉–၂၀၉၉၀၇၉**

**၃။ ဦးစိုးဟိန်းနောင်၊ ၀၉–၆၉၅၀၀၈၆၈၀**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**








## ဖနီးအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဥယျာဉ်တော်ကျေးရွာအုပ်စု၊ သရက်တန်းကျေးရွာနေ ဦးဇော်ခင်(ဘ)ဦးမောင်ကြီး(၉/အမရ(နိုင်)၁၁၂၄၅၇) ကိုင်ဆောင်သူ၏ဇနီးဖြစ်သူ ဒေါ်မဥ္ဇူသင်း(ဘ)ဦးတင်အောင်(၉/တတဥ(နိုင်)၀၇၅၇၄၅)ကိုင်ဆောင်သူသည် ကျွန်တော် လုံးဝခွင့်မလွှတ်နိုင်သောကိစ္စကို အကြိမ်ကြိမ်ကျူးလွန်ခဲ့ပြီး (၃-၂-၂၀၂၃)ရက်နေ့တွင် ကျွန်တော့်အား အသိပေးခြင်းမရှိဘဲ နေအိမ်မှ မိမိသဘောဆန္ဒအလျောက် ဆင်းသွားပါ၍ ယနေ့မှစ၍ ဒေါ်မဥ္ဇူသင်း အား ဇနီးအဖြစ်မှ အပြီးတိုင်စွန့်လွှတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအရှုပ်အရှင်းမှန်သမျှသည် ကျွန်တော်နှင့် မည်သို့မျှမသက်ဆိုင်ပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်ခင်(၉/အမရ(နိုင်)၁၁၂၄၅၇)**

## ဝန်ထမ်းအလိုရှိသည်

**Kedia Lights** လျှပ်စစ်ဆိုင်တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

(၁) **ဆိုင်ကူ+ယာဉ်မောင်း** ကျား (၁-ဦး)
- ယာဉ်မောင်းလိုင်စင်ရှိရမည်၊
- ကားမောင်းကျွမ်းကျင်ရမည်။
-လစာ ၂၀၀၀၀၀/- ရက်မှန်ကြေး ၂၀၀၀၀

(၂) **Electronic ပိုင်း Circuit ပိုင်းကျွမ်းကျင်+ဆိုင်ကူ** ကျား(၁-ဦး)
- လစာ ၂၀၀၀၀၀/- ရက်မှန်ကြေး ၂၀၀၀၀

လိုအပ်သောစာရွက်စာတမ်းများယူဆောင်၍ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

**No.283, 81, (26×27),Mandalay**

ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



**စာအုပ်စာပေ လူ့မိတ်ဆွေ**

## မွေးသက္ကရာဇ်အမှန်

(အဘ)ဦးကျော်မြင့် ၏သမီးဖြစ်သူ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အထက(၃၂)မှ ဒေါ်စန်းစန်းထူး (ဒုလယ်ပြ) (၉/ပကခ(နိုင်)၀၂၄၃၇၉)၏ မွေးသက္ကရာဇ်အမှန်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ ၉-၃-၁၉၈၂ (တစ်ထောင့်ကိုးရာရှစ်ဆယ့်နှစ် ခုနှစ်၊ မတ်လ၊ ကိုးရက်) ဖြစ်ပါကြောင်း။

**၉-၃-၁၉၈၂**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ (၄၄၄)ရပ်ကွက်၊ ဒေါနခြံနေ ဦးစိုးတင့် - ဒေါ်တင်လှ တို့၏သားဖြစ်သူ **မောင်စိုးထွန်းမင်း (ခ) ထွန်းထွန်း (TZI-၁၅၃၈၄၂)** သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးစိုးတင့် (၉/သစန(နိုင်)၀၀၇၅၆၉)**
**ဒေါ်တင်လှ (၉/သစန(နိုင်)၀၀၇၅၄၇)**

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးထက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံစီးပွား မြှင့်တင်ရေးရန်ပုံငွေများ မတည်ထူထောင်ပေးခဲ့ပြီး ကျန်ရှိသည့်ငွေများမှ MSME လုပ်ငန်းများနှင့် မွေးမြူရေးကဏ္ဍမြှင့်တင်ရေးအတွက် ဆောင်ရွက်ပေးရန် ရည်မှန်းထား...

❖ MSME လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက စည်းမျဉ်းစည်းကမ်းများရေးဆွဲ၍ ငွေကြေးများ ချေးငှားပေးရန် အဆင်သင့်ရှိ...

**(အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံအမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာတာဝန်ရှိသူများကို ပုသိမ်လေဆိပ်ဧည့်ခန်းမဆောင်၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la



Phone; 09973037364(Office), 09971922346(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar